ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၈ ရက်၊ အင်္ဂါနေ့။ Tuesday 22 May 2018 ၉၂၉၄

**နှစ်နိုင်ငံအကြား နယ်ပယ်စုံ၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရခိုင်ပြည်နယ်အရေး ကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**



သတင်း စာမျက်နှာ - ၃

ဝန်ကြီးဌာန သုံးခု၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်

စာမျက်နှာ - ၁၀

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ တပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေး နယ်စပ်မျဉ်းအနီး နေထိုင်သူများကိစ္စ မြန်မာဘက်မှ တရားဝင်ကန့်ကွက်

စာမျက်နှာ - ၁၁

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

စာမျက်နှာ - ၁၅



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကာတာစင်တာ၏ အမှုဆောင်အရာရှိချုပ် သံအမတ်ကြီးဟောင်း Ms. Mary Ann Peters အား လက်ခံတွေ့ဆုံစဉ်။

# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ကြိုးပမ်းဆောင်ရွက်မှုတွင် ပံ့ပိုးကူညီရေး ဆွေးနွေး

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကာတာစင်တာ အမှုဆောင်အရာရှိချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကာတာစင်တာ၏ အမှုဆောင်အရာရှိချုပ် သံအမတ်ကြီးဟောင်း Ms. Mary Ann Peters အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အတွေ့အကြုံမျှဝေရေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကြိုးပမ်းဆောင်ရွက်မှုတွင် ကာတာစင်တာမှ အတွေ့အကြုံများမျှဝေရေးနှင့် ပံ့ပိုးကူညီမှုပေးရေးကိစ္စတို့ကို ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မိုးစပါး ဧက ၂၄၇၉၀ စိုက်ပျိုးရန်လျာထား

**မုံရွာ မေ ၂၁**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်နှင့် မြို့နယ်ခွဲတို့တွင် မိုးစပါး ဧက ၂၄၇၉၀ စိုက်ပျိုးသွားရန် လျာထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဧက ၂၄၇၉၀ စိုက်ပျိုးနိုင်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင်လည်း ဧက ၂၄၇၉၀ စိုက်ပျိုးသွားရန် လျာထားလျက်ရှိရာ လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားမည်ဟု သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

IKBZ Insurance
"ယုံကြည်အားထား IKBZ အာမခံစွမ်းအား"
Hot Line:
01- 2307000, 09-79 2307000
သင်၏ အသက်၊ အိုးအိမ်၊ စည်းစိမ် အားလုံးနှင့် ယှဉ်တွဲတည်ရှိနေသော ဆုံးရှုံးမှုအန္တရာယ်များအတွက် စိုးရိမ်ကြောင့်ကြရန်မလို IKBZ မှ တာဝန်ယူပါရစေ။
BID QUALITY 2017
WORLD FINANCE GLOBAL INSURANCE AWARDS 2016
WORLD FINANCE GLOBAL INSURANCE AWARDS 2015

ကြေးမုံ

# သယ်ယူပို့ဆောင်ရေး အဆင်ပြေမှုရေးရှု

ပြည်သူများသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေသက်သာရေးအတွက် အဓိကကျသည့်အချက်မှာ စက်သုံးဆီဖြစ်ပါသည်။ လက်ရှိကာလတွင် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာသောကြောင့် မော်တော်ယာဉ် အသုံးပြုသူများနှင့် ခရီးသွားလာသော ပြည်သူများအနေဖြင့် ဝန်ဆောင်မှု စရိတ်စကများ မြင့်တက်လာမည်ကို စိုးရိမ်ပူပန်ကြမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ မြင့်တက်လာခြင်းမှာ ကမ္ဘာ့ရေနံဈေးနှုန်းနှင့်အတူ နိုင်ငံခြားငွေလဲလှယ်နှုန်းများပါ လိုက်ပါမြင့်တက်နေသဖြင့် စက်သုံးဆီဈေးနှုန်း တဖြည်းဖြည်းမြင့်တက်လာခြင်းဖြစ်သည်။ ပြည်တွင်းစက်သုံးဆီဈေးနှုန်းမှာ ပြီးခဲ့သည့်နှစ်ပတ်ကျော်အတွင်းက တစ်လီတာလျှင် ၃၅ ကျပ်မှ ကျပ် ၄၀ အကြားဈေးတက်လာခဲ့ပြီး ပြီးခဲ့သည့်လမှ ဈေးနှုန်းများနှင့်နှိုင်းယှဉ်လျှင် လေးရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ထွက်ရှိသည့် နိုင်ငံဖြစ်သည်။ ပြည်တွင်းမှ တစ်နေ့လျှင် ရေနံဂါလန် သုံးသိန်းခွဲခန့် ချက်လုပ်နိုင်သော်လည်း ပြည်တွင်းရှိ ရေနံချက်စက်ရုံများ၏ သက်တမ်းမှာ ရှည်ကြာနေခြင်းကြောင့် တည်ဆောက်ဖွဲ့စည်းမှု ခေတ်မမီတော့ချေ။ လက်ရှိတွင် ပြည်တွင်းမှ ထုတ်လုပ်သည့် ဓာတ်ဆီ၊ ဒီဇယ်ဆီများမှာ ပြည်တွင်း၌ မောင်းနှင်နေသော ခေတ်ပေါ်မော်တော်ယာဉ်များတွင် သုံးစွဲရန်မသင့်တော်ခြင်း၊ ပြည်တွင်း စက်သုံးဆီသုံးစွဲမှု လိုအပ်ချက်များပြားနေခြင်းတို့ကြောင့် နှစ်စဉ် ရေနံထွက်ပစ္စည်း ဂါလန်တန်ချိန် လေးသန်းခန့် ပြည်ပမှ ဝယ်ယူသုံးစွဲနေရကြောင်း စွမ်းအင်ဌာနမှ အသိပေးထားသည်။

ကမ္ဘာ့ရေနံဈေးနှုန်းမှာ ယမန်နှစ်မကုန်မီကတည်းက စတင်မြင့်တက်လာခဲ့ပြီး ယခုနှစ် မေလဆန်းပိုင်းမှစ၍ ရေနံတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၆၈ ဒေါ်လာမှ ၇၁ ဒေါ်လာအထိ ဆက်လက်မြင့်တက်ခဲ့သည်။ ထိုသို့ မြင့်တက်ခဲ့ခြင်းသည် ကမ္ဘာ့ရေနံထုတ်လုပ်သည့်နိုင်ငံများက ရေနံထုတ်လုပ်မှုကို ထိန်းချုပ်ရန်ကြိုးပမ်းနေခြင်းနှင့် ပထဝီနိုင်ငံရေး အခြေအနေမတည်ငြိမ်မှုအပေါ် စိုးရိမ်မှုရှိနေခြင်းတို့ကြောင့် ရေနံ ဈေးနှုန်းတက်လာခြင်းဖြစ်သည်။ သို့သော် ၂၀၁၄ ခုနှစ်အကုန်ပိုင်းတွင် ရေနံတစ်စည်ဈေးနှုန်း အမေရိကန်ဒေါ်လာ ၈၀ ကျော်သွားခဲ့သော်လည်း နောက်ပိုင်းတွင် တဖြည်းဖြည်းပြန်ကျသွားပြီးနောက် ယခုကာလတွင် ဈေးနှုန်းပြန်တက်လာခြင်းဖြစ်၍ ရေနံဈေးနှုန်းကျရိပ်ကို မျှော်မှန်းရမည်ဖြစ်သည်။

သို့ဆိုလျှင် ကမ္ဘာ့ပထဝီနိုင်ငံရေးအခြေအနေ အထူးသဖြင့် ရေနံထွက်နိုင်ငံများ၏ နိုင်ငံရေးအခြေအနေ တည်ငြိမ်မှုမရှိလျှင် ရေနံဈေးနှုန်းတက်လာနိုင်သည်။ ပြည်တွင်း စက်သုံးဆီဈေးနှုန်းသည် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းနှင့် ရေနံသယ်ယူပို့ဆောင်စရိတ်အပေါ်တွင် မူတည်သဖြင့် စက်သုံးဆီဈေးနှုန်း အပြောင်းအလဲဖြစ်နေမည်မှာ အမှန်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ဖွံ့ဖြိုးစနိုင်ငံအနေအထားတွင် ရောက်ရှိနေပြီး လူမှုဘဝမြင့်မားမှုကြောင့်ဖြစ်ပေါ်လာသော စက်သုံးဆီလိုအပ်မှုတွင် ဖိစီးမှုမဖြစ်စေရေးအတွက် နည်းလမ်းရှာဖွေ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်တွင်းရှိ ရေနံချက်စက်ရုံများကို ပုဂ္ဂလိကကဏ္ဍနှင့်ပူးပေါင်း၍ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းခြင်း၊ စီးပွားရေးတွက်ခြေကိုက်သည့် အရွယ်အစားရှိပြီး ခေတ်မီနည်းပညာရပ်များဖြင့် အရည်အသွေးမြင့် ရေနံထွက်ပစ္စည်းများထုတ်လုပ်ခြင်း၊ ရေနံချက်စက်ရုံအသစ်များ တည်ဆောက်ရန်အတွက် ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ခြင်းစသည်တို့ကို ကြိုးပမ်းကြံဆဆောင်ရွက်သွားရမည်ဖြစ်ရာ ယင်းကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု သိရသည်။

မည်သို့ပင်ဖြစ်စေ လက်ရှိကာလ ကြုံတွေ့နေရသော စက်သုံးဆီဈေးနှုန်းမြင့်တက်လာမှုများကြောင့် ပြည်သူများသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းများ၌ ဝန်ထုပ်ဝန်ပိုး ထပ်တိုးဖြစ်မလာစေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ရေနံထွက်ပစ္စည်း ဝယ်ယူသိုလှောင်၊ သယ်ဆောင်၊ ရောင်းဝယ်၊ ဖောက်ကားသူများအနေဖြင့် သင့်တင့်မျှတသော အနေအထားဖြစ်အောင် ရှေးရှုဆောင်ရွက်ပေးနိုင်ရေး လိုအပ်ပါကြောင်း။ ။

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီးအား တွေ့ဆုံ



**နေပြည်တော် မေ ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီး Air Chief Marshal Prajin Juntong နှင့်အဖွဲ့သည် မေ ၂၀ ရက် ညပိုင်းတွင် ထိုင်းနိုင်ငံမှ နေပြည်တော်သို့ လေကြောင်းခရီးစဉ်ဖြင့် ရောက်ရှိသည်။

အဆိုပါ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် တရားရေးဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီးအား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမသို့လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံဝန်ကြီးအဆင့် တွေ့ဆုံမှုတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ဆေးစွဲသူများအား ကုသပေးရေးလုပ်ငန်းများ၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးဆိုင်ရာ သတင်းအချက်အလက်ဖလှယ်ခြင်းနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုတို့တွင် ပိုမိုမြှင့်တင်ဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ တရားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်များသည် နေပြည်တော်အတွင်း လှည့်လည်ကြည့်ရှုပြီး ကျောက်မျက်ပြတိုက်နှင့် အမျိုးသားပြတိုက်များသို့ သွားရောက်လေ့လာသည်။ ယင်းနောက် ဗုဒ္ဓဂယာနှင့် ဥပ္ပါတသန္တိစေတီတော်တို့အား သွားရောက်ဖူးမြော်ခဲ့ပြီး ည ၇ နာရီတွင် ဘန်ကောက်လေကြောင်းခရီးစဉ်ဖြင့် နေပြည်တော်မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရေပြတ်လပ်သော စစ်တွေကန်တော်ကြီးအတွင်း ရေဖြည့်သွင်း

**စစ်တွေ မေ ၂၁**

စစ်တွေမြို့ပေါ် ရပ်ကွက်များသို့ ဖြန့်ဝေလျက်ရှိသော ကန်တော်ကြီးရေမှာ မေ ၁၅ ရက်မှစတင်၍ ရေပြတ်လပ်လျက်ရှိရာ မိုးမရွာမီကာလအထိ ကန်တော်ကြီးရေပိုက်လိုင်းသို့ မြေအောက်ရေ တူးဖော်ရရှိနိုင်သောနေရာများမှ လေးလက်မ အဝီစိရေတွင်းများတူးဖော်၍ ပိုက်လိုင်းထဲသို့ အဝီစိရေများ ထည့်သွင်းခြင်း၊ ရေကားများဖြင့် ရေဖြန့်ဝေပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မိုးက "ကျွန်တော်တို့ စစ်တွေမြို့ ရေပေးဝေရေးနဲ့ပတ်သက်ပြီး အဓိက ဆောင်ရွက်နေတဲ့ ကန်တော်ကြီးနဲ့ ဆတ်ရိုးကျ ရေကန်နှစ်ကန်ရှိပါတယ်၊ အရင်နှစ်က မိုးရွာသွန်းမှုပမာဏက လက်မ ၁၄၀၊ ၁၅၀ ကြားသာရှိတဲ့အတွက် ကန်တော်ကြီးမှာကန်ရေအပြည့်ပမာဏကို မသိုလှောင်နိုင်ခဲ့ပါဘူး၊ အခု စစ်တွေမြို့ပေါ်မှာ ရေလုံလောက်မှုမရှိ ဖြစ်နေပါတယ်၊ ဒါကြောင့် ရေကားရှစ်စီးနဲ့ မြို့ပေါ်ရပ်ကွက်တွေကို ရေဖြန့်ဝေပေးနေပါတယ်၊ အဝီစိတွင်း တူးဖော်ရရှိနိုင်တဲ့ ရပ်ကွက်တွေမှာ လေးလက်မပိုက် အဝီစိတွင်း ၁၆ တွင်း အရေးပေါ် တူးဖော်ပေးထားပြီး နောက်ထပ်အရန် နှစ်လက်မရေတွင်း ၁၂ တွင်းက ရေတွေကို ရေစုပ်စက်တွေနဲ့ စုပ်ယူပြီးတော့ ရေပြတ်လပ်မှုမရှိအောင် လုပ်ပေးနေပါတယ်" ဟု ပြောသည်။

**ကံထွန်း(ဟံသာမြေ)**





MYANMAR Digital News
Presented by NPE
www.mdn.gov.mm


## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂၁**

ရန်ကုန်(ရွှေဈေး) ၉၂၉၀၀၀ - ၉၂၉၀၀၀ မန္တလေး(ရွှေဈေး) ၉၂၉၀၀၀ - ၉၂၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၀၀ ကျပ်၊ | ၉၃၀/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၉၅/၉၁၅ ကျပ်၊ | ၉၈၀/၁၀၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၅/၈၆၅ ကျပ်၊ | ၉၂၅/၉၅၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၅/၉၁၅ ကျပ်၊ | ၉၅၀/၉၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၉၀/၈၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၀၅/၉၁၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၅၅/၈၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၈၃.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၁.၂၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၈၅၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉.၀၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၈၂၆ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၁၄.၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၆၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၃.၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၃.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**


ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေးရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁) တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က
ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့်
ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်
မိန့်ခွန်းမှကောက်နုတ်ချက်)

## စပေါင်းအင်အား

ကျွန်မတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးတည်ဆောက်ရာမှာ **စပေါင်းအင်အားဟာ** အဓိကပါ။ တိုင်းရင်းသားများအကြားနှစ်ရှည်လများစွာ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးစေဖို့ အပြန်အလှန် နားလည်မှု၊ အပြန်အလှန် လေးစားမှုက အခြေခံအုတ်မြစ်ပါ။ ဒီအုတ်မြစ်ကို **စပေါင်းအင်အားနဲ့** ခိုင်မာအောင် ဆောက်တည်နိုင်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့်
နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့်
မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နှစ်နိုင်ငံအကြား နယ်ပယ်စုံ၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရခိုင်ပြည်နယ်အရေးကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး

## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် CPPCC ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်(CPPCC)ဒုတိယဥက္ကဋ္ဌ H.E. Mr. Wang Zhengwei ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြားနယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုစီမံကိန်း(One Belt One Road)၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်(CPPCC)ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်လည်း တက်ရောက်သည်။ **သတင်းစဉ်**



## ရာဇဝတ်အထူးအယူခံမှု ငါးမှုနှင့် တရားမအထူးအယူခံမှု ခြောက်မှု စီရင်ချက်ချ တရားမအထူးအယူခံမှု ငါးမှုကို ရုံးထိုင်ကြားနာ

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု ငါးမှုနှင့် တရားမအထူးအယူခံမှု ခြောက်မှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု ငါးမှုကို ကြားနာကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာတာစင်တာ အမှုဆောင်အရာရှိချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာတာစင်တာ၏အမှုဆောင်အရာရှိချုပ် သံအမတ်ကြီးဟောင်း Ms. Mary Ann Peters နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရာ၌ ထာဝရငြိမ်းချမ်းရေးရရှိရန်လိုအပ်မှုအခြေအနေများ၊ ပြည်တွင်း ငြိမ်းချမ်းရေးရရှိရန်အတွက် အစိုးရနှင့်တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေများ၊ ကာတာစင်တာမှ ကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗင်နီဇွဲလားရွေးကောက်ပွဲ၌ လက်ရှိသမ္မတ အောင်ပွဲခံ

**ကာရာကာ့စ် မေ ၂၁**
ဗင်နီဇွဲလားနိုင်ငံ၌ မေ ၂၀ ရက်က ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ နီကိုလပ်စ်မာဒူရို အောင်ပွဲခံ အနိုင်ရရှိကြောင်း၊ လူထုအတွင်း ရေပန်းစားခြင်းမရှိသော မာဒူရိုအောင်ပွဲခံမှုမှာ ပြည်သူတို့အတွက် အံ့ဩစရာမရှိကြောင်း အေအက်ဖ်ပီသတင်းဌာနက မေ ၂၁ရက်တွင် သတင်းထုတ်ပြန်သည်။

စီးပွားရေးအကျပ်အတည်းဆိုက်နေသော ဗင်နီဇွဲလားနိုင်ငံ၌ မေ ၂၀ ရက်က ကျင်းပသော ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူဦးရေ၏ ၄၆ ရာခိုင်နှုန်းကသာ လာရောက်မဲပေးခဲ့ကြသည်။ ယခု ကျင်းပသော ရွေးကောက်ပွဲလုပ်ငန်းစဉ်သည် ဥပဒေနှင့် ညီညွတ်မှု မရှိဟုဆိုကာ အတိုက်အခံတို့က သပိတ်မှောက်ခဲ့ကြပြီး နိုင်ငံတကာ အသိုက်အဝန်းကလည်း ရွေးကောက်ပွဲ လုပ်ငန်းစဉ်တရားဝင်ခြင်းမရှိဟု ဝေဖန်ရှုတ်ချခဲ့ကြသည်။

မည်သို့ပင်ဆိုစေ မာဒူရိုမှာ ခြောက်နှစ်သက်တမ်းရှိ သမ္မတရာထူးတွင် ဒုတိယမြောက်သက်တမ်းကို စိုးစံနိုင်တော့မည်ဖြစ်ရာ ၂၀၂၅ ခုနှစ်အထိ ဆက်လက်အာဏာရရှိမည် ဖြစ်သည်။

မိမိ ပြန်လည် ရွေးကောက်တင်မြှောက်ခံရခြင်းသည် သမိုင်းဝင်အောင်ပွဲ တစ်ရပ်ပင်ဖြစ်ကြောင်း မာဒူရိုက မြို့တော် ကာရာကာ့စ်ရှိ သမ္မတ နန်းတော် အပြင်ဘက်တွင် စုဝေးရောက်ရှိနေကြသည့် ထောက်ခံသူ လူအုပ်ကြီးကို ပြောကြားခဲ့သည်။

**စံချိန်သစ်**

ပြည်သူလူထုက တိုက်ရိုက်ပေးသော မဲအရေအတွက်၏ ၆၈ ရာခိုင်နှုန်း အထိကို မိမိရရှိခဲ့ပြီး မိမိတို့နိုင်ငံသမိုင်းတွင် ရွေးကောက်ပွဲ စံချိန်သစ်တစ်ရပ် စိုက်ထူနိုင်ခြင်းဖြစ်ကြောင်း မာဒူရိုက ပြောကြားသည်။

မာဒူရိုသည် ကွယ်လွန်သွားခဲ့ပြီဖြစ်သော လက်ဝဲနိုင်ငံရေးသမား ဟူဂိုချာဗက်ဇ်၏ နိုင်ငံရေးအရိုက်အရာကို ဆက်ခံသူဖြစ်ပြီး ၂၀၁၃ ခုနှစ်တွင် အာဏာစတင်ရရှိ ခဲ့သည်။

**ခံစား**

တစ်ချိန်တစ်ခါက ရေနံလုပ်ငန်းဖြင့် စီးပွားရေးခိုင်မာတောင့်တင်းခဲ့သော ဗင်နီဇွဲလားနိုင်ငံ၌ ငွေဖောင်းပွမှုနှုန်း အလွန်အမင်းမြင့်တက်ခြင်း၊ စားနပ်ရိက္ခာနှင့် ဆေးဝါးများ ရှားပါးပြတ်လပ်ခြင်း၊ ရေ၊ မီးစသည့် အခြေခံအဆောက်အအုံ လုပ်ငန်းများ နိမ့်ကျခြင်းစသည့် လူမှုစီးပွားပြဿနာများကို ပြည်သူတို့ တွေ့ကြုံခံစားနေကြရဆဲဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **အေအက်ဖ်ပီ**



## အာဖဂန်အရှေ့ပိုင်းတွင် လေကြောင်းမှတိုက်ခိုက် ဟက်ကာနီစစ်သွေးကြွ ကိုးဦးသေဆုံး

**ကဘူး မေ ၂၁**
အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ပက်တီကာ ပြည်နယ်တွင် အာဖဂန် လေတပ်က လေကြောင်းစီးနင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ ဟက်ကာနီ စစ်သွေးကြွအဖွဲ့မှ စစ်သွေးကြွ ကိုးဦး ထက်မနည်း သေဆုံးခဲ့ကြောင်း အထူးတပ်ဖွဲ့ဌာနချုပ်မှ မေ ၂၁ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန် အထူးစစ်ဆင်ရေး တပ်ဖွဲ့နှင့် ဆက်စပ်ပြုလုပ်သည့် ဟက်ကာနီစစ်သွေးကြွ အကြမ်းဖက်သမားများအား ပစ်မှတ်ထားသည့် လေကြောင်းစီးနင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ကိုးဦးထက်မနည်း သေဆုံးပြီး မော်တော်ဆိုင်ကယ် နှစ်စီးကိုလည်း ဖျက်ဆီးပစ်နိုင်ကြောင်း၊ လေကြောင်းစီးနင်းတိုက်ခိုက်မှုပြုသည့် နေရာမှာ ပက်တီကာပြည်နယ် ဆာမော်ဇာခရိုင်တွင်း၌ ဖြစ်ကြောင်း အာဖဂန်နစ္စတန် စစ်ဆင်ရေး ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ နွေဦးရာသီနှင့် နွေရာသီကာလအတွင်း၌ အာဖဂန်နစ္စတန်တပ်ဖွဲ့များ၊ နေတိုးနှင့် အမေရိကန် ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များက တောင်ကုန်း တောင်တန်း ထူထပ်သည့် ယင်းနိုင်ငံအတွင်းရှိ ဒေသများတွင် ကောက်သင်းကောက် စစ်ဆင်ရေးများ အဆက်မပြတ် လုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**

## မာဒါဂါးစကား၌ လူပြန်ပေးဆွဲဂိုဏ်းများကို စတင်ဖြိုခွင်းလျက်ရှိ

**အင်တာနာနာရီဗို(မာဒါဂါးစကား) မေ ၂၁**
အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မာဒါဂါးစကားနိုင်ငံ၌ လူပြန်ပေးဆွဲသည့် ဂိုဏ်းများ ခေါင်းထောင်နေမှုကိုဖြိုခွင်းနိုင်ရန် အာဏာပိုင်များက စတင်လုပ်ဆောင်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ကျွန်းနိုင်ငံ တစ်နိုင်ငံဖြစ်သော မာဒါဂါးစကားတွင် အခြေစိုက်နေထိုင်ကြသော အိန္ဒိယနွယ်ဖွား ကာရာနာမျိုးနွယ်စုဝင်များကို ပစ်မှတ်ထား၍ လူပြန်ပေးဆွဲသည့်ဖြစ်ရပ်များ နှစ်ပေါင်းများစွာ ကြာမြင့်သည့်ကာလအတွင်း ပေါ်ပေါက်ခဲ့သည်။

**ကျော်ကြား**

ကာရာနာမျိုးနွယ်စုဝင်ဦးရေမှာ ၁၅၀၀၀ ခန့်ရှိပြီး ၎င်းတို့မှာ ကြွယ်ဝချမ်းသာသူများနှင့် စီးပွားရေးအရ အောင်မြင်မှုရှိသူများအဖြစ် ထင်ပေါ်ကျော်ကြားကြသည်။

လူပြန်ပေးဆွဲသော ဒုစရိုက်ဂိုဏ်းများမှာ ပြန်ပေးရွေးငွေ ရရှိနိုင်ရန် မျှော်လင့်ချက်ဖြင့် လူပြန်ပေးဆွဲလေ့ရှိကြသည်။

မာဒါဂါးစကားနိုင်ငံ၌ လွန်ခဲ့သည့် ၁၀ နှစ်တာကာလအတွင်း ကာရာနာမျိုးနွယ်စုဝင်များ ပြန်ပေးဆွဲခံခဲ့ရသည့် ဖြစ်ရပ်ပေါင်း ၁၀၀ ထက်မနည်းရှိခဲ့ပြီး ၂၀၁၇ ခုနှစ်သည် လူပြန်ပေးဆွဲမှု အများဆုံး ဖြစ်ပွားခဲ့သည့် နှစ်တစ်နှစ် ဖြစ်သည်။ **အေအက်ဖ်ပီ**



# ပင်လယ်ပြင်အတွင်း တရားဥပဒေစိုးမိုးရေး ကြိုးပမ်းဆောင်ရွက်မည်ဟု ဂျပန်ဝန်ကြီးချုပ် ပြော

**တိုကျို မေ ၂၁**
ပင်လယ်ပြင်အတွင်း တရားဥပဒေစိုးမိုးမှုရှိစေရန် အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ကတိပြုပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မေ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

တိုကျိုမြို့တော်တွင် မေ ၂၀ ရက်က ကျင်းပသော ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ တည်ထောင်မှုနှစ် (၇၀) ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် ဝန်ကြီးချုပ် အာဘေးက ယင်းသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

ကမ်းခြေစောင့်တပ်ဖွဲ့မှ သင်္ဘော ၃၆ စင်းနှင့် လေယာဉ် ၁၆ စင်းတို့ ပါဝင်လေ့ကျင့်မှုကို အာဘေးက ကြည့်ရှုခဲ့သည်။

နိုင်ငံခြားရေယာဉ်များသည် ဆန်းကာကုကျွန်းစုအနီးရှိ ဂျပန်နိုင်ငံ ရေပိုင်နက်အတွင်းသို့ မကြာခဏ ဝင်ရောက်ခဲ့ကြောင်း ၎င်းက ပြောကြားလိုက်ပြီး အခြေအနေမှာ တင်းမာနေဆဲဖြစ်သည်ဟု ဆိုသည်။

ဂျပန်ပင်လယ်ပြင်အတွင်း မျောပါလာနေသော မော်တော်ဘုတ်များသည် မြောက်ကိုရီးယားဘက်မှ ရောက်ရှိလာသည်ဟု ခန့်မှန်းရကြောင်း အာဘေးက ကမ်းရိုးတန်းစောင့်တပ်ဖွဲ့တာဝန်ရှိသူများကို ပြောကြားသည်။

ဆန်းကာကုကျွန်းစုကို ဂျပန်နိုင်ငံက ထိန်းချုပ်ထားပြီး ယင်းကျွန်းစုသည် ဂျပန်နိုင်ငံနယ်နိမိတ်အတွင်း အစဉ်အဆက်တည်ရှိကြောင်း ဂျပန်အစိုးရက ပြောကြားသည်။ သို့ရာတွင် ယင်းကျွန်းစုကို တရုတ်နှင့် တရုတ်(တိုင်ပေ)တို့ကလည်း ပိုင်ဆိုင်သည်ဟုဆိုကာ အငြင်းပွားမှုရှိနေသည်။

ရေကြောင်း လုံခြုံရေးသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ကာကွယ်နိုင်ရေးအတွက် ဂျပန်နိုင်ငံက အလေးထားပြီး နိုင်ငံတကာ ရေကြောင်းလမ်း တည်ငြိမ်အေးချမ်းရေးကိုဖန်တီးရန် အခြားသော နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အာဘေးက ပြောကြားသည်။ **အင်န်အိပ်ချ်ကေ**

# လက်ချောင်းတစ်ချောင်းသာရှိသည့် ဂျပန်တောင်တက်သမား ဧဝရက်တောင် တက်ရောက်စဉ် သေဆုံး



၂၀၁၅ ခုနှစ် ဩဂုတ်လက ဂျပန်တောင်တက်သမား ကူရိကီအား နီပေါခရီးသွားလုပ်ငန်းဝန်ကြီးက တောင်တက်လက်မှတ် ထုတ်ပေးစဉ်။

**ခတ္တမန္ဒူ မေ ၂၁**
နှင်းကိုက်ဝေဒနာခံစားခဲ့ရပြီးနောက် လက်ချောင်းကိုးချောင်းဆုံးရှုံးခဲ့ရသည့် ဂျပန်နိုင်ငံသား တောင်တက်သမားတစ်ဦးသည် ဧဝရက်တောင်ထိပ်သို့ ရှစ်ကြိမ်မြောက်တက်ရောက်နိုင်ရန် ကြိုးပမ်းစဉ်အတွင်း သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက မေ ၂၁ ရက်တွင် ပြောကြားသည်။

**ခံစား**

အသက် ၃၅ နှစ်အရွယ်ရှိ ထင်ပေါ်ကျော်ကြားသော တောင်တက်သမား နိုဘူကာဇူကူရိကီသည် နာမကျန်းဝေဒနာခံစားလာရပြီး ၎င်း၏တောင်တက်အဖွဲ့နှင့် အဆက်အသွယ်ပြတ်တောက်ခဲ့ပြီးနောက် တောင်အောက်သို့ ပြန်ဆင်းလာခဲ့သည်။ ကမ္ဘာ့အမြင့်ဆုံးတောင်ထွတ်ဖြစ်သည့် ဧဝရက်တောင်သို့ တက်ရောက်ရန်ကြိုးပမ်းသော တောင်တက်သမားများအနက် ယခုလအတွင်း တောင်တက်နေစဉ် သေဆုံးခဲ့သည့် တောင်တက်သမားများတွင် ၎င်းသည် တတိယမြောက်သေဆုံးသူဖြစ်သည်။

ကူရိကီသည် ၎င်း၏အဖွဲ့နှင့် ရေဒီယိုဆက်သွယ်မှုကို တုံ့ပြန်ခြင်းမရှိတော့ကြောင်း၊ မိမိတို့အနေဖြင့် ၎င်း၏ ဦးဆောင်မီးအိမ်မီးရောင်ကို ရှာဖွေတွေ့မြင်ရတော့ခြင်း မရှိတော့ကြောင်း ၎င်း၏ တောင်တက်အဖွဲ့က အင်တာနက်ဖေ့စ်ဘုတ်တွင် ရေးသားထားသည်။

တောင်ဘက်အခြေစိုက် စခန်းအမှတ်-၂ အနီးရှိ တောင်တက်လမ်းကြောင်းအတိုင်း ရှာဖွေခဲ့ရာ ၎င်းကို ကိုယ်ခန္ဓာ အပူချိန်ကျဆင်းလျက် သေဆုံးနေသည်ကို တွေ့ရသည်။

မေ ၂၀ ရက် ညနေပိုင်းတွင် ဧဝရက်တောင်၏ တောင်တက်စခန်းလေးခုရှိသည့်အနက် စခန်းအမှတ် (၃)အထက် အမြင့် မီတာ ၇၄၀၀ အထိ ကူရိကီ ရောက်ရှိခဲ့ကြောင်း၊ အမြင့်မီတာ ၈၀၄၈ (၂၉၀၂၉)ပေ ရှိ ဧဝရက်တောင်ထိပ်သို့ ဦးတည်ရာ လမ်းခုလတ်တွင် ဖြစ်ကြောင်း သိရသည်။

ကူရိကီသည် ၂၀၁၂ ခုနှစ်အတွင်းက ဧဝရက်တောင်ထိပ်သို့ စတုတ္ထအကြိမ်မြောက် တက်ရောက်ရန်ကြိုးပမ်းစဉ် နှင်းကိုက်သည့် ဝေဒနာကို ခံစားရပြီး ၎င်း၏ လက်ချောင်းကိုးချောင်းဆုံးရှုံးခဲ့ရသည်။ **အေအက်ဖ်ပီ**

# တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ကျင့်သုံးပေးရေး အဆိုဆွေးနွေး



ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး



သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်



ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်

**နေပြည်တော် မေ ၂၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ **ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး တင်သွင်းသည့် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ကျင့်သုံးပေးရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်က သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ ကြယ်ပွင့်ပြမေးခွန်း ခြောက်ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး၏ **ပျော်ဘွယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အမည်စာရင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပြန်လည်ပေးပို့လာသည့် အမည်စာရင်းတွင် အဖွဲ့ဝင်နှစ်ဦး အမည်စာရင်းလွဲမှားနေသဖြင့် ပြန်လည်ပြင်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉(ခ) ပါ ကော်မရှင်၏ တာဝန်များအရ လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀(ဂ) ပါ ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များအရလည်းကောင်း ဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ မေးခွန်းတွင် ဖော်ပြပါရှိသော သက်ဆိုင်ရာမြို့နယ်မှ တင်ပြသည့် စာရင်းအတိုင်း ကော်မရှင်က ဖွဲ့စည်းပေးရမည်ဟု ဥပဒေပြဋ္ဌာန်းချက်မရှိပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီသာ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့ ဖွဲ့စည်းခြင်းသည် လွဲမှားခြင်း တစ်စုံတစ်ရာ မရှိပါကြောင်းနှင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန် မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မိုင်းတုံ မဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး၏ **တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်အကြား ကားလမ်းမကြီးတွင် ဆိုးရွားစွာ ပျက်စီးလျက်ရှိသော လမ်းပိုင်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ပန်ခမ်း(ပန်ဆန်း) မြို့၌ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် 'ဝ'အထူးဒေသ (၂)မှ တိုင်းရင်းသားခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က အဆိုပါလမ်းအပိုင်းပျက်စီးနေမှုများကို အမြန်ပြုပြင်ပေးပါရန်နှင့် ပြုပြင်ရန် အခက်အခဲရှိမည်ဆိုပါက အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးရန် ပြောကြားခဲ့သည့် အပေါ်တွင် 'ဝ' အထူးဒေသ (၂)အနေဖြင့် မိုင်းဆတ်လမ်းကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ လွှဲပြောင်းပေးလိုကြောင်း တင်ပြလာမှုအရ အဆိုပါလမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်ညှိနှိုင်းထားပြီးဖြစ်ပါကြောင်း၊ တာချီလိတ်-မိုင်းဆတ် (၆၀/၄) မိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းအဖြစ် ထိန်းသိမ်းဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးတွင်လည်း ထည့်သွင်းဆွေးနွေးပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၏ **ဆင်းရဲနွမ်းပါးမှုမြင့်မားနေသည့် မြို့နယ်ဒေသများတွင် ဘက်စုံလျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ပြောင်းလဲလာစေရန် ငြိမ်းချမ်းရေးအသွင်သဏ္ဌာန်ဖော်ဆောင်သည့် ဒေသအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့က သီးသန့်အထူးရန်ပုံငွေများဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ဖြေကြားချက်များနှင့်ပေါင်းစပ်၍ မိမိတို့ဝန်ကြီးဌာနက ဖြေကြားမည်ဖြစ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ခွင့်ပြုရန်ပုံငွေမှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရန်ပုံငွေဖြင့် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်များအတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အထိ နှစ်စဉ်ရန်ပုံငွေ ငွေကျပ် သန်း ၁၀၀၀၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ ငွေကျပ် သန်း ၁၅၀၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေ ငွေကျပ် သန်း ၅၀၀၀ တို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အလားတူ ကချင်ပြည်နယ်အတွင်း မြို့နယ်များအလိုက် ပြည်ထောင်စုလွှတ်တော် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် တစ်မြို့နယ်လျှင် ကျပ်ငွေ သိန်း ၁၀၀၀ နှုန်းဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကချင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် ဘဏ္ဍာနှစ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ တစ်နှစ်လျှင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် သန်း ၂၀ ဖြင့် နှစ်စဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ခြောက်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း သာမန်အသုံးစရိတ်(နိုင်ငံတော်ထောက်ပံ့ငွေ)မှ လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး (နိုင်ငံတော်ထောက်ပံ့) ရန်ပုံငွေမှလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးစရိတ် စုစုပေါင်း ငွေကျပ် ၃၅၉၃၄ ဒသမ ၃၅၄၅ သန်းကိုလည်းကောင်း ထောက်ပံ့ပေးခဲ့ပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအပေါ် သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ခံစားရမှုများမှ လျော့နည်းသက်သာစေရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘေးသင့်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ခြင်းတို့ကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွဲ့စည်းထားပါကြောင်း၊ ပဋိပက္ခကျရောက်ခဲ့ရသည့် ဒေသများအတွင်း တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးအတွက် ပြည်ထောင်စုအစိုးရ၏ ဘဏ္ဍာရန်ပုံငွေ၊ အထူးသဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် ထောက်ပံ့ပေးလျက်ရှိပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ရန်ပုံငွေ၊ ပြည်တွင်းပြည်ပအလှူရှင်များ၏ လှူဒါန်းငွေများဖြင့်လည်း တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေးလိုအပ်ချက်များကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အလိုက်ဟန်ချက်ညီညီ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သက်ဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်းများကို နှစ်အလိုက် စီမံကိန်းချမှတ်၍ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်များကြောင့် အချို့သောဒေသများတွင် ဖွံ့ဖြိုးရေးစီမံကိန်းများအားဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်လျက်ရှိကြောင်းကိုလည်း တွေ့ရှိရပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် နောင်အနာဂတ်တွင်လည်း ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကိုနှစ်အလိုက်စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသဖြင့် သီးသန့်အထူးရန်ပုံငွေမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကွမ်းလုံမဲဆန္ဒနယ်မှ ဦးယန်ကျင်းကန်၊ နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလုနှင့် မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး တင်သွင်းသည့် **ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းပြီး နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ပြီးသည့် မူလဥပဒေများကို နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးအတွက် အကောင်အထည်ဖော်ကျင့်သုံးကြရမည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ တစ်ဆင့်ခံဥပဒေဖြစ်သည့် နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ ရေးဆွဲထုတ်ပြန်ကျင့်သုံးပေးရန် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြရာ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်က ဥပဒေတစ်ခုကို ရေးဆွဲပြဋ္ဌာန်းရာတွင် ဘာကြောင့် ယင်းဥပဒေကို ရေးဆွဲပြဋ္ဌာန်းရသည်ဆိုသည့် ဥပဒေ၏ ရည်ရွယ်ချက်က အခန်းကဏ္ဍတစ်ခုအနေဖြင့်ပါရှိပါကြောင်း၊ မူရင်းဥပဒေ၏ ရည်ရွယ်ချက်ကို ပေါက်မြောက်အောင်မြင်စွာအကောင်အထည်ဖော်မည်ဆိုလျှင် ရေးဆွဲသင့်ရေးဆွဲထိုက်သည့် နည်းဥပဒေများက နောက်ကျကျန်ခဲ့၍ မဖြစ်ပါကြောင်း၊ ဥပဒေနှင့် နည်းဥပဒေကို ကြိုတင်ပြင်ဆင်ပြီး အချိန်နှင့်တစ်ပြေးညီ ပြုလုပ်နိုင်ခြင်းကြောင့် အားလုံးက တလေးတစားလိုက်နာကျင့်သုံးနိုင်ပြီး စည်းစနစ်ကျအောင်မြင်စွာ ကျင့်သုံးနေသည့် သာဓကများလည်း အများအပြားရှိပါကြောင်း။

မူရင်းဥပဒေ အာဏာတည်ရန် နည်းဥပဒေပေါ်တွင် တည်မှီနေသောကြောင့် အဆိုရှင် ဆွေးနွေးသကဲ့သို့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသည် တစ်ဆင့်ခံဥပဒေဖြစ်သည့်နည်းဥပဒေကို အမြန်ရေးဆွဲပြဋ္ဌာန်းရန် မလွှဲမသွေ လိုအပ်ပါကြောင်း၊ လှပသေသပ်သည့် ဝတ်စုံတစ်စုံကို ချုပ်ရန်အတွက် ချွန်မြသည့်အပ်တစ်ချောင်းကို လက်ထဲတွင် ဆုတ်ကိုင်ထားမိပါက(ဥပဒေ) ချိတ်ဆက်တွဲချည်မည့် (နည်းဥပဒေ) အပ်ချည်မရှိပါက မည်မျှပင် အပ်က ထိုးဖောက်သော်လည်း အလုပ်မဖြစ်ပါကြောင်း၊ အပ်နှင့်အပ်ချည်ကို တွဲဖက်အသုံးပြုတွယ်ယှက်မှသာ ခိုင်ခံ့အသုံးဝင်သည့် ဝတ်စုံတစ်စုံဖြစ်လာမည်ဖြစ်ပါကြောင်း၊ ပြည်သူများအတွက် အကျိုးပြုဥပဒေကို နည်းဥပဒေနှင့် အမြန်ဆုံး တွယ်ယှက်အသုံးပြုနိုင်ရေးအတွက် အဆိုကို ထောက်ခံကြောင်း ဆွေးနွေးသည်။

ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်က နည်းဥပဒေဆိုသည်မှာ တစ်ဆင့်ခံ ဥပဒေအမျိုးအစားဖြစ်ပါကြောင်း၊ ဥပဒေ သို့မဟုတ် အက်ဥပဒေက အာဏာအပ်နှင်းသည့်အခါ နည်းဥပဒေကို ပြဋ္ဌာန်းနိုင်ပါကြောင်း၊ အုပ်ချုပ်ရေးအာဏာပိုင်များကို နည်းဥပဒေပြုနိုင်သည့် အာဏာအပ်နှင်းလေ့ရှိပါကြောင်း၊ နည်းဥပဒေဆိုသည်မှာ အက်ဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်သည့် နည်းလမ်းများသာ ဖြစ်ပါကြောင်း၊ ဥပဒေသည် မူသဘောဖြစ်ပြီး နည်းဥပဒေသည် ယင်းမူသဘောကို လက်တွေ့အကောင်အထည်ဖော်ရာတွင် မည်သို့မည်ပုံလိုက်နာကျင့်သုံးရမည်ကို တိကျရှင်းလင်းစွာ ရေးဆွဲထားသည့် နည်းလမ်းဟု ဆိုနိုင်ပါကြောင်း၊ ဥပဒေဟူသည် အဓိကမူသဘောများကို ပြဋ္ဌာန်းပြီး ယင်းမူသဘောများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အသေးစိတ်အချက်အလက်များကို နည်းဥပဒေများထုတ်ပြန်၍ သတ်မှတ်ပေးရမည်ဖြစ်ပါကြောင်း။

နည်းဥပဒေများကို မရေးဆွဲဘဲ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များသာထုတ်၍ အုပ်ချုပ်လျှင် ဥပဒေအရ အုပ်ချုပ်ခြင်းမျိုးမဟုတ်ဘဲ အမိန့်၊ ညွှန်ကြားချက်အဖြစ် အုပ်ချုပ်ခြင်းမျိုး ဖြစ်သွားတတ်စေသောကြောင့် ကောင်းမွန်သောအုပ်ချုပ်ရေးကို ညစ်နွမ်းထိခိုက်စေမည်ဖြစ်ပါကြောင်း၊ ကျင့်သုံးနေသည့် နိုင်ငံရေးစနစ်နှင့်လည်း ကိုက်ညီမှုမရှိဟုလည်း ဆိုနိုင်ပါကြောင်း၊ တိုင်းပြည်ကို ကောင်းသောအုပ်ချုပ်ရေးဆီသို့ ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်၍ လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကို ပြည့်ပြည့်ဝဝ ကျင့်သုံးနိုင်မှသာ ထိထိရောက်ရောက် အောင်မြင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်အတွက် ကောင်းသောပြောင်းလဲခြင်းဆိုသည့် အရွေ့ကို အရှိန်အဟုန်နှင့် ဆောင်ရွက်နိုင်ရန် ကျင့်သုံးနေသည့် နိုင်ငံရေးစနစ် အောင်မြင်ရန် အဆိုကို ထောက်ခံရခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဦးမြစိန်၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်၊ ညောင်လေးပင် မဲဆန္ဒနယ်မှ ဒေါက်တာ ဦးမြင့်သိန်း၊ မြန်အောင် မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်နှင့် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးအောင်ခင်တို့က ဆွေးနွေးကြသည်။

ထို့နောက် ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးက ဖွဲ့စည်းသည့် နည်းဥပဒေရေးဆွဲရေးကော်မတီတွင်ပါဝင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နည်းဥပဒေများရေးဆွဲရာတွင် ဥပဒေနှင့်အညီ အကောင်အထည်ဖော်နိုင်ရန် လိုအပ်မည့် အသေးစိတ်အချက်အလက်များကို မျှော်မှန်းစဉ်းစား၍ ကျယ်ကျယ်ပြန့်ပြန့် ရေးဆွဲရခြင်း၊ နည်းဥပဒေများတွင် လိုအပ်သည့်ပုံစံဇယားများ ထည့်သွင်းဖော်ပြရခြင်း၊ နည်းဥပဒေများတွင် ပါဝင်သည့် အချက်အလက်များနှင့်စပ်လျဉ်း၍ ဆက်စပ်သည့်ဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရခြင်း၊ အချို့ဥပဒေများသည် အပြည်ပြည်ဆိုင်ရာစာချုပ်များနှင့် ဆက်စပ်သဖြင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရခြင်း၊ နိုင်ငံတကာနှင့် ဆက်စပ်သည့် ပညာရပ်ဆိုင်ရာကိစ္စရပ်များတွင် ပြည်ပကျွမ်းကျင်ပညာရှင်များ ခန့်ထား၍ အကြံဉာဏ်ရယူဆောင်ရွက်ရခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်များကို ရယူဆောင်ရွက်ရခြင်း၊ နည်းဥပဒေများရေးဆွဲစဉ် အခြေအနေအရပ်ရပ်ကြောင့် မူရင်းဥပဒေပြင်ဆင်ရန် အကြောင်းပေါ်ပေါက်သဖြင့် နည်းဥပဒေထုတ်ပြန်ရန် ဆိုင်းငံ့ရခြင်း စသည့်အချက်များကြောင့် ဝန်ကြီးဌာနအနေဖြင့် အချို့နည်းဥပဒေများကို အချိန်မီ ထုတ်ပြန်နိုင်မှုမရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများကို အကောင်အထည်ဖော် ဆောင်ရွက်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းအသီးသီးအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ထုတ်ပြန်ရန် လိုအပ်သည့် နည်းဥပဒေများကို အမြန်ဆုံး ထုတ်ပြန်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသဖြင့် အဆိုကိုအတည်ပြုသင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို မေ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တရုတ်နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်(CPPCC) ဒုတိယဥက္ကဋ္ဌ H.E.Mr. Wang Zhengwei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မက်စ်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညစာစားပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက် စကားပြောကြားသည်။ **(ဝဲပုံ)**

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်(CPPCC) ဒုတိယဥက္ကဋ္ဌတို့က ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာအတူတကွ သုံးဆောင်ကြသည်။

**သတင်းစဉ်**

# ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာနအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်

**ထားဝယ် မေ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ ထားဝယ်ခရိုင်ရုံး စာကြည့်တိုက်အား လူထုအခြေပြုဗဟိုဌာန(Community Centre) အဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ခြင်းနှင့် ရွေ့လျားစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ရှိ ၎င်းရုံးနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ မျက်နှာစာတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြရာ ကျောင်းသားကျောင်းသူများက ဘင်ခရာနှင့် ပန်းဖွားအကများဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရွေ့လျားစာကြည့်တိုက်ယာဉ်ငယ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။ ဆက်လက်၍ လူထုအခြေပြုဗဟိုဌာနအတွင်းရှိ ကလေးစာကြည့်တိုက်ကို ကြည့်ရှုကြပြီး ၎င်းတွင်ရောက်ရှိနေကြသည့် ကလေးငယ်များအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကစားစရာအရုပ်များ ပေးအပ်ကြသည်။

ယင်းနောက် လူထုအခြေပြုဗဟိုဌာနရှိ စာကြည့်တိုက်ခန်းမ၊ ပြတိုက်ငယ်၊ လက်တော့ပ်ကွန်ပျူတာများ အသင့်တပ်ဆင်ထားသော သင်တန်းခန်းမ၊ ဆွေးနွေးပွဲခန်းမများကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ယာပုံ)**



ထို့နောက် လူထုအခြေပြု ဗဟိုဌာနဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ လူထုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက်(Mobile Library) ဖွင့်ပွဲအခမ်းအနားဒုတိယပိုင်းကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက် ဖြန့်ဝေပေးသည့် ပြန်ကြားရေးလုပ်ငန်း၊ ပြည်သူလူထုအတွက် အသိပညာဗဟုသုတဖြည့်ဆည်းပေးသည့် ပညာပေးလုပ်ငန်းနှင့် ပြည်သူလူထုအတွက် ဖျော်ဖြေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပါကြောင်း၊ သတင်းအချက်အလက်များ ဖြန့်ဝေမှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရုပ်သံနှင့် ရေဒီယိုထုတ်လွှင့်မှုဖြင့်လည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နိုင်ငံပိုင်သတင်းစာများအပြင် Myanmar Digital News - MDN အမည်ဖြင့် Online မှ လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများမှ ပေးပို့သော အနယ်နယ်အရပ်ရပ်မှ သတင်းများကို နိုင်ငံပိုင်မီဒီယာများအပြင် MOI Website မှ လည်းကောင်း ထုတ်လွှင့်ဖော်ပြပေးလျက်ရှိပါကြောင်း။

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး ဦးစီးဌာနအနေဖြင့်လည်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်နိုင်ရန်ဆောင်ရွက်ခြင်း၊ စာတမ်းဖတ်ပွဲများနှင့် စာအုပ်ဈေးတန်းစီစဉ်ဆောင်ရွက်ပေးခြင်း၊ မြန်မာ့စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေနိုင်ရန်နှင့် မြန်မာဂန္ထဝင်စာအုပ်အတွဲ ၁၀၀ စာစဉ်ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့်လည်း အများပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နေပါကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် စာကြည့်တိုက်များတွင် ကလေးစာဖတ်ခန်းနှင့် ပြတိုက်ငယ်များ ထည့်သွင်းဆောင်ရွက်မှုအပြင် သင်တန်းများ၊ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် စာဖတ်ဝိုင်းများ ကျင်းပပြုလုပ်မှုမှစပြီး ရပ်ရွာလူထုအတွက် တန်ဖိုးရှိပြီး အသုံးဝင်သည့် နေရာ၊ လူအများစုဝေးသည့် လူထုအခြေပြု ဗဟိုဌာနများ ဖြစ်လာစေရန် အဆင့်မြှင့်တင်မှုနှင့်အတူ ပြောင်းလဲဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်လည်း ပူးပေါင်းပြီး ရွေ့လျားစာကြည့်တိုက်များ အပါအဝင်ဆောင်ရွက်နေပါကြောင်း။

ထို့ပြင် Community Centre များတွင် Book Club,Youth Club, Women's Club များလည်း ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ ဒီမိုကရေစီအင်္ဂါရပ်များနှင့်အညီ ပြည်သူများအကြား ဆွေးနွေးပြောကြားနိုင်ရန် ပြည်သူ့စကားဝိုင်း(Public Talk)များ ကျင်းပလျက်ရှိရာ ယခုအခါ အကြိမ် ၁၀၀ ကျော် ရှိနေပြီဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန့်သော်ကောင်းတို့က အမှာစကားပြောကြားကြပြီး ထားဝယ်ဒေသခံပြည်သူများကိုယ်စား ဒေါက်တာကျော်လွင်စိုးက လူထုအခြေပြုဗဟိုဌာနနှင့် ရွေ့လျားစာကြည့်တိုက် ဖွင့်လှစ်ပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်းနှင့် တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်တို့သည် "လူငယ်နှင့်မူးယစ်ဆေး" ခေါင်းစဉ်ဖြင့် ကျင်းပသည့် ပြည်သူ့စကားဝိုင်း(Public Talk) သို့ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းမှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေ ပေးအပ်ခဲ့သည်။

**ခိုင်ထူး(ပြန်/ဆက် )**

# လူငယ်နှင့်မူးယစ်ဆေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပ

**ထားဝယ် မေ ၂၁**

ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဖော်ဆောင်ပေးနိုင်ရန်၊ မိမိရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများရှိလာစေရန်၊ ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုမြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ချက်များဖြင့် ထားဝယ်ခရိုင် လူထုအခြေပြုဗဟိုဌာနရှိ ယာယီမဏ္ဍပ်တွင် "လူငယ်နှင့် မူးယစ်ဆေး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း(Public Talk )ကို ယနေ့နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

ပြည်သူ့စကားဝိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် လူငယ်လူရွယ်များ တက်ရောက်ကြသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့်ဆိုးကျိုးများကို လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် တရားသူကြီးချုပ် ဦးတင်အောင်က မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာအချက်အလက်များကို လည်းကောင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး နေမျိုးက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်နေမှုကို လည်းကောင်း၊ ထားဝယ်ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာအေးအောင်နှင့် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်မင်းထွန်းတို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများကို လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် သက်ဆိုင်ရာအလိုက် ပြန်လည်ဆွေးနွေးဖြေကြားကြသည်။



ဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြည်သူ့စကားဝိုင်းများတွင် ဒီမိုကရေစီအင်္ဂါရပ်များနှင့်အညီ ပွင့်ပွင့်လင်းလင်းနှင့် လွတ်လွတ်လပ်လပ် ဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆွေးနွေးရာတွင် တစ်ဦးတစ်ယောက်နှင့် အဖွဲ့အစည်းများကို ထိခိုက်ပြောဆိုခြင်းများကို ရှောင်ရှားပြီး ယဉ်ကျေးစွာဖြင့် ဆွေးနွေးပွဲ အောင်မြင်ပြီးမြောက်အောင် ဆွေးနွေးကြရမည်ဖြစ်ကြောင်း၊ ယခုစကားဝိုင်းမှ အစပြုပြီး အလေ့အထဖြစ်အောင် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပါဝင်ဆွေးနွေးပြောကြားခဲ့သည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ကုန်ပစ္စည်းမျိုးစုံကို ယုတ္တိမတန်စွာ လွန်လွန်ကဲကဲ အမွှမ်းတင်၍ ကြော်ငြာနေကြခြင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြား

**နေပြည်တော် မေ ၂၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ကြေညာသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် ကြယ်ပွင့်ပြ မေးခွန်းခြောက်ခုကို ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် ဦးကျော်မျိုးတို့က ဖြေကြားခြင်း၊ အစီရင်ခံစာတစ်ခု ဖတ်ကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးထွန်းထွန်းဦး၏ **ယနေ့ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းရှင်အချို့သည် မီဒီယာပေါင်းစုံကို အသုံးပြုပြီး အလှကုန်၊ ဆေးဝါး၊ စားသောက်ကုန်၊ စိုက်ပျိုးရေးလုပ်ငန်းသုံးကုန် စသည့်ကုန်ပစ္စည်းမျိုးစုံတို့ကို ပကတိ အခြေအနေမှန်နှင့် များစွာကွာဟပြီး ယုတ္တိမတန်စွာ လွန်လွန်ကဲကဲ အမွှမ်းတင်၍ ကြော်ငြာနေကြခြင်းများကို ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် စီးပွားရေးလုပ်ငန်းရှင်များမှ ကုန်ပစ္စည်းကြော်ငြာများ လာရောက်ထည့်သွင်းသည့်အခါ သင့်တင့်လျောက်ပတ်သော ကြော်ငြာဈေးနှုန်းဖြင့် ကောက်ခံပြီး ဝန်ကြီးဌာနက ဖွဲ့စည်းထားသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဆင်ဆာဘုတ်အဖွဲ့သို့ တင်ပြကာ စိစစ်ခွင့်ပြု ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုသို့ စိစစ်ရာတွင်လည်း ချမှတ်ထားသည့်မူဝါဒနှင့်အညီ ကြော်ငြာမည့် ကုန်ပစ္စည်း၏ ကုန်ပစ္စည်းအမှတ်တံဆိပ်၊ ကုန်ပစ္စည်းမှတ်ပုံတင်လက်မှတ်၊ ကုမ္ပဏီမှတ်ပုံတင် လက်မှတ်၊ FDA ခွင့်ပြုချက်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ထောက်ခံချက် စသည့်လိုအပ်သည့်စာရွက်စာတမ်းများနှင့်အတူ ပြသမည့် ဗီဒီယိုဖိုင်ကို စနစ်တကျ စိစစ်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ စိစစ်ဆောင်ရွက်ရာတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကြော်ငြာမူဝါဒအရ နိုင်ငံတော်အလံ၊ နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်၊ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်အကြီးအကဲနှင့် ငွေကြေးသင်္ကေတများကို မလေးစားသည့် တင်ပြမှုများ၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှုကို ထိခိုက်စေသည့် ဖန်တီးတင်ပြမှုများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်၊ လမ်းညွှန်ချက်မှအပ နိုင်ငံရေးဆိုင်ရာ ကြော်ငြာများ၊ နိုင်ငံရေးပါတီတစ်ခုခု၏ နိုင်ငံရေးမူဝါဒ (သို့မဟုတ်) ရပ်တည်ချက်များနှင့် သက်ဆိုင်သည့် ကြော်ငြာများကို လက်ခံခွင့်ပြုခြင်း မရှိပါကြောင်း။

ထို့ပြင် နိုင်ငံတွင်းနေထိုင်ကြသည့် တိုင်းရင်းသားတစ်မျိုးမျိုး၏ လူမျိုးရေး (သို့မဟုတ်) ယဉ်ကျေးမှုကို ထိခိုက်မုန်းတီးစိတ် ဖြစ်စေသည့်ကြော်ငြာများ၊ ကိုးကွယ်ယုံကြည်မှုများကို နှိမ့်ချစော်ကားရာရောက်သည့် ကြော်ငြာများ၊ ကာမရာဂကို လှုံ့ဆော်ရာရောက်သည့်စာများ၊ ပုံများ၊ ဝတ်စားဆင်ယင်မှုများ၊ ရာဇဝတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါး သုံးစွဲခြင်းများကို အားပေးလှုံ့ဆော်သည့် ကြော်ငြာများ၊ လူကုန်ကူးမှုကို အားပေးသည့် ကြော်ငြာများ၊ မသန်စွမ်းသော ပုဂ္ဂိုလ်များအား နှိမ့်ချစော်ကား ပြက်ရယ်ပြုလှောင်ပြောင်သည့် ကြော်ငြာများ၊ ဆေးဝါးနှင့်ပတ်သက်၍လည်း သမားရိုးကျမဟုတ်သော ကုထုံးများ၊ လောကီပညာ (ဂမ္ဘီရပညာ) သို့မဟုတ် အလားတူကုထုံးများ၊ အလွန်အကျူး အမွှမ်းတင်ထားသည့်ပစ္စည်းနှင့် စားသောက်ကုန်များ၊ အရက်သေစာနှင့် ဆေးလိပ်ဆေးတံများ စသည့်ကြော်ငြာများကို လက်ခံဆောင်ရွက်ခြင်း မပြုပါကြောင်း။

မိမိတို့၏ ကုန်ပစ္စည်းများကို ပကတိအခြေအနေနှင့် ကွာဟပြီး ယုတ္တိမတန်စွာ အလွန်အကျူး အမွှမ်းတင်လျက် ကြော်ငြာနေကြခြင်းမှာ ကြော်ငြာလောက၏ သဘာဝတစ်ခုဟု ဆိုနိုင်သော်လည်း ၎င်းတို့ ထုတ်လုပ်သည့် ကုန်ပစ္စည်းများကို အများပြည်သူ သိရှိစေရန် ကြော်ငြာလိုသည့်အခါ ပြန်ကြားရေးဝန်ကြီးဌာန အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ ကြော်ငြာမူဝါဒအတိုင်း လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ နေ့စဉ်ထုတ်လွှင့်လျက်ရှိသော ရေဒီယို၊ ရုပ်မြင်သံကြား အစီအစဉ်များ၊ နိုင်ငံပိုင်သတင်းစာများ၊ အကျိုးတူ ဆောင်ရွက်လျက်ရှိသည့် ရုပ်သံလွှင့်ကုမ္ပဏီများ၊ FM ကုမ္ပဏီများအတွက် အများပြည်သူဝန်ဆောင်မှု မီဒီယာဆိုင်ရာ ကြော်ငြာမူဝါဒကို ထုတ်ပြန်ကြော်ငြာထားသည့်အတိုင်း တိကျစွာ လိုက်နာရန် ဆောင်ရွက်စေလျက် ရှိပါကြောင်း၊ လိုအပ်ချက်များ ရှိပါကလည်း သတိပေး ကြပ်မတ်ဆောင်ရွက်ရန် စီစဉ်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ၂၀၁၄ ခုနှစ် မေလ ၃ ရက်တွင် ထုတ်ပြန်ထားသည့် သတင်းမီဒီယာကျင့်ဝတ် အပိုဒ် ၂၃ တွင် ကြော်ငြာခြင်း၊ ကုန်ပစ္စည်းများ ထည့်သွင်းဖော်ပြခြင်းနှင့် ကြော်ငြာမဟုတ်သော အစီအစဉ်များတွင် လိုက်နာဆောင်ရွက်ရန် လိုအပ်သည်များကို အတိအကျ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ထိန်းချုပ်ကွပ်ကဲခြင်း မပြုနိုင်သည့် လူမှုကွန်ရက်များအပါအဝင် မီဒီယာပေါင်းစုံတွင် ကုန်ပစ္စည်းမျိုးစုံကို ယုတ္တိမတန်စွာ အမွှမ်းတင်လျက် ကြော်ငြာနေကြခြင်း၏ အန္တရာယ်ဆိုးကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကောင်းစွာသိရှိနားလည်ပါကြောင်း၊ ယင်းတို့ကို ပိုမိုထိရောက်စွာ ဟန့်တားနိုင်ရန်အတွက် အခြားသော ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးအောင်လှထွန်း



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၂)မှ ဦးထွန်းထွန်းဦး

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၏ **မကွေးတိုင်းဒေသကြီး၏ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာတို့တွင် မြစ်ကမ်းပါးပြိုကျမှုများ လျော့ပါးသွားရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ခေတ်မီကျွမ်းကျင်သည့် နည်းပညာများနှင့်အတူ ရေရှည်စီမံကိန်းများ ချမှတ်လျက် လုပ်ကိုင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဧရာဝတီမြစ်ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းများကို နည်းလမ်းနှစ်သွယ်ဖြစ်သည့် တိုက်ရိုက်ကာကွယ်ခြင်းနည်းစနစ်နှင့် သွယ်ဝိုက်ကာကွယ်ခြင်းနည်းစနစ်တို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တိုက်ရိုက်ကာကွယ်ခြင်းနည်းစနစ်သည် လတ်တလော ရေစားကမ်းပြိုနေမှုကို အမြန်ဆုံးထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ရန် အခြေအနေပေးသည့် ကမ်းပြိုကမ်းစား ဖြစ်ပေါ်နေသော နေရာများတွင် မြေထိန်းနံရံများ တည်ဆောက်ပေးခြင်း (သို့မဟုတ်) ကမ်းပါးလျှောစောက်ပြုပြင်၍ မျောကရစ်တန်းများရိုက်ခြင်းတို့ ဆောင်ရွက်ပေးခြင်း ဖြစ်ပါကြောင်း။

သွယ်ဝိုက်ကာကွယ်ခြင်းနည်းစနစ်ကို ရေတိုက်စားကမ်းပြိုလျက်ရှိသော နေရာတွင် ရေအနက်များသဖြင့် တိုက်ရိုက်ကာကွယ်ခြင်း ဆောင်ရွက်၍ မရနိုင်သော နေရာများ၌ ဆောင်ရွက်ပေးလေ့ရှိပါကြောင်း၊ ကမ်းပြိုနေရာ၏ အထက်ဘက် သဲသောင်ပြန့်ရှိသော နေရာမှစ၍ အောက်ဘက်တွင် သဲနုန်းများ အနည်ကျစေပြီး ရေလမ်းကြောင်းကို သွေဖည်စေသော ရေလွှဲရေကာများ တည်ဆောက်ပေးခြင်း၊ ယာယီထိန်းသိမ်းနိုင်ရန် ရေစီးနှုန်းလျော့ကျစေသော ရေကာများ တည်ဆောက်ပေးခြင်း၊ လှိုင်းပုတ်ခြင်းနှင့် အပေါ်ယံရေစီးပွတ်တိုက်မှု အကာအကွယ်များ တည်ဆောက်ပေးခြင်းနှင့် သောင်တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ရေရှည်စီမံကိန်းများနှင့်ပတ်သက်၍ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် အောက်ပိုင်း ရေလမ်းကြောင်းများ ပြုပြင်ထိန်းသိမ်းရန် ၁၉၈၈ ခုနှစ်တွင် ကမ္ဘာ့ဘဏ်အကူအညီဖြင့် နယ်သာလန်နိုင်ငံ Royal Haskoning Engineering Co., Ltd. နှင့် ရေးဆွဲခဲ့သော Master Plan ကို အခြေပြု၍ မြစ်ကြမ်းပြင်ပြုပြင်နည်းစနစ်ဖြင့် ယခုအချိန်အထိ ဧရာဝတီမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးကို ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း သုံးနှစ်တာကာလတွင် ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်မည့် ဧရာဝတီမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေး အစီအစဉ်များအတွက် စုစုပေါင်း ငွေကျပ် ၄၇ ဒသမ ၇၇ ဘီလီယံ ခန့်မှန်းလျာထားပါကြောင်း။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မကွေးတိုင်းဒေသကြီး၏ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာတို့တွင် ကမ်းပါးပြိုကျမှုများ လျော့ပါးရေးအတွက် ရေတိုက်စားကမ်းပြိုမှု၏ ပင်မအကြောင်းအရင်းဖြစ်သော ရေလမ်းကြောင်းပြောင်းလဲမှုများကို တည်ငြိမ်စေရန် ပင်မစီမံချက်ပါ ဦးစားပေးအစီအမံများကို ဆောင်ရွက်ပေးနိုင်ပါက ပိုမိုထိရောက်မည်ဖြစ်ပါသဖြင့် လာမည့်သုံးနှစ်အတွင်း ရေလမ်းကောင်းမွန်ရေး လုပ်ငန်းများကို ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစိုးသိန်းက **ကယားပြည်နယ် လွိုင်ကော်မြို့တော်တွင် ဖြတ်သန်းစီးဆင်းလျက်ရှိသော ဘီလူးချောင်းကို ပြည်ထောင်စုအစိုးရမှ တာဝန်ယူထိန်းသိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ အဓိက ကုန်သွယ်ရေကြောင်း သွားလာအသုံးပြုသည့် ဧရာဝတီနှင့်ချင်းတွင်း မြစ်ကြီးများ၏ ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေရခြင်းကြောင့် ဘီလူးချောင်းအပါအဝင် ရေကြောင်းသွားလာအသုံးပြုမှုနည်းပါးသည့် အခြားမြစ်ချောင်းများ ထိန်းသိမ်းရေးအတွက် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တို့အတွက် ရေးဆွဲထားသော လုပ်ငန်းအစီအမံများတွင် ဘီလူးချောင်းထိန်းသိမ်းရေး လုပ်ငန်း ဆောင်ရွက်ရန် ရန်ပုံငွေတင်ပြတောင်းခံထားခြင်း မရှိပါကြောင်းနှင့် ဘီလူးချောင်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကယားပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင်လည်းကောင်း၊ အရေးပေါ်ရန်ပုံငွေမှလည်းကောင်း တင်ပြတောင်းခံမည်ဆိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျွမ်းကျင်မှုနှင့် နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်နှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၆)မှ ဒေါက်တာစိုင်းဆိုင်ကျော်ဆမ်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် စိုင်းထွန်းအောင်က သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် ယင်းဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီမှ တင်ပြခဲ့သည့် အပိုဒ်၊ အပိုဒ်ခွဲများကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်းသာ ပြန်လည်အတည်ပြုနိုင်ရန်နှင့် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ခံယူသင့်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ် ရယူသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန်ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို မေ ၂၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

## သွေးလွန်တုပ်ကွေးရောဂါ သတိပြုပါ

**သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများမှာ**

- ရုတ်တရက်အဖျားတက်လာခြင်းနှင့်အတူ
  - ခေါင်းကိုက်ခြင်း
  - တစ်ကိုယ်လုံးကိုက်ခဲခြင်း
  - ပျို့ခြင်း၊ အန်ခြင်း၊ မစားချင်မသောက်ချင်ဖြစ်ခြင်း
  - ခန္ဓာကိုယ်တွင် အစက်အပြောက်များ ပေါ်လာခြင်းတို့ဖြစ်တတ်ပါသည်။
- ပုံမှန်ရာသီအကူးအပြောင်းတွင် ဖြစ်တတ်သည့် တုပ်ကွေးရောဂါနှင့်လည်း ကွာခြားမှုမရှိသောကြောင့် များသောအားဖြင့် သွေးလွန်တုပ်ကွေးမှန်း မသိလိုက်ကြပါ။
- ကျွမ်းကျင်သူကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်တိုင်းကိရိယာဖြင့် စစ်ဆေးကြည့်လျှင် လက်ဖျံတွင်အစက်အပြောက်များ ပေါ်လာသည်ကို တွေ့နိုင်ပါသည်။
- သွေးလွန်တုပ်ကွေးရောဂါသည် အခန့်မသင့်ပါက သွေးထွက်ခြင်း၊ သွေးလန့်ခြင်းနှင့် အသက်အန္တရာယ်ထိခိုက်သည်အထိ ဖြစ်ပွားနိုင်ပါသည်။

တုပ်ကွေးဖျား ဖျားနာပါက သွေးလွန်တုပ်ကွေးရောဂါဖြစ်နိုင်ခြေရှိပါသဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သွားရောက်ပြသ သင့်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တရုတ်နိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (Chinese People's Political Consultative - CPPCC) ၏ ဒုတိယဥက္ကဋ္ဌ H.E. Mr. Wang Zhengwei နှင့်အဖွဲ့အား ယနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် တရုတ်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုအား ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးမှ ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးသို့ တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးကိစ္စရပ်များတွင် ပိုမိုပူးပေါင်းပါဝင်ကူညီပေးရေး၊ နှစ်နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဆောင်ရွက်ရေး၊ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးခင်မောင်ဝင်း၊ ဦးအောင်မင်း၊ ဒေါက်တာဒေါ်မေဝင်းမြင့်၊ ဦးဇော်သိန်း၊ ဦးခွန်မောင်သောင်း၊ ဒေါ်ခင်စန်းလှိုင်၊ ဦးခင်အေး၊ ဦးဝင်းသိန်းဇော်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တရုတ်နိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ




**နေပြည်တော် မေ ၂၁**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် (CPPCC) ဒုတိယဥက္ကဋ္ဌH. E. Mr. Wang Zhengwei နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဆောင် Talk Room ၌ လက်ခံ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံအကြား ပြည်သူ၊ အစိုးရ၊ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေ့အကြုံများ မျှဝေရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် (CPPCC) ၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးကဏ္ဍတို့တွင် ပါဝင်ဆောင်ရွက်မှုအခြေအနေများ နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်ရေးရာ ကော်မတီများဖြစ်သည့် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၊ တိုင်းရင်းသားရေးရာကော်မတီ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ ဆောက်လုပ် ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီတို့မှ ဥက္ကဋ္ဌများ၊ အမျိုးသားလွှတ်တော် မြန်မာ-တရုတ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကာတာစင်တာအဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ကာတာစင်တာ၏ အမှုဆောင်အရာရှိချုပ် Ms.Mary Ann Peters နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ကြိုတင် ဆောင်ရွက်နေမှု၊ ကာတာစင်တာအဖွဲ့အနေဖြင့် ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့များအား သင်တန်းများပို့ချခဲ့မှုနှင့် Civic Education ဆောင်ရွက်ခဲ့မှု၊ ၂၀၁၈ ခုနှစ် ကြားဖြတ် ရွေးကောက်ပွဲနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတို့တွင် ကာတာစင်တာအဖွဲ့က ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာခြင်းလုပ်ငန်းစဉ်အား ဆောင်ရွက်သွားမည့်အစီအစဉ်နှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ဆက်လက်ပံ့ပိုး ကူညီသွားမည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကာတာစင်တာ၏အမှုဆောင်အရာရှိချုပ် သံအမတ်ကြီးဟောင်းအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကာတာစင်တာ၏ အမှုဆောင်အရာရှိချုပ် သံအမတ်ကြီးဟောင်း Ms. Mary Ann Peters အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံ သည်။

ထိုသို့တွေ့ဆုံစဉ် အမေရိကန်အခြေစိုက်ကာတာစင်တာအား သမ္မတဟောင်း ဂျင်မီကာတာနှင့်ဇနီးတို့က တည်ထောင်ခဲ့ပြီး ကမ္ဘာတစ်ဝန်းတွင် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးနေသည့် အဖွဲ့ဖြစ်ပါကြောင်း သံအမတ်ကြီးက ရှင်းလင်းပြောကြားကာ ဥပဒေရေးရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအပေါ် ကာတာစင်တာမှ အကူအညီပေးနိုင်မည့် အခြေအနေများ နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**✪ ဒုတိယသမ္မတမှ**

ချင်းရိုးရာ တံခါးတပ်ဆင်မည့် အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဟားခါး-ဂန့်ဂေါလမ်းပေါ်ရှိ မိုင်တိုင် အမှတ်(၁၇/၅) အနီး တောင်ပြိုရှောင်ကွင်းလမ်းအဖြစ် တံတားတည်ဆောက်ရန် လျာထားသည့် နေရာကို ကြည့်ရှုစစ်ဆေးပြီး တောင်ပြိုကျမှုများ မဖြစ်ပေါ်စေရေးအတွက် မြေထိန်းနံရံများတွင် ဗာတီဘာမြက်မျိုးစိုက်ပျိုးသွားရန် မှာကြားသည်။

ဆက်လက်၍ ဟားခါးမြို့နယ် လမ်သုတ်ရွာအနီးရှိ လမ်းအထူးအဖွဲ့(၁၂)၏ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မျိုးထွဋ်က ဟားခါး-ဂန့်ဂေါ-ပုလဲ-မုံရွာလမ်းအား အဆင့်မြှင့်တင်နေမှု၊ ချင်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းတို့ကို အဓိကဆက်သွယ်ပေးသည့် ဟားခါး-မတူပီလမ်းနှင့် မတူပီ-ပလက်ဝလမ်းများအား ဘဏ္ဍာနှစ်အလိုက် ကတ္တရာနှင့် ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုများ၊ လမ်းပိုင်းတစ်လျှောက်၌ မြေပြိုကျမှုများ ကာကွယ်ရေးအတွက် မြေထိန်းနံရံများနှင့် ရေနုတ်မြောင်းများ တည်ဆောက်နေမှု၊ မိုးရာသီတွင် သဘာဝဘေးအန္တရာယ်ကြောင့် ယာယီလမ်းပိတ်ဆို့မှုများဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားများ ကြိုတင်စုဖွဲ့ထားမှုတို့ကို ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**အလေးထားဆောင်ရွက်**

တင်ပြချက်များအပေါ် ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ချင်းပြည်နယ်သည် မိုးများသည့်ဒေသဖြစ်၍ တောင်ပေါ်လမ်းများ ရေရှည်ကြံ့ခိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းမီရန်နှင့် ရေနုတ်မြောင်းများ ကောင်းမွန်ရန် အရေးကြီးသဖြင့် အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ထို့ကြောင့် လမ်းပိုင်းများတစ်လျှောက်ရှိ မြေထိန်းနံရံများနှင့်အတူ ဖောက်လုပ်ထားသည့် ရေဆင်းမြောင်းများ ပိတ်ဆို့မှုမရှိအောင် ဂရုတစိုက် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားသည်။

ယင်းနောက် ဟားခါး-ဂန့်ဂေါ လမ်းပိုင်းအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးရာ လုံကျွေးကျေးရွာ၌ ဒေသခံပြည်သူများက ရိုးရာဓလေ့များအတိုင်း ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဟားခါးမြို့နယ် လေအွမ်(ခ)ကျေးရွာအနီးရှိ ဘုံဖုံးဒေသ Lungrang Klang ထုံးကျောက်တောင်သို့ ရောက်ရှိရာ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အထိ ဘုံဖုံးဒေသ ထုံးကျောက်တောင်အား အသေးစိတ်ပြန်လည်တိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ၎င်းဒေသတွင် ထုံးကျောက်ထုတ်ယူရရှိနိုင်မှု ဆန်းစစ်တွေ့ရှိချက်အရ တစ်နေ့လျှင် တန် ၅၀၀၀ ကျ ဘိလပ်မြေစက်ရုံတည်ဆောက်နိုင်မည့် အခြေအနေကောင်းများ တွေ့ရှိရပါကြောင်း၊ ယင်းစီမံကိန်းအကောင်အထည်ဖော်နိုင်ပါက ချင်းပြည်နယ်သာမက ဆက်စပ်နေသည့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူလူထုအလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့အတွက် များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ အဆိုပါတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လိုအပ်သောဘိလပ်မြေများကို ကရင်ပြည်နယ် မြိုင်ကလေးနှင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်တို့မှ သယ်ယူနေရသည့်အတွက် ကုန်ကျစရိတ်သက်သာလျော့နည်းသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက်လည်း ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP)တိုးတက်လာမည်ဖြစ်ကြောင်း၊ စီမံကိန်းများဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် အလေးထား စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း မှာကြားသည်။

ဘုံဖုံးဒေသထုံးကျောက်တောင်၏ ဧရိယာ ၃၆ ဒသမ ၈ စတုရန်းကီလိုမီတာ အတွင်းမှ သ-၂ နှင့် သ-၃ အဆင့်ရှိ ထုံးကျောက်တန်ချိန် ၅၁၁ ဒသမ ၁၃ သန်းတန်ထွက်ရှိမည်ဟု မြေပြင်ကွင်းဆင်းတိုင်းတာချက်များအရ သိရှိရပြီး ယင်းနှင့် ဆက်စပ်ဧရိယာများတွင် ထုံးကျောက်အမြောက်အမြား ထပ်မံတွေ့ရှိနိုင်သဖြင့် ထိုမှတစ်ဆင့် ဘိလပ်မြေနှင့် အလှဆင်ကျောက်ပြားစက်ရုံစီမံကိန်းများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖြည့်ဆည်းပံ့ပိုးပေး**

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် ဟားခါးမြို့နယ် ဘုံဖုံးကျေးရွာခန်းမသို့ ရောက်ရှိပြီး ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်၊



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား လုံကျွေးကျေးရွာ ပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်ဆည်းပံ့ပိုးပေးမည့် အစီအစဉ်များကို ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ဒုတိယသမ္မတက ဒေသခံပြည်သူများ၏ လတ်တလောလိုအပ်ချက်များနှင့် ရေရှည်ပံ့ပိုးဖြည့်ဆည်းပေးရမည့် ကိစ္စရပ်များကို စနစ်တကျ ဖြည့်ဆည်းပေးနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်မည့် စီမံကိန်းများတွင် မိမိဒေသကို ချစ်ခင်မြတ်နိုးသော စိတ်ဓာတ်ဖြင့် ဆက်လက်ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် ပြောကြား၍ ကျေးရွာနေပြည်သူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ဂန့်ဂေါ-ပုလဲ-မုံရွာ အဓိကပြည်ထောင်စုလမ်းမကြီး၏ လမ်းပိုင်းတစ်လျှောက် လမ်းအဆင့်မြှင့်တင်နေမှု၊ လမ်းပိုင်းကြံ့ခိုင်ရေးအတွက် ဆောင်ရွက်နေမှုနှင့် ပတ်ဝန်းကျင်ကျေးရွာများ၏ လူမှုစီးပွားဘဝအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာအနီးရှိ လမ်းဦးစီးဌာန ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမြင့်ဦးက မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းသည် အာဆီယံ-အာရှ အဝေးပြေးလမ်းမကြီးတွင် ပါဝင်ပြီး အရှည် ၆၇ မိုင်ရှိ၍ လမ်း၏ ၂၀ မိုင် ၅ ဖာလုံအား ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ်သို့ လမ်းချဲ့ထွင်ရန် ဆောင်ရွက်နေမှု၊ လမ်းပိုင်းပေါ်ရှိ တံတားများအား သတ်မှတ်အကျယ်ချဲ့ထွင်ရန် လိုအပ်နေမှု၊ တောင်ပေါ်လမ်းပိုင်းများကို မြေပြိုကျမှုမှကာကွယ်ရန် မြေထိန်းနံရံများတည်ဆောက်သွားရန် လိုအပ်မှု၊ တောင်ပေါ်လမ်းပိုင်းရှိ အတက်၊ အဆင်း ခက်ခဲသည့် နေရာများကို ကိုရီးယားနိုင်ငံအကူအညီဖြင့် စူးစမ်းလေ့လာဆောင်ရွက်ခဲ့မှုနှင့် ယင်းလမ်းပိုင်းနေရာများကို ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ရန် လိုအပ်မှုတို့ကို ရှင်းလင်းတင်ပြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းတင့်က ဌာနမှ ပံ့ပိုးဖြည့်ဆည်းနေမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**စံသတ်မှတ်ချက်များ ပြည့်မီရေး**

တင်ပြချက်များအပေါ် ဒုတိယသမ္မတက လမ်းပိုင်းအဆင့်မြှင့်တင်မှုများအတွက် လိုအပ်သော ဘဏ္ဍာငွေ လျာထားတင်ပြသွားရန်၊ ရရှိလာသည့် ဘဏ္ဍာငွေကိုလည်း လေလွင့်မှုမရှိအောင် စနစ်တကျစီမံစစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်နှင့် ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းအရည်အသွေးစံသတ်မှတ်ချက်များ ပြည့်မီရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ပခုက္ကူ-မုံရွာလမ်းပေါ်ရှိ တောင်ယမားတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမြင့်ဦးက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက တံတားဆိုင်ရာ သတ်မှတ်အရည်အသွေးများနှင့်အညီ တည်ဆောက်သွားရန် မှာကြားသည်။

**အပြီးတည်ဆောက်သွားမည်**

တောင်ယမားချောင်းတံတားသည် စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ပခုက္ကူ-မုံရွာလမ်းပေါ်တွင်တည်ရှိပြီး တံတားအရှည်ပေ ၂၄၀၊ တံတားအကျယ် ပေ ၃၀ နှင့် တံတား၏ ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။ တံတားကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုနှစ် ခြောက်လ ဘတ်ဂျက်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ မေ ၁၆ ရက်မှ ၂၀ ရက်အထိ ခရီးစဉ်အတွင်း ကာကွယ်ရေးဝန်ကြီးဌာနမှ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ရှိ စိုက်ပျိုးမြေဧရိယာဧကေ ၂၁၈ ဒသမ ၉၀ ဧက၊ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်ရှိ စိုက်ပျိုးမြေဧရိယာဧကေ ၄၀၁ ဒသမ ၀၄ ဧကနှင့် မြေလွတ်မြေရိုင်း စုစုပေါင်းဧကေ ၅၁၆၀ ဒသမ ၇၂ ဧကတို့ကို ပြန်လည်စွန့်လွှတ်အပ်နှံပွဲများ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်အတွင်း၌ မြစ်ကမ်းထိန်းနံရံများ၊ တောင်ပေါ်မြေထိန်းနံရံများနှင့် သဘာဝဘေးဒဏ်ခံ ဘက်စုံသုံးအဆောက်အအုံများ တည်ဆောက်နေမှုအပါအဝင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်နေမှုများ၊ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်နိုင်ရေးအတွက် ဆေးရုံများ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း တိုးချဲ့တည်ဆောက်နေမှု၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာ ဆရာမများ ဖြည့်ဆည်းပေးခြင်းနှင့် ကျောင်းများအဆင့်မြှင့်တင်ပေးနေမှု၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှာလ်လုမ်းခံတပ်၊ ရိဒ်ရေကန်၊ ဇိန်မှုတောင်အမျိုးသားဥယျာဉ်နှင့် လိုင်သီလီရေကန်တို့ကို အခြေပြု၍ သဘာဝခရီးသွားလုပ်ငန်းဆောင်ရွက်နိုင်မှု၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်နိုင်မှု၊ ရွှေ့ပြောင်းတောင်ယာ အစားထိုး ပိုးစာပင်နှင့် ကော်ဖီပင်စိုက်ပျိုးရေးတို့ကို တိုးချဲ့ဆောင်ရွက်နိုင်ရေး၊ ချင်းပြည်နယ်၏ အဓိကဆက်သွယ်ရေးလမ်းများဖြစ်သည့် ကလေး-တီးတိန်-တွန်းဇံ-ကျီခါးလမ်း၊ တီးတိန်-ရိဒ်ခေါဒါရ်-ဖလမ်း-ဟားခါးလမ်းနှင့် ဟားခါး-ဂန့်ဂေါလမ်းများ ကြံ့ခိုင်ကောင်းမွန်မှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံပြည်သူများ၏ လတ်တလောလိုအပ်ချက်များနှင့် ရေရှည်ဖြည့်ဆည်းပေးရမည့် လုပ်ငန်းများကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၁**

အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော် လွှတ်တော်ဝင်း သဘင်ဆောင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအတွင်းရေးမှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ IMF အဖွဲ့ဝင်များဖြစ်သော ဂျပန်နိုင်ငံမှ ဌာနေကိုယ်စားလှယ် Mr. Yasuhisa Ojima၊ စီးပွားရေးပညာရှင် ဦးခိုင်ထွန်း၊ အကြံပေးများဖြစ်သော နယူးဇီလန်နိုင်ငံမှ Mr. Micheal Oomen နှင့် ဩစတြေးလျနိုင်ငံမှ Mr. Gregory James Topping တို့နှင့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ဝန်ကြီးဌာန သုံးခု၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် မေ ၂၁**

ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲတွင် **ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး** က ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း အဆင့်တိုးမြှင့်ပေးခဲ့ပြီး ကျောင်းများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အထက်တန်းကျောင်း အဆင့်တိုး ၃၁၃ ကျောင်း၊ အလယ်တန်းကျောင်း အဆင့်တိုး ၁၆၁၂ ကျောင်း၊ မူလတန်းကျောင်း အဆင့်တိုး ကျောင်း ၈၄၀၊ အထက်တန်းကျောင်း(ခွဲ) ၁၇၃ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၇၃၅ ကျောင်း၊ မူလတန်းလွန်ကျောင်း ၉၆၈ ကျောင်း၊ မူလတန်းကျောင်း(ခွဲ) ၄၅၉ ကျောင်း စုစုပေါင်း ကျောင်း ၅၁၀၀ ဖြစ်ပါကြောင်း။

### တစ်သန်းထက် ပိုမို

၂၀၁၇ ခုနှစ် ဇွန်လမှစ၍ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ကျောင်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို ပိုမိုအလေးထား ဆောင်ရွက်နိုင်ခဲ့သဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အထက်တန်းအဆင့်(Grade-10, Grade-11) ကျောင်းသားဦးရေ စုစုပေါင်း တစ်သန်းထက် ပိုမိုတိုးတက်များပြားလာပါကြောင်း။

ဒေသခံတိုင်းရင်းသားများ(အနည်းဆုံးနဝမတန်း Grade 10 အောင်)နေ့စားလစပေး (Teaching Assistants) ခန့်ထားရန် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှစ၍ ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ နေ့စားလစပေး (Teaching Assistants) ၅၁၆၁ ဦးကို သင်ကြားသင်ယူမှုတွင် တိုင်းရင်းသားဘာသာစကားများ သင်ကြားပို့ချရန်နှင့် လိုအပ်သည်များကို ကူညီသင်ကြားပို့ချပေးရန်အတွက် တာဝန်ပေးအပ်ခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ် ဧပြီလမှစ၍ သင်ရိုးညွှန်းတမ်းများကို ပြုပြင်ပြောင်းလဲရန်အတွက် အခြေခံပညာမူလတန်းအဆင့်တွင် JICA ၏ နည်းပညာပံ့ပိုးမှုဖြင့် လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တွင် ADB (အာရှဖွံ့ဖြိုးရေးဘဏ်)၊ EU(ဥရောပသမဂ္ဂ)တို့နှင့် ပူးပေါင်း၍ ကျောင်းသုံးဖတ်စာအုပ်များနှင့် ဆရာလမ်းညွှန်စာအုပ်များကို ပြုစုလျက်ရှိပါကြောင်း။ KG+12 စနစ်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ စတင်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

### ထုတ်ပြန်အသိပေး

ပညာရည်စစ်ဆေးအကဲဖြတ်ရာတွင် ပညာသင်နှစ်တစ်နှစ်တွင် အခန်းဆုံးစစ်ဆေးခြင်းကို ဇူလိုင်လနှင့် ဒီဇင်ဘာလတို့တွင် တစ်ကြိမ်စီ၊ နှစ်ဝက်ဆုံး စစ်ဆေးခြင်းကို အောက်တိုဘာလတွင် တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ဖေဖော်ဝါရီလတွင်တစ်ကြိမ်ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ပညာရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှ ထုတ်ပြန်အသိပေးခြင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

အခြားပြုပြင်ပြောင်းလဲမှုအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီလမှစ၍ ဆရာ ဆရာမများ လစာများကို အပြည့်အဝရရှိရေး ကြိုးပမ်းဆောင်ရွက်ခြင်း၊ ၁၀ နှစ်ပြည့် ကျောင်းသားကျောင်းသူများ နိုင်ငံသားစိစစ်ရေးကတ်များ ရရှိရေးအတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မသန်စွမ်းကျောင်းသား ကျောင်းသူများအားလုံးကို ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ခြင်း၊ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းတည်ဆောက်ရေးလုပ်ငန်းများအားလုံးကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းတည်ဆောက်ရေးလုပ်ငန်းများအားလုံးကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်းတို့ဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ဧပြီလမှစ၍ တစ်နှစ်လုံးတွင် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုများကို လုပ်အားပေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်ဆရာဆရာမများ၊ ဒေသခံလုပ်အားပေးများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။




**ဝန်ကြီးဌာန သုံးခု၏ သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။**

သက်ကြီးစာတတ်မြောက်နှုန်း မြင့်မားလာရေး ဆောင်ရွက်မှုအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ် မတ်လအထိ မြို့နယ် ၄၅ မြို့နယ်တွင် စာသင်ဝိုင်း ၃၇၆၅ ဝိုင်း၊ သင်ကြားသူ ၄၂၉၅ ဦးနှင့် စာတတ်လာသူ ၃၇၃၈၆ ဦး ဖြစ်ပါကြောင်း။

### ကာလတိုသင်တန်းများ

နည်းပညာနှင့် သက်မွေးပညာကဏ္ဍတွင် ၂၀၁၇-၂၀၁၈ ၌ အစိုးရနည်းပညာကောလိပ် သုံးခု၊ အစိုးရစက်မှုလက်မှုသိပ္ပံ ၂၂ ခု၊ အစိုးရနည်းပညာအထက်တန်းကျောင်း ၃၄ ကျောင်း၊ သက်မွေးပညာ သင်တန်းကျောင်း (ELPS/ SMVTI/NVTI) သုံးကျောင်း စုစုပေါင်း ၆၃ ကျောင်း ရှိပါကြောင်း။

နှစ်နှစ်တာကာလအတွင်း အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများတွင် ပုံမှန်ကျောင်းသားဦးရေအပြင် ကာလတိုသင်တန်းများ ဖွင့်လှစ်နိုင်ခဲ့သဖြင့် စုစုပေါင်း ကျောင်းသားဦးရေ ၆၂၂၅၇ ဦးအား သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

အဆင့်မြင့်ပညာကဏ္ဍတွင် ၂၀၁၆ ခုနှစ် ဇွန်လမှစ၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းအား ပညာရေးဝန်ကြီးဌာန Website ဖြစ်သည့် www.moe. gov.mm မှ အသိပေးထုတ်ပြန် ဆောင်ရွက်ခြင်း၊ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ သတ်မှတ်ထားသော တက္ကသိုလ်များတွင် ထုတ်ယူရန်၊ ပြန်လည်လျှောက်ထားရန် စီစဉ်ဆောင်ရွက်ခြင်း၊ တက္ကသိုလ်ဝင်ခွင့်ရသူများစာရင်းကို ပညာရေးဝန်ကြီးဌာန Website မှ အသိပေးထုတ်ပြန်ဆောင်ရွက်ခြင်း၊ ပထမနှစ်ကျောင်းသား ကျောင်းသူများကို နိုဝင်ဘာလလယ်မှစ၍ ကျောင်းအပ်လက်ခံခြင်း၊ စာသင်ဆောင်၊ ကျောင်းသားကျောင်းသူအိပ်ဆောင်၊ စာကြည့်တိုက်၊ ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်၊ ပြင်ဆင်ဖြည့်ဆည်း ဆောင်ရွက်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

၂၀၁၇-၂၀၁၈ တွင် ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ၄၉ ခု၊ နည်းပညာနှင့် ကွန်ပျူတာတက္ကသိုလ် ၆၀ ၊ ပညာရေးကောလိပ် ၂၅ ခု စုစုပေါင်း ၁၃၄ ခု ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိပါကြောင်း။

အဆင့်မြင့်ပညာကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုအခြေအနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သော ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရာတွင် ယခင်က ဥက္ကဋ္ဌ တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးအဖွဲ့ သထုံလမ်း ရန်ကုန်မြို့သို့ တိုက်ရိုက် လျှောက်ထားရသော်လည်း ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများမှစ၍ ဝင်ခွင့်လျှောက်ထားခြင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တက္ကသိုလ် ၁၇ ခုတွင် ဝင်ခွင့်လျှောက်ထားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း ရှင်းလင်းသည်။

### ကိုးရာခိုင်နှုန်း တိုးတက်

ယင်းနောက် **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်** က လေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခု၊ ပြည်တွင်းလေဆိပ် ၃၀ စုစုပေါင်းလေဆိပ် ၃၃ ခုကို အသုံးပြုလျက်ရှိပါကြောင်း၊ ခရီးသည် ဝင်၊ ထွက်မှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ခရီးသည် ၉ ဒသမ ၂ သန်း၊ ၂၀၁၇ ခုနှစ်တွင် ခရီးသည် ၁၀ သန်း ဝင်ရောက်ခဲ့ပြီး ယခင်နှစ်ထက် တိုးတက်မှု ကိုးရာခိုင်နှုန်း တိုးတက်ဝင်ရောက်ခဲ့ပါကြောင်း။

ခရီးသည် ဝင်၊ ထွက်မှုများပြားသည့် ညောင်ဦးလေဆိပ်ကို အရှေ့တောင်အာရှ၌ ပထမဦးဆုံးသော Green Airport အဖြစ် JICA ၏ Grant အထောက်အပံ့ဖြင့် အဆင့်မြှင့်တင်တည်ဆောက်ရန် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ယခုအခါ အသေးစိတ်လေ့လာမှု ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း၊ ချင်းပြည်နယ်အတွက် ပထမဦးဆုံး ဖလမ်းလေဆိပ်သစ်တည်ဆောက်မှုကို ၂၀၂၀-၂၀၂၁ အတွင်း ပြီးစီးရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

ခေတ်မီလေကြောင်းလမ်းညွှန်စက်များ၊ ရှာဖွေရေးစက်ကိရိယာများ တပ်ဆင်အသုံးပြုနိုင်ခဲ့ပြီး လေကြောင်းထိန်းသိမ်းရေးဝန်ဆောင်မှု တိုးတက်ဆောင်ရွက်ပေးနိုင်သဖြင့် ၂၀၁၆-၂၀၁၇ တွင် အမေရိကန်ဒေါ်လာ ၁၀၃ သန်း၊ ၂၀၁၇-၂၀၁၈တွင် အမေရိကန်ဒေါ်လာ ၁၀၄ သန်းစသည်ဖြင့် နှစ်စဉ်နိုင်ငံခြားဝင်ငွေ ပိုမိုရှာဖွေပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံဖြတ်ကျော်ပျံသန်းသည့် လေယာဉ်များကို ထောက်ပံ့ပေးနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းလိုင်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ပျံသန်းနိုင်ရေးအတွက် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လေဆိပ်များတွင် (Surveillance Radar)ရေဒါများ တပ်ဆင်နိုင်ရန် ဂျပန်နိုင်ငံ၏အထောက်အပံ့ရရှိရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

### ဆိပ်ခံတံတား ၃၉ စင်း

ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်း အလျားသည် ၁၃၈၅ မိုင် ရှည်လျားပါကြောင်း၊ ကမ်းရိုးတန်းတစ်လျှောက် ဆိပ်ကမ်းကိုးခုရှိပြီး ရန်ကုန်ဆိပ်ကမ်းသည် အဓိကဆိပ်ကမ်းဖြစ်ကာ နိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ရေကြောင်းကုန်သွယ်မှုပမာဏ၏ ၉၀ ရာခိုင်နှုန်းကျော်ကို ကိုင်တွယ်လျက်ရှိပါကြောင်း၊ ရန်ကုန်ဧရိယာနှင့် သီလဝါဧရိယာတို့၌ အပြည်ပြည်ဆိုင်ရာ ဆိပ်ခံတံတား ယခင်က ၃၃ စင်းရှိပြီး နှစ်နှစ်တာကာလအတွင်း ဆိပ်ခံတံတား ခြောက်စင်း တည်ဆောက်ပြီးစီးခဲ့သဖြင့် ယခုအခါဆိပ်ခံတံတား ၃၉ စင်းရှိလာပြီ ဖြစ်ပါကြောင်း။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ယခုဘဏ္ဍာနှစ်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဝင်ရောက်သည့် ရေယာဉ်အရေအတွက် ယခင်နှစ်ထက်နည်းပါးသော်လည်း အရွယ်အစားကြီးမားသည့် ရေယာဉ်ကြီးများ ဝင်ရောက်နိုင်ရေး ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ယခင်နှစ်ထက် ကုန်တန်ချိန် ခြောက်သန်းကျော် ပိုမိုကိုင်တွယ်နိုင်ခဲ့ပါကြောင်း။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရေလမ်းကောင်းမွန်ရေးလုပ်ငန်း ၁၃ ခုနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၂၃၄ ခုတို့ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နယ်စပ်မြစ်များတွင် မိမိပိုင်မြေမဆုံးရှုံးစေရေးအတွက် ကာကွယ်ထိန်းသိမ်းဆောင်ရွက်မှုအနေဖြင့် တည်ဆောက်ပြီး မြေထိန်းနံရံ တမံအလျား ၃၉၅၄၇ ပေ၊ ၂၀၁၇-၂၀၁၈ ဆောင်ရွက်သည့် မြေထိန်းနံရံ တမံအလျား၂၀၉၀၅ ပေဖြစ်၍ စုစုပေါင်း မြေထိန်းနံရံ တမံအလျား ၇၁၆၄၂ ပေ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ် ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများကို ဦးစားပေးရေလမ်းအလိုက် တစ်နှစ်လျှင် ခုနစ် နေရာ၊ ရှစ်နေရာ ဆောင်ရွက်နိုင်ပြီး ရေကြီးရေလျှံမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ကမ်းပါးပြိုကာကွယ်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ရန်ပုံငွေမှ လုပ်ငန်းနေရာ ၄၂၀ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အဓိကကုန်သွယ်ရေကြောင်းသွားလာရေး မြစ်ကြီးများဖြစ်သော ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ကို ရေနည်းချိန်တွင် ချင်းတွင်းမြစ်၌ ရေအနက်အနည်းဆုံး နှစ်မီတာနှင့် ဧရာဝတီမြစ်၌ အနည်းဆုံး သုံးမီတာရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

### ဖက်စပ်ကုမ္ပဏီ

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြန်မာအမျိုးသားလေကြောင်းတို့နည်းတူ ကော်ပိုရေးရှင်းအသွင်သို့ ပြောင်းလဲဆောင်ရွက်ခဲ့သော်လည်း ဌာနပိုင်ရေယာဉ်အများစုမှာ ဟောင်းနွမ်းခြင်း၊ ခရီးသည်၊ ကုန်စည်သီးခြားမရှိခြင်း၊ ရေလမ်းကြောင်းများ ကျပ်တည်းခြင်း၊ ကုန်းလမ်းကွန်ရက်ဖွံ့ဖြိုးခြင်း စသည့်အခြေအနေများကြောင့် ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေအတွင်းသို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြန်လည်ဝင်ရောက်ခဲ့ပါကြောင်း။

မြန်မာ့သင်္ဘောကျင်းလုပ်ငန်း Joint Venture ဆောင်ရွက်ခြင်းအနေဖြင့် ရေယာဉ်တည်ဆောက်ရေး၊ ဈေးကွက်ပိုမိုရရှိရေး၊ ခေတ်မီစက်ကိရိယာများဖြင့် ရေယာဉ်တည်ဆောက်နိုင်ရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဗီယက်နမ်နိုင်ငံ Dong A Shipbuilding Industry နှင့်ပူးတွဲ၍ Myanma Shipyards- Dong A Joint Venture Co.,Ltd. ထူထောင်ရန် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ဖက်စပ်သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ ဖက်စပ်ကုမ္ပဏီ၏ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါ ဖက်စပ်ကုမ္ပဏီသည် ရေယာဉ်သစ်တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် သံထည်ပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအချိန်အထိ ဖက်စပ်ကုမ္ပဏီသည်ရေယာဉ်သစ် ၂၁ စင်းအား တည်ဆောက်ပြီးစီးခဲ့ပြီး ၁၄ စင်းအား ဆက်လက်တည်ဆောက်လျက်ရှိပါကြောင်း၊ ရေယာဉ် ၅၄ စင်းပြင်ဆင်ပေးခဲ့ပြီး နှစ်စင်းအား ဆက်လက်ပြင်ဆင်လျက်ရှိပါကြောင်း။

### စက်ခေါင်းသစ် ၁၀ စင်း

ရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍတွင် မြန်မာ့မီးရထားအနေဖြင့် ၂၀၁၇ -၂၀၁၈ ခုနှစ်တွင် ခရီးသည်ဦးရေ ၄၆ ဒသမ ၄၈၉ သန်းနှင့် ကုန်တန်ချိန် ၁ ဒသမ ၇၄၄ သန်း သယ်ယူပို့ဆောင်နိုင်ခဲ့ပါကြောင်း၊ ယခင်နှစ်ထက် ခရီးသည် နှစ်သန်းကျော် ပိုမိုသယ်ယူပို့ဆောင်နိုင်ခဲ့ပါကြောင်း။

မြစ်ငယ် လူစီးတွဲတည်ဆောက်ရေးစက်ရုံတွင် ၂၀၁၈ ခုနှစ် မတ်လတွင် တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးသည့်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း လေအိတ်ပါလူစီးတွဲသစ် ၂၁ တွဲကို အပြီးတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နေပြည်တော် စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ချေးငွေ အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၉၁၆ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လတွင် တည်ဆောက်မှုလုပ်ငန်းများပြီးစီးသည့်အတွက် ဧပြီလမှစတင်၍ မြင်းကောင်ရေ ၂၀၀၀ အားရှိ စက်ခေါင်းသစ် ၁၀ စင်းကို ၂၀၁၉ ခုနှစ် မတ်လအတွင်းပြီးစီးရေး တည်ဆောက်လျက်ရှိပါကြောင်း။

ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း ၂၀၁၇-၂၀၂၃ အနေဖြင့် ချေးငွေ ပထမအဆင့် ဂျပန်ယန်း ဘီလီယံ ၂၀၊ ဒုတိယအဆင့် ဂျပန်ယန်း ၂၅ ဘီလီယံ သတ်မှတ်ပြီးဖြစ်ပါကြောင်း၊ ရန်ကုန်-တောင်ငူကြား လမ်းပိုင်းသုံးခုပြုပြင်ရေး(မြို့ပြလုပ်ငန်း)အတွက် CP-101, CP-102, CP-103 တင်ဒါရွေးချယ်၊ ဈေးညှိနှိုင်းခြင်း ပြီးစီးပြီးဖြစ်ပါကြောင်း၊ ရန်ကုန်ဘူတာကြီး အချက်ပြတပ်ဆင်ခြင်းလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်ပါကြောင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၏ ဆောင်ရွက်မှုများအနေဖြင့် ၂၀၁၆ ခုနှစ် မတ်လတွင် ယာဉ်စီးရေ ၅ ဒသမ ၅ သန်းရှိရာမှ ၂၀၁၈ ခုနှစ် မတ်လကုန်တွင် ၆ ဒသမ ၈ သန်းရှိလာသဖြင့် ၁ ဒသမ ၃ သန်း တိုးတက် မှတ်ပုံတင်ပေးနိုင်ခဲ့ပါကြောင်း။

စာမျက်နှာ ၁၁ သို့ »»

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေး နယ်စပ်မျဉ်းအနီး နေထိုင်သူများကိစ္စ မြန်မာဘက်မှ တရားဝင်ကန့်ကွက်

**နေပြည်တော် မေ ၂၁**

နှစ်နိုင်ငံ နယ်စပ်မျဉ်းအနီး နေထိုင်ခွင့်မရှိသောနေရာတွင် လူဦးရေ၊ အိမ်ထောင်စုများ တရားမဝင်တိုးပွားလာမှုကို သတင်းဖလှယ်မှုမရှိခြင်းသည် နှစ်နိုင်ငံအကြား ချုပ်ဆိုထားသော နယ်နိမိတ်စာချုပ်ပါ သတ်မှတ်ချက်များကို ချိုးဖောက်ရာရောက်သဖြင့် မြန်မာနိုင်ငံဘက်မှ တရားဝင်ကန့်ကွက်ကြောင်းနှင့် ARSA အကြမ်းဖက်အဖွဲ့များ ရောနှောဝင်ရောက်လာကြောင်း သိရသဖြင့် ကာကွယ်တားဆီးပေးရန်လိုအပ်ကြောင်း၊ မေ ၁၆ ရက် မွန်းလွဲပိုင်းက မြန်မာဘက်ခြမ်း(တောင်ပြို-ဝဲ ဝင်ထွက်)တံတားအနီးရှိ ရှင်းလင်းဆောင်ဦး ကျင်းပခဲ့သည့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲမှူးက ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံပွဲ၌ ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် တပ်ရင်းမှူးက ပြန်လည်ဆွေးနွေးရာတွင် ၂၀၁၇ ခုနှစ်ဖြစ်စဉ်ဖြစ်ပွားပြီး ပြောင်းရွှေ့ဒုက္ခသည်များ ယခုအချိန်အထိ နယ်နိမိတ်မျဉ်းအနီးတွင် နေထိုင်လျက်ရှိကာ ၎င်းတို့ဘက်မှ ထောက်ပံ့ပေးခဲ့မှုများ မရှိပါကြောင်း၊ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး အဆောက်အအုံနှင့်ပတ်သက်၍ နယ်စပ်ရေးရာကိစ္စဖြစ်သဖြင့် ပူးပေါင်းဆောင်ရွက်ရန် ရှိပါကြောင်း၊ သို့ရာတွင် နေရပ်စွန့်ခွာသူများမှာ ကမ္ဘာ့အဖွဲ့အစည်းများမှ ထောက်ပံ့ပေးမှုကြောင့် ရပ်တည်၍ရနေခြင်းဖြစ်ပါကြောင်း၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမှုများအဖြစ် ကမ္ဘာ့အဖွဲ့အစည်းများက ထောက်ပံ့ပေးခြင်းဖြစ်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ကန့်ကွက်၍မရပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်အေးချမ်းရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

»» **စာမျက်နှာ ၁၀ မှ**

လုပ်ငန်းဆောင်ရွက်မှုများမှာ ယာဉ်မှတ်ပုံတင် သက်တမ်း တစ်နှစ်မှ နှစ်နှစ်သို့ ဖြေလျှော့ပေးမှုတွင် မည်သည့် အကွာရာ၊ ကိုယ်ပိုင်၊ လူစီးအုပ်စုဝင်ယာဉ်ငယ်များ၊ အင်ဂျင်ပါဝါ ၆၆၀ စီစီယာဉ်များ နှစ်လဲမှတ်ပုံတင် သက်တမ်းအား တစ်နှစ်မှ နှစ်နှစ်သို့ ဖြေလျှော့ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ နှစ်လဲမော်တော်ယာဉ်များ Online Booking စနစ်ကျင့်သုံးမှု(ရန်ကုန်တိုင်းဒေသကြီး)တွင် ရန်ကုန်တိုင်းဒေသကြီး နှစ်လဲမှတ်ပုံတင်သည့် ယာဉ်စီးရေများပြားသဖြင့် အချိန်ကြာမြင့်စွာ တန်းစီစောင့်ဆိုင်းရသည့် အခက်အခဲကို ဖြေလျှော့ပေးရန်အတွက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှစ၍ ကြိုတင်စာရင်းသွင်းမှတ်သားသည့် Online Booking စနစ်ကို ကျင့်သုံးခဲ့ပါကြောင်း၊ ယာဉ်မောင်းလိုင်စင်များအား Smart Card ဖြင့် ပြောင်းလဲထုတ်ပေးမှုတွင် ဒေသတွင်းနယ်စပ်ဖြတ်ကျော် ပို့ဆောင်မှုများဆောင်ရွက်ရာတွင် အဆင်ပြေမှုရှိစေရန်၊ နိုင်ငံတကာအဆင့်မီဖြစ်စေရန်အတွက် ယာဉ်မောင်းလိုင်စင်များကို Smart Card ဖြင့် ပြောင်းလဲထုတ်ပေးခဲ့ပါကြောင်း။

### ၂၂ ရာခိုင်နှုန်း တိုးတက်

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ဆောင်ရွက်မှုများအနေဖြင့် ဆက်သွယ်ရေးကဏ္ဍတွင် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ များစွာဝင်ရောက်လာခဲ့ပြီး ယနေ့မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းသုံးစွဲနိုင်မှု အခြေအနေမှာ ၁၁၀ ဒသမ ၄၃ ရာခိုင်နှုန်းခန့်အထိ ရောက်ရှိနေပြီဖြစ်ရာ ၂၀၁၆ ခုနှစ် မတ်လအထိရှိသည့် မိုဘိုင်းဖုန်းသုံးစွဲနိုင်မှု ၈၆ ဒသမ ၂၀ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်လျှင်ပင် ၂၂ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

မိုဘိုင်းဖုန်းကွန်ရက်လွှမ်းခြုံမှုမှာ MPT ၉၀ ဒသမ ၀၁ ရာခိုင်နှုန်း၊ Telenor ၈၉ ဒသမ ၆ ရာခိုင်နှုန်းနှင့် Ooredoo ၉၀ ဒသမ ၅ ရာခိုင်နှုန်းရှိပါကြောင်း၊ ဖိုက်ဘာကေဘယ်လ်ဆက်ကြောင်းများ တည်ဆောက်ထားရှိမှု အခြေအနေတွင် ဆက်သွယ်ရေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရန် ဖိုက်ဘာကေဘယ်လ်ကွန်ရက်များကိုလည်း နိုင်ငံတစ်ဝန်း ချခင်းတည်ဆောက်ခဲ့ရာ၌ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကီလိုမီတာ ၂၃၄၀၀ ခန့်ရှိခဲ့ရာမှ ယခုအချိန်အထိ တစ်နိုင်ငံလုံးအနေဖြင့် ပင်မဖိုက်ဘာကေဘယ်လ်ဆက်ကြောင်း ကီလိုမီတာ ၄၂၂၀၀ ကျော် ချခင်းထားရှိပြီး ဖြစ်ပါကြောင်း။

မြန်မာ့စာတိုက်လုပ်ငန်း၏ အထူးဝန်ဆောင်မှုလုပ်ငန်းများတွင် ပြည်တွင်း အမြန်ချောပို့လုပ်ငန်း ၂၉၆ မြို့၊ ပြည်တွင်းရိုးရိုးငွေပို့လွှာလုပ်ငန်း ၇၈၃ မြို့၊ ပြည်တွင်းအမြန်ငွေပို့လွှာလုပ်ငန်း ၄၁၂ မြို့၊ ယနေ့ပို့မနက်ဖြန်ရောက် အိမ်တိုင်ရာရောက်ပေးဝေခြင်း ၈၃ ရုံး၊ နေ့ချင်းရောက်စာဝေ(Same Day Delivery) ရုံး ၁၂၀၊ Home Town Product Delivery ၂၂ မြို့၊ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း ၁၀၂ နိုင်ငံ၊ @ Post ၂၄၄ ရုံး၊ Online Shopping ၄၁ ရုံး၊ EMS International နှင့် ပြည်ပချောထုပ်ထွက် ကောင်တာ ၁၇၈ ရုံး၊ CB Bank ၁၃၆ ရုံး၊ My Kyat ၃၃၄ ရုံး၊ OK Dollar ၇၈ ရုံးတို့ရှိပါကြောင်း။

### ရေဒါသုံးလုံး တပ်ဆင်နိုင်

မိုးလေဝသနှင့် ဇလဗေဒကဏ္ဍတွင် မုန်တိုင်းများ၏ တည်နေရာ၊ ပြင်းအားနှင့် ရွေ့လျားမှုလမ်းကြောင်းများကို အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်း၍ သတင်းပေးချက်များ အခါမလပ် ထုတ်ပြန်နိုင်ရန် ဂျပန်နိုင်ငံအကူအညီဖြင့် မိုးလေဝသရေဒါသုံးလုံးကို တပ်ဆင်နိုင်ခဲ့ပါကြောင်း။

အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ ၃၀ ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ဂျပန်နိုင်ငံ၏အကူအညီဖြင့် ၂၀၁၆ ခုနှစ် မေလကုန်တွင် အပြီးတပ်ဆင်ခဲ့ပါကြောင်း၊ ကိုရီးယားနိုင်ငံ၏ အကူအညီဖြင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအထိ တိုင်းဒေသကြီး၊ ပြည်နယ်ရှိ စခန်း ၂၀ တွင် တပ်ဆင်ခဲ့ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဧရာဝတီမြစ်ဝှမ်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း Component(2)အရ မိုးလေဝသစခန်း ၉၀ တွင် အလိုအလျောက်တိုင်းတာရေးကိရိယာများ တပ်ဆင်ရန်ရှိသည့်အနက် စခန်း ၈၀ တွင် တပ်ဆင်ထားပြီးဖြစ်ပါကြောင်း၊ ဆက်လက်၍ ကိုရီးယားနိုင်ငံ၏ အကူအညီဖြင့် အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ အလုံး ၂၀ ထပ်မံ တပ်ဆင်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

စင်ကာပူနိုင်ငံ နမ်ယန်းနည်းပညာတက္ကသိုလ်နှင့် ပူးပေါင်း၍ နှစ်နှစ်တာအတွင်း ယာယီမြေငလျင်စက် အလုံး ၂၀၊ အမြဲတမ်းမြေငလျင်စက် ၁၀ လုံးတပ်ဆင်ရာတွင် ပဲခူး၊ စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းဒေသကြီး လေးခုနှင့် ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၉ လုံး တပ်ဆင်ပြီးဖြစ်ပါကြောင်း၊ ကျန်တစ်လုံးကို ပဲခူးမြို့တွင် တပ်ဆင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း။

အိန္ဒိယနိုင်ငံအစိုးရ၏အကူအညီဖြင့် မြေငလျင်စခန်း ရှစ်ခု စက်တပ်ဆင်ခြင်း ဆောင်ရွက်လျက်ရှိရာ တောင်ကြီး၊ ကသာနှင့် ညောင်ဦးမြို့များတွင် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ပြီးစီးခဲ့ပြီး တောင်ငူ၊ ကန့်ဘလူ၊ သီပေါ၊ ဂွနှင့် ထားဝယ်မြို့များတွင် တပ်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အချုပ်အားဖြင့် နိုင်ငံတစ်ဝန်း ၂၀၁၅-၂၀၁၆ အထိ မိုးလေဝသ၊ ဇလဗေဒ၊ မြေငလျင်စခန်း စုစုပေါင်း ၁၈၈ ခု ရှိသည့်အနက် နှစ်နှစ်တာအတွင်း မိုးလေဝသစခန်း နှစ်ခု၊ ဇလဗေဒစခန်း နှစ်ခု၊ မြေငလျင်စခန်း ငါးခု အသစ်တိုးချဲ့ဖွင့်လှစ်ခဲ့ပါကြောင်း ရှင်းလင်းသည်။

### မျှော်မှန်းချက်ချမှတ်

ထို့နောက် **တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးလှမော်ဦး** က တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရန် မျှော်မှန်းချက်ချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို အပြည့်အဝရရှိရေး၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းရေးနှင့် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်အခြေခံ၍ ထာဝစဉ် အတူတကွ လက်တွဲနေထိုင်ရေး၊ တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ ထုံးတမ်း၊ အမျိုးသားရေးလက္ခဏာနှင့် သမိုင်းအမွေအနှစ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးစသည့် မူဝါဒ(၄)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ရည်မှန်းချက်အနေဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးစသည့် ပြည်ထောင်စုစိတ်ဓာတ်များ တိုးတက်ရှင်သန်စေရေး ဆောင်ရွက်ရန်၊ တိုင်းရင်းသားများ၏ အခွင့်အရေးကို ဥပဒေပါ သတ်မှတ်ချက်များအတိုင်း အပြည့်အဝခံစားရရှိစေရေး ဆောင်ရွက်ရန်၊ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ သမိုင်း၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ရိုးရာဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်၊ တိုင်းရင်းသားများ၏မူလဝိသေသလက္ခဏာများ မပျောက်ပျက်စေရေးအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးဆောင်ရွက်ရန်၊ တိုင်းရင်းသားလူမျိုးများ၏ဒေသများတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့် လူမှုစီးပွားဘဝများ တိုးတက်မြင့်မားစေရေး ဆောင်ရွက်ရန်တို့ဖြစ်ပါကြောင်း။

### ဆရာ ဆရာမ ၅၁၆၁ ဦး ခန့်ထား

တိုင်းရင်းသားစာပေနှင့် ဘာသာစကားများ ထိန်းသိမ်းခြင်းအနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် တိုင်းရင်းသား ကလေးငယ်များသင်ကြားသည့် ဘာသာရပ်များကို တိုင်းရင်းသားဘာသာစကားဖြင့် လိုအပ်သည်များ ကူညီရှင်းပြသင်ကြားပေးရန် နေ့စားလပေး ဆရာ ဆရာမ (Teaching Assistants- TA)များ ခန့်ထားနိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နေပြည်တော်တို့တွင် ဆရာ ဆရာမ ၅၁၆၁ ဦးကို ခန့်ထားနိုင်ခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဟုမ္မလင်းမြို့နယ်၊ ဗန်းမောက်မြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများတွင် သျှမ်းနီတိုင်းရင်းသားဘာသာသင်ကြားနိုင်ရေး၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း သုံးကျောင်းတွင် အရှုံချင်းဘာသာသင်ကြားနိုင်ရေးနှင့် ပြဋ္ဌာန်းစာအုပ် အတည်ပြုပုံနှိပ်ပေးနိုင်ရေးတို့အတွက် ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်းပေးနိုင်ခဲ့ပါကြောင်း။

နွေရာသီကျောင်းပိတ်ချိန်တွင် အခြေခံပညာကျောင်းများ၌ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေကို တိုင်းရင်းသားဘာသာ ၄၄ မျိုးဖြင့် ဘာသာပြန်ဖြန့်ဝေနိုင်ခဲ့ပါကြောင်း။

### နိုင်ငံတော်၏ အထောက်အပံ့

မြန်မာဘာသာစကားမှသည် တိုင်းရင်းသားဘာသာစကားဆီသို့ စကားပြောစာအုပ်ပြုစုခြင်း၊ တိုင်းရင်းသားများ၏ ရိုးရာပုံပြင်များ၊ စကားပုံများနှင့် စကားထာများကို စုဆောင်း၍ စာအုပ်ပြုစုခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း။

ဝန်ကြီးဌာနသို့ ဆောင်ရွက်ပေးရန် တင်ပြလာသည့် ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များတွင် ဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးရှိ ခရမ်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ရှိ ဒေးဒရဲမြို့နယ်၊ ပုသိမ်ခရိုင်နှင့် မအူပင်ခရိုင်တို့အတွင်းမှ ကျေးရွာပေါင်း ၃၀ ခန့်တွင် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်၏ အထောက်အပံ့ဖြင့် ဆိုလာပြားများ တပ်ဆင်ပေးနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကြိမ်ချောင်းကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(မူလွန်)အား အခြေခံပညာအလယ်တန်းကျောင်းသို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျောက်တောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အထက်တန်းကျောင်းအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

ကရင်ပြည်နယ် ဘားအံမြို့နယ် ခရားအတွင်းရွာ အခြေခံပညာအထက်တန်းကျောင်းတွင် စာသင်ဆောင် မလုံလောက်သည့်အတွက် တိုးချဲ့ကျောင်းဆောင် ဆောက်လုပ်ပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း။

### စာအုပ်များ ထုတ်ဝေနိုင်ရေး

ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်များနှင့် တိုင်းရင်းသားများ၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာဖော်ဆောင်နိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသစ်များ ဆောက်လုပ်ခြင်း၊ ဝန်ထမ်းအင်အား ဖြည့်တင်းခန့်ထားရေးကို ဆောင်ရွက်ခြင်း၊ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်သော တိုင်းရင်းသားမျိုးနွယ်စုများ၏ Documentary များ မှတ်တမ်းတင်ရိုက်ကူးနိုင်ရေး ဆောင်ရွက်ခြင်း၊ တိုင်းရင်းသားလူမျိုးများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန Website လွှင့်တင်ခြင်းကို ဆောင်ရွက်ခြင်း၊ မူလတန်းကြို တိုင်းရင်းသားကလေးငယ်များ စာသင်ကြားရာတွင် အထောက်အကူဖြစ်စေရန် တိုင်းရင်းသားရိုးရာ ပုံပြပုံပြင်စာအုပ်များ ထုတ်ဝေနိုင်ရေး ဆောင်ရွက်ခြင်းတို့ဖြစ်ပါကြောင်း ရှင်းလင်းသည်။

အဆိုပါ ဝန်ကြီးဌာနများ၏ ရှင်းလင်းချက်များအပေါ် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများက သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် သိရှိလိုသည်များကို မေးမြန်းကြသည်။

ပညာရေးဝန်ကြီးဌာန၏ ရှင်းလင်းချက်များနှင့်ပတ်သက်၍ သတင်းမီဒီယာများက မသန်စွမ်းကျောင်းသားကျောင်းသူများအား ထောက်ပံ့ပေးမှုအခြေအနေ၊ ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရေးအတွက် ဆောင်ရွက်ပေးနေသည့် အခြေအနေ၊ ပညာရေးကဏ္ဍ၌ ဆက်လက်ပြုပြင်ပြောင်းလဲဆောင်ရွက်သွားမည့် အခြေအနေ၊ ဆရာ ဆရာမများ၏ အပြောင်းအရွှေ့ကိစ္စနှင့် ပတ်သက်သည့် မူဝါဒ၊ သုတေသနဆိုင်ရာ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ဆောင်ရွက်သွားမည့် အခြေအနေ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ မေးခွန်းပုံစံ ပြောင်းလဲစစ်ဆေးမည့် အခြေအနေနှင့် ကိုယ်ပိုင်ကျောင်းများတွင် ဝန်ဆောင်ခ ကောက်ခံဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

### ရွေးချယ်ခွင့်ပြုပေးနေ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ရှင်းလင်းချက်များနှင့်ပတ်သက်၍ ကျောက်ဖြူ ရေနက်ဆိပ်ကမ်း ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဆက်သွယ်ရေးအော်ပရေတာ ရွေးချယ်ခွင့်ပြုပေးနေသည့် အခြေအနေ၊ ဝန်ကြီးဌာနအောက်ရှိ အရှုံးပေါ်နေသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ Social Media Monitoring Team ဖွဲ့စည်းဆောင်ရွက်မှုနှင့် Cyber Law ရေးဆွဲဆောင်ရွက်နေမှုအခြေအနေ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ယာဉ်နံပါတ် ရောင်းချနေမှုနှင့် နိုင်ငံတော်သို့ ဘဏ္ဍာငွေပေးသွင်းမှုအခြေအနေ၊ ပုဂံဒေသရှိ ညောင်ဦးမြို့တွင် Green Airport ဖော်ဆောင်နေမှု အခြေအနေနှင့် ပြည်တွင်းမြစ်ကြောင်း ထိန်းသိမ်းရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

**ဟန်မွေး၊ လင်းနိုင်(သတင်းစဉ်)**

# ပညာရေးဝန်ကြီးဌာန
## “၂၀၁၈-၂၀၁၉ ပညာသင်နှစ်”
## အသိပေးကြေညာချက်

- ❖ **၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။**
- ❖ **၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။**

ပညာရေးဝန်ကြီးဌာန

ပညာရေးဝန်ကြီးဌာန

၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး
ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၁၈၊ မေလ (၂၅) မှ (၃၁) ရက်အထိ

# ပညာရေးဝန်ကြီးဌာန
## “၂၀၁၈-၂၀၁၉ ပညာသင်နှစ်”
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ ကျောင်းသားဦးရေ တိုးတက်များပြားလာခြင်းကြောင့် လည်းကောင်း၊ ကျောင်းအပ်နှံနှုန်းမြင့်မားလာခြင်းကြောင့် လည်းကောင်း၊ ထပ်ကျော့ကျောင်းအပ်နှံခြင်းကြောင့် လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို လုံလောက်စွာ ဖြန့်ဝေပေးလိုပါသဖြင့် မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ **ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်း**များကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ အသက် (၅) နှစ်ပြည့်သူတိုင်းအား သူငယ်တန်း(KG)တွင်လည်းကောင်း၊ အသက် (၆) နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade 1) တွင်လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်နိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ မိဘများအနေဖြင့် မိမိသားသမီးအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူ တာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်မှန်ရေးနှင့် အိမ်စာမှန်မှန်လုပ်ဆောင်ရေးအတွက် မိဘများက ကြီးကြပ်၍ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။
- ❖ သက်ဆိုင်ရာအတန်းများအလိုက် အခန်းဆုံးစစ်ဆေးခြင်းများကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင်တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင် တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ် စုစုပေါင်း (၄) ကြိမ်သာ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူများ သင်ယူတတ်မြောက်မှု ကောင်းမွန်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး မိမိသားသမီးများကို တိုက်တွန်းအားပေးပါရန်။
- ❖ မိဘဆရာအသင်းနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
- ❖ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကျောင်းသား၊ ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာတွက်ချက်တတ်ရန်အတွက် အလေးအနက်ထား ဆောင်ရွက်ပြီး ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်နှင့် မျှဝေခြင်းဆိုင်ရာ အစီအစဉ်တွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe-mm.com သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# ပညာရေးဝန်ကြီးဌာန
## “၂၀၁၈-၂၀၁၉ ပညာသင်နှစ်”
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ **ငွေကြေး/လက်ဆောင်ပစ္စည်း** တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ ကျောင်းဝတ်စုံအတွက် **အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ** ရောင်းချခြင်းမပြုရ။
- ❖ အခြား **မည်သည့်ပစ္စည်းကိုမျှ** ရောင်းချခြင်းမပြုရ။
- ❖ အသက် (၅) နှစ်ပြည့်သူတိုင်းအား သူငယ်တန်း (KG)တွင်လည်းကောင်း၊ အသက် (၆) နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade 1)တွင်လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်လက်ခံဆောင်ရွက်ရန်။
- ❖ ကျောင်းတက်မှန်၍ စာသင်ချိန်ဇယားအတိုင်း ပုံမှန်အတန်းဝင် သင်ကြားသင်ယူပေးရန်၊ ရုံးတက်မှန်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူ တာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ သက်ဆိုင်ရာ အတန်းများအလိုက် အခန်းဆုံးစစ်ဆေးခြင်းများကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင်တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ် စုစုပေါင်း (၄) ကြိမ်သာ ဆောင်ရွက်ရန်။
- ❖ ကျောင်းခေါ်ချိန်မပြည့်သူများ၊ သင်ယူတတ်မြောက်မှုအားနည်းသော ကျောင်းသား၊ ကျောင်းသူများအတွက် ဖြည့်ဆည်းသင်ကြားပေးခြင်း (Remedial Education)ကို ဇူလိုင်လမှစတင်၍ နှစ်ဆုံးစစ်ဆေးခြင်းမတိုင်မီအထိ စဉ်ဆက်ဆောင်ရွက်ရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး ကျောင်းသား၊ ကျောင်းသူများကို တိုက်တွန်းအားပေးပါရန်။
- ❖ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကျောင်းသား၊ ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာတွက်ချက်တတ်ရန်အတွက် အလေးအနက်ထား ဆောင်ရွက်ပြီး ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အကြံပြုလို၊ တိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၃)၊ နေပြည်တော်(သို့မဟုတ်) dpsoffice@moe-mm.com သို့ ပေးပို့ တိုင်ကြားနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# (၁၃)ကြိမ်မြောက် သုတစွယ်စုံစာပေဆု ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

**ရန်ကုန် မေ ၂၁**

စွယ်စုံမီဒီယာဂရု(ပ်) (SweSone Media Group) ၏ သုတစွယ်စုံစာအုပ်တိုက်မှ ချီးမြှင့်မည့် (၁၃)ကြိမ်မြောက် သုတစွယ်စုံစာပေဆုအတွက် ဆုရရှိသူများစာရင်းကို ဆုရွေးချယ်ရေးအဖွဲ့က မေ ၂၁ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဆုရရှိသူများမှာ- သုတစွယ်စုံ တစ်သက်တာစာပေဆုအတွက် ဦးတင်ခ(ဆရာတက္ကသိုလ်တင်ခ)၊ ဘာသာပြန်စာပေ ဘာသာရပ်အတွက် ဟိန်းလတ်၏ ‘ရေထဲမှာလူ. . . လူထဲမှာရေ’၊ နိုင်ငံတကာရေးရာ ဘာသာရပ်အတွက် စိန်ဝင်းစိန်၏ ‘ရှင်သန်ခွင့်’၊ အတ္ထုပ္ပတ္တိစာပေဘာသာရပ်အတွက် ကျော်ထက်ထွန်း၏ ‘ဂျော့ ဆိုရော့စ် သို့မဟုတ် မေတ္တာရှင် သန်းကြွယ်သူဌေးကြီး’၊ စာပဒေသာဘာသာရပ်အတွက် မြင့်သိန်းလှိုင်၏ ‘ရိုးတံကျဲတွေ မြိုင်ထဲမှာ အငိုတိတ်စေချင်’၊ ရည်ညွှန်းစာပေဘာသာရပ်အတွက် သန်းဝင်းလှိုင်၏ ‘အနက်ဖော်ရခက်သော နေ့စဉ်သုံး မြန်မာဝေါဟာရများ အဘိဓာန်’၊ သုတသိပ္ပံဘာသာရပ်အတွက် ဒေါက်တာခင်မောင်ညို၏ ‘အသိဉာဏ်မဲ့ခြင်းဟာ အပြစ်လား’နှင့် အသုံးချသိပ္ပံ ဘာသာရပ်အတွက် ပါမောက္ခသိန်းနှင့် ဒေါက်တာဆု၏ ‘ဆေးပညာပေါင်းချုပ်(၂)’ တို့ဖြစ်ကြသည်။

အထက်ပါဆုများကို တစ်သက်တာစာပေဆုအတွက် ငွေကျပ်သိန်း ၂၀ နှင့် စာအုပ်ဆုများအတွက် စာရေးဆရာ တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီ ချီးမြှင့်မည်ဖြစ်သည်။

သုတစွယ်စုံစာပေဆုကို ၂၀၀၆ ခုနှစ်မှစတင်၍ နှစ်စဉ်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် (၁၃)ကြိမ်မြောက် ချီးမြှင့်ခြင်းဖြစ်ကာ ၂၀၁၆ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များမှ ရွေးချယ်ခြင်းဖြစ်သည်။ စုစုပေါင်း ၁၂ ဆုချီးမြှင့်ရန် လျာထားသော်လည်း ယခုနှစ်အတွက် ဝိဇ္ဇာ၊ လူမှုစီးပွား၊ နိုင်ငံရေးစာပေနှင့် လူငယ်စာပေဘာသာရပ်များအတွက် ဆုချီးမြှင့်နိုင်ခြင်းမရှိ၍ ဆုရှစ်ဆုသာ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့၌ ယခုနှစ် ဇွန်လအတွင်းတွင် ကျင်းပရန် စီစဉ်ထား၍ ဆုချီးမြှင့်မည့် ရက်၊ အချိန်နှင့် နေရာကို ဆက်လက်ကြေညာမည်ဖြစ်ပြီး ဆုရရှိသူများသည် စွယ်စုံမီဒီယာဂရု(ပ်) ဖုန်း-၀၁- ၃၈၅၂၉၃၊ ၃၉၂၇၃၉၊ ၃၇၄၄၀၀ တို့သို့ အမြန်ဆက်သွယ်သတင်းပို့ကြရန် သက်ဆိုင်ရာမှ အကြောင်းကြားထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေပူစစ်ဆေးရေးအဖွဲ့က ကျပ် ခုနစ်သန်းကျော်တန်ဖိုးရှိ သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၁**

မူဆယ်နှင့် မန္တလေးမြို့များသို့ သွားရောက်မည့် ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မေ ၂၀ ရက်တွင် ပိန်းဆာကျေးရွာအနီး၌ ALPHARD မော်တော်ယာဉ် တစ်စီးကို တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခုံးရွေ ၁၈ တုံး (သုည ဒသမ ၇၀၃၀ တန်)၊ ပိတောက် သုံးပေအောက် သစ်လေးလုံး (သုည ဒသမ ၁၄၂၀ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၁၁၅ သန်းခန့်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

တရားဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၅၉ စီး၊ သွင်းကုန် ၉၆၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈ စီး၊ သွင်းကုန် ၂၀၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၉၁၁ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၆ သန်းခန့်) စုစုပေါင်းတားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃ ဒသမ ၅၁၁ သန်းခန့်)ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၄၈ နာရီအတွင်း ကွန်တီ ကိုထုတ်ပယ်ပြီး အင်းနရစ် ကို ချယ်လ်ဆီးနည်းပြသစ်အဖြစ် ခန့်အပ်မည်




ချယ်လ်ဆီးအသင်းသည် နည်းပြ ကွန်တီကို နောက် ၄၈ နာရီအတွင်း ထုတ်ပယ်မည်ဖြစ်ပြီး ဘာစီလိုနာနည်းပြဟောင်း အင်းနရစ်ကို ချယ်လ်ဆီးနည်းပြသစ်အဖြစ် ခန့်အပ်မည်ဖြစ်ကြောင်း အားကစားဆောင်းပါးရှင် တိုနီဘန့် ရေးသားချက်ကို အိပ်စ်ပရက်စ်အွန်လိုင်းသတင်းဌာနက ဖော်ပြခဲ့သည်။ ကွန်တီမှာ ချယ်လ်ဆီးအတွက် အက်ဖ်အေဖလား ဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ချန်ပီယံလိဂ်ဝင်ခွင့်လွဲချော်ခဲ့သည့်အတွက် ထုတ်ပယ်ခံရရန် အနီးစပ်ဆုံးအခြေအနေ ရောက်ရှိနေခြင်းဖြစ်သည်။ ချယ်လ်ဆီးအနေဖြင့် ကွန်တီကို ထုတ်ပယ်မည်ဆိုပါက ကွန်တီ၏ စာချုပ်အရ နောက်ဆုံးနှစ် လုပ်ခလစာ ပေါင် ကိုးသန်းကို လျော်ကြေးအဖြစ် ပေးချေရမည်ဖြစ်သည်။

ချယ်လ်ဆီးနည်းပြသစ်အဖြစ် ဘာစီလိုနာနည်းပြဟောင်း အင်းနရစ်၊ မိုနာကိုနည်းပြ ဂျာဒင်၊ နာပိုလီနည်းပြ ဆာရီတို့ နာမည်ထွက်နေသော်လည်း အင်းနရစ်မှာ ကွန်တီနေရာဆက်ခံမည့်သူအဖြစ် ထိပ်ဆုံးမှ ရေပန်းစားနေခြင်းဖြစ်သည်။ ကွန်တီမှာ ပြီးခဲ့တဲ့နှစ် ဘောလုံးရာသီက ပရီမီယာလိဂ်ဖလား၊ ယခုနှစ်ဘောလုံးရာသီတွင် အက်ဖ်အေဖလားရယူပေးနိုင်ခဲ့သော်လည်း မန်ယူကို အနိုင်ရရှိသည့် အက်ဖ်အေဖလားဗိုလ်လုပွဲအပြီးတွင် ပြောကြားခဲ့သည့် သူ၏ပြောစကားအရ ချယ်လ်ဆီးမှ ထွက်ခွာရမည်ကို မျှော်လင့်ထားပြီးဖြစ်ကြောင်း သေချာပေါက် တွက်ဆနိုင်သည်။

ကွန်တီက "တစ်ခါတလေ ခင်ဗျားအနေနဲ့ ရည်မှန်းချက် တူချင်မှတူမှာပါ၊ ပြီးခဲ့တဲ့ဘောလုံးရာသီက ကျွန်တော်တို့ လိဂ်ဖလားရရှိပြီးချိန်မှာ ကျွန်တော်နဲ့ ကလပ်အသင်းတို့ဟာ ဒီဖလားကို ကာကွယ်ဖို့ နည်းလမ်းမှန်ကို ရှာဖွေရမယ်လို့ ပြောကြားခဲ့ပါတယ်၊ ကျွန်တော်က ဒါကြောင့် ဆက်နေဖို့ဆုံးဖြတ်ခဲ့ပြီး အလုပ်ကိုလည်း ကြိုးစားလုပ်ခဲ့ပါတယ်၊ ခင်ဗျားအနေနဲ့ ကျွန်တော့်လိုလူမျိုးကို နည်းပြအဖြစ်ခန့်အပ်ရင် ဒီလိုအလုပ်မျိုးအတွက် အားဖြည့်ဆောင်ရွက်မှုတွေ စတင်လုပ်ဆောင်ရမယ်ဆိုတာ သိကိုသိရပါမယ်၊ ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ ကိုယ်ရည်ကိုယ်သွေး၊ ကျွန်တော့်ရဲ့ဘောလုံးအယူအဆကို မပြောင်းလဲနိုင်ပါဘူး၊ ကျွန်တော်ဟာ ဖလားများဆုရှင်တစ်ယောက်ပါ" ဟု ပြောကြားခဲ့သည်။

**မေလှဲ့သင်း**

## အောဘရာမိုဗစ် ဗီဇာကိစ္စကြောင့် အက်ဖ်အေဖလား ဗိုလ်လုပွဲစဉ်နှင့် လွဲခဲ့ရဟုဆို

ချယ်လ်ဆီးအသင်းပိုင်ရှင် အောဘရာမိုဗစ်သည် ဗြိတိန်ဗီဇာကိစ္စပြဿနာကြောင့် အင်္ဂလန်နိုင်ငံ ဝင်ဘလေကွင်းတွင် ချယ်လ်ဆီးအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းမရှိခဲ့ဘဲ လွဲခဲ့ရကြောင်း သိရသည်။

အောဘရာမိုဗစ်၏ ဗီဇာသည် သက်တမ်းကုန်ဆုံးခဲ့သည်မှာ သီတင်းပတ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်ပြီး အသစ်ပြန်လည်လျှောက်ထားသည့် ဗီဇာသည်လည်း ကြန့်ကြာနေခဲ့ရကာ ယင်းသို့ကြန့်ကြာမှုနှင့်ပတ်သက်၍ ရှင်းပြနိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း သိရသည်။

မည်သို့ပင်ဆိုစေ အဆိုပါပြိုင်ပွဲများအား မတက်ရောက်နိုင်ခဲ့ခြင်းမှာ ရုရှားဘီလီယံနာသူဌေးတစ်ဦးအတွက် မဖြစ်နိုင်သည့်အခြေအနေတစ်ရပ်ဖြစ်သော်လည်း ရုရှားနှင့် ဗြိတိန်အကြားထားရှိသည့် သံတမန်ဆက်ဆံရေးကြောင့်သာ ဖြစ်နိုင်သည်ဟု သုံးသပ်သူများက ဆိုသည်။

# တိုက်စစ်မှူး နေမာ အထူးကုသမှုလိုအပ်နေဟု နည်းပြသစ်ပြောကြား




ပီအက်စ်ဂျီအသင်း၏ အားထားရသည့် တိုက်စစ်မှူး နေမာသည် ဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်သော်လည်း လက်ရှိတွင် အထူးကုသမှု လိုအပ်နေသေးသည်ဟု ပီအက်စ်ဂျီအသင်း နည်းပြသစ် သောမက်တက်ချယ်က ပြောကြားခဲ့သည်။

တိုက်စစ်မှူး နေမာသည် ပြီးခဲ့သည့် ဩဂုတ်လအတွင်းက စပိန်နာမည်ကြီးကလပ် ဘာစီလိုနာအသင်းမှ ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ယူရို ၂၂၂ သန်းဖြင့် ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများရှိနေခဲ့သည်ဟုလည်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

ဘရာဇီးတိုက်စစ်မှူး နေမာသည် ဖေဖော်ဝါရီလကတည်းက ခြေထောက်ဒဏ်ရာ ရရှိထားခြင်းကြောင့် ပီအက်စ်ဂျီအသင်းတွင် ပါဝင်ကစားနိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း ပြင်သစ်ပထမတန်းပြိုင်ပွဲ၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ရယူဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

လာမည့်ဇွန်လတွင် စတင်ကျင်းပမည့် ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဘရာဇီးအသင်း၏ ပွဲထွက် ကစားသမားစာရင်းတွင် တိုက်စစ်မှူး နေမာ ပါဝင်လာမည်ဖြစ်သည်။

အသက် ၂၆ နှစ်အရွယ်ရှိ တိုက်စစ်မှူး နေမာသည် ပီအက်စ်ဂျီအသင်းတွင် တစ်နှစ်ကြာ ပါဝင်ကစားပြီးနောက် အသင်းမှ ထွက်ခွာကာ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားမည်ဟု သတင်းထွက်နေသော်လည်း ပီအက်စ်ဂျီအသင်းဥက္ကဋ္ဌ အယ်လ်ခီလိုင်ဖီကမူ ယင်းအကြောင်းနှင့်ပတ်သက်၍ ငြင်းဆိုခဲ့သည်။

**ငွေကြယ် - ရေးသားသည်**

## ဖယ်လိုင်နီအား စာချုပ်ချုပ်ဆိုခေါ်ယူရန် အေစီမီလန် မျှော်လင့်နေ

မန်ယူကွင်းလယ်ကစားသမား ဖယ်လိုင်နီသည် အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန် ပျက်ပြယ်ခဲ့ပြီးနောက် အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းက စာချုပ်ချုပ်ဆိုခေါ်ယူရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

မန်ယူအသင်းသည် ကွင်းလယ်ကစားသမား ဖယ်လိုင်နီအား အသင်းတွင် ဆက်ရှိရန် စာချုပ်သစ်ချုပ်ဆိုလိုသော်လည်း ဖယ်လိုင်နီကမူ လာမည့်လတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဥရောပ၏ ထိပ်တန်းအဆင့်ရှိ ကလပ်အသင်းများ၏ စိတ်ဝင်စားမှုကိုလည်း ခံထားရပြီး အေစီမီလန်အသင်း အားကစားဒါရိုက်တာ မီရာဘယ်လီကလည်း ကွင်းလယ်ကစားသမား ဖယ်လိုင်နီအား ခေါ်ယူလိုကြောင်း အခိုင်အမာပြောကြားခဲ့သည်။

အေစီမီလန်အသင်းက အသက် ၃၀ အရွယ်ရှိ ကွင်းလယ်ကစားသမား ဖယ်လိုင်နီအား သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခေါ်ယူမည်ဖြစ်ပြီး ဖယ်လိုင်နီအနေဖြင့် ၎င်း၏လုပ်ခလစာကို တစ်ပတ်ပေါင် ၁၂၀၀၀၀ အထိ လိုချင်ကြောင်း ပြောကြားထားသည်။

ကွင်းလယ်ကစားသမား ဖယ်လိုင်နီသည် ချယ်လ်ဆီးအသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလားနောက်ဆုံးဗိုလ်လုပွဲတွင် ကြွက်သားဒဏ်ရာကြောင့် မပါဝင်နိုင်ခဲ့သော်လည်း ရုရှားနိုင်ငံတွင် ကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘယ်လ်ဂျီယံအသင်းနှင့်အတူ ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

ဖယ်လိုင်နီသည် ၂၀၁၃ ခုနှစ်က ပြောင်းရွှေ့ကြေးပေါင် ၂၇ ဒသမ ၅ သန်းဖြင့် အဲဗာတန်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီးမန်ယူအသင်းတွင် ငါးနှစ်ကြာ ပါဝင်ကစားပေးထားပြီးဖြစ်သည်။

# ယခုနှစ်နွေတွင် မန်ယူမှထွက်ခွာမည်ဆိုသည်ကို ပေါ့ဘာ ငြင်းဆန်




မန်ယူကွင်းလယ်လူ ပေါ့ဘာကို ပီအက်စ်ဂျီအသင်းမှ ချိတ်ဆက်မှုများ ပြုလုပ်နေသော်လည်း မန်ယူအသင်းမှ ထွက်ခွာမည်ဆိုသည့်ကိစ္စရပ်များအပေါ် ငြင်းဆန်သွားခဲ့သည်။ Chanal + နှင့် အင်တာဗျူးပြုလုပ်စဉ် ပေါ့ဘာက ကစားသမားတစ်ဦးအနေဖြင့် ရာသီသစ်တွင် မည်သို့သောအာမခံချက်မျိုးမှ မရရှိနိုင်သော်လည်း မန်ယူမှ ထွက်ခွာမည်ဆိုသည့်ကိစ္စရပ်ကို ငြင်းဆန်ခဲ့သည်။

ယခုနှစ်ဘောလုံးရာသီတွင် ပေါ့ဘာမှာ အရန်ခုံပေါ်တွင်ထိုင်ခဲ့ရသည့် ပွဲစဉ်များရှိခဲ့သည်။ နွေစျေးကွက်ဖွင့်လှစ်ချိန် မန်ယူမှထွက်ခွာနိုင်သည့် ကစားသမားများထဲတွင် ပေါ့ဘာလည်း ပါဝင်နိုင်ကြောင်း သတင်းထွက်နေရာ ပေါ့ဘာက သူနှင့် မော်ရင်ဟိုကြား မပြေလည်မှုများရှိနေနိုင်သော်လည်း ယခုနှစ်နွေစျေးကွက်အတွင်း မန်ယူမှထွက်ခွာမည်မဟုတ်ကြောင်း အတည်ပြုခဲ့သည်။

ပေါ့ဘာက "ကျွန်တော် အကြိမ်ပေါင်းများစွာ မကစားရဘဲ အရန်ခုံပေါ်မှာ ထိုင်ခဲ့ရပါတယ်၊ ဒီကိစ္စရပ်အပေါ် အများကြီးပြောစရာတွေ ဖြစ်ခဲ့တယ်။ လူတွေအနေနဲ့ ဒီနေရာမှာ ထင်မြင်တာတွေမှားနေပြီး နည်းပြနဲ့ကစားသမားဆိုတာ အချစ်ဆုံးသူငယ်ချင်းတွေ မဟုတ်ကြပါဘူး၊ ဘယ်သူကမှလည်း စားသောက်ဆိုင်ကို အတူသွားဖို့ ဖိအားပေးလို့မရဘဲ စိတ်ပိုင်းဆိုင်ရာများလည်း မပြေလည်မှုတွေရှိနိုင်ပါတယ်"ဟု ဖြေကြားသွားခဲ့သည်။

သို့သော် ပေါ့ဘာက မော်ရင်ဟိုဟာ သူ့ကို မန်ယူအသင်းခေါင်းဆောင်အဖြစ် ဆောင်ရွက်စေသည့်ပွဲစဉ်မှာ သူ့အတွက် စိတ်ပိုင်းဆိုင်ရာတွန်းအားပေးမှုများစွာရရှိခဲ့ပြီး ပြင်သစ်လက်ရွေးစင်အသင်းအတွက်ပါ အသင်းခေါင်းဆောင်အဖြစ် ဆောင်ရွက်နိုင်သည့်အရည်အသွေးကို ပြသနိုင်ခဲ့ကြောင်း ဆိုခဲ့သည်။ ပေါ့ဘာက ပီအက်စ်ဂျီအသင်းမှ ချိတ်ဆက်နေသည်ဟူသောသတင်းများနှင့် ပတ်သက်ပြီး ဖြေကြားရာတွင် သူနှင့် သူ့မိဘများက မာဆေးလ်ပရိသတ်များဖြစ်ကြသည့်အတွက် ပီအက်စ်ဂျီမှာ သူ့ဘဝနှင့် မနီးစပ်သည့်ကလပ်အသင်းဖြစ်ကြောင်း မယုတ်မလွန် ဖြေကြားသွားခဲ့သည်။

**မေလှဲ့သင်း**

# ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

**ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ**
**ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂ ။ )**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၇ ရက်**
**(၂၀၁၈ခုနှစ်၊ မေလ ၂၁ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဇီဝမျိုးစုံမျိုးကွဲ** ဆိုသည်မှာ ကုန်းမြေ၊ ပင်လယ်နှင့် အခြားရေ ဂေဟစနစ်များ၊ ၎င်းတို့ပါဝင်နေသော ဂေဟဗေဒအရဆက်စပ်မှုရှိသည့် အရင်းအမြစ်အားလုံး၏ သက်ရှိများအကြား ကွဲပြားမှုကိုဆိုသည်။ ယင်းစကားရပ်တွင် မျိုးစိတ်များအတွင်း ကွဲပြားမှု၊ မျိုးစိတ်များအကြား ကွဲပြားမှုနှင့် ဂေဟစနစ်များ အကြား ကွဲပြားမှုလည်း ပါဝင်သည်။

(ခ) **တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားလေ့ရှိသော သို့မဟုတ် နေရင်းဒေသမှ အခြားနေရာဒေသသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသော တိရစ္ဆာန်၊ ငှက်၊ ပိုးမွှားနှင့် ရေနေသတ္တဝါတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ယင်းတို့၏ အထီးမျိုးရည်၊ အမမျိုးဥ၊ သန္ဓေသားလောင်း၊ ဥ၊ ပိုးလောင်း၊ တစ်သျှူး၊ အသားစ၊ သွေးရည်နှင့် အစိတ်အပိုင်းများလည်း ပါဝင်သည်။

(ဂ) **သဘာဝအပင်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ရောက်သော အပင်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှိုနှင့် ရေအောက်ရှိအပင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ယင်းတို့၏ မျိုးစေ့၊ တစ်သျှူးနှင့် အစိတ်အပိုင်းများလည်း ပါဝင်သည်။

(ဃ) **သဘာဝထိန်းသိမ်းရေးနယ်မြေ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဂေဟစနစ်များ သို့မဟုတ် ထင်ရှားသော ပထဝီအနေအထားများ တည်ရှိသည့်ဒေသများကို ရေရှည်တည်တံ့ရေးအတွက် ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ ဤဥပဒေအရ သတ်မှတ်ထားသောနယ်မြေကို ဆိုသည်။

(င) **အမာခံထိန်းသိမ်းရေးနယ်မြေ** ဆိုသည်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေအတွင်း ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲတို့ကို ရေရှည်တည်တံ့စေရန် ဤဥပဒေအရ သတ်မှတ်ထားသော နယ်မြေကို ဆိုသည်။

(စ) **ကြားခံနယ်မြေ** ဆိုသည်မှာ သဘာဝထိန်းသိမ်းရေးနယ်မြေ အတွင်းတွင်ဖြစ်စေ၊ ၎င်းနယ်မြေ၏ နယ်နိမိတ်အစပ်တွင်ဖြစ်စေ အမာခံထိန်းသိမ်းရေးနယ်မြေနှင့် ဆက်စပ်နေပြီး အမာခံထိန်းသိမ်းရေးနယ်မြေကို ထိခိုက်မှုမရှိစေဘဲ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန်နှင့် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲခြင်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ကြားခံအဖြစ် သတ်မှတ်ထားသော နယ်မြေကို ဆိုသည်။

(ဆ) **ဂေဟစနစ်** ဆိုသည်မှာ သက်ရှိသတ္တဝါများ၊ သက်မဲ့ရုပ်ဝတ္ထုများနှင့် အပင်များ သဟဇာတဖြစ်လျက် တည်ရှိနေသည့် သဘာဝစနစ်နှင့် ယင်းစနစ်ကြောင့် ဖြစ်ပေါ်ပြောင်းလဲနေသော သဘာဝဝန်းကျင်ကိုဆိုသည်။

(ဇ) **နေရင်းဒေသ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်း ပေါက်ဖွားကျက်စားရာနယ်မြေနှင့် အပင်များ သဘာဝအတိုင်း ပေါက်ရောက်ရာ နယ်မြေတို့ကိုဆိုသည်။

(ဈ) **တိရစ္ဆာန်ဥယျာဉ်** ဆိုသည်မှာ တိရစ္ဆာန်များကို မွေးမြူထိန်းသိမ်းပြီး သုတေသနပြုလုပ်ရန်၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အခကြေးငွေယူ၍သော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကိုဆိုသည်။

(ည) **ရုက္ခဗေဒဥယျာဉ်** ဆိုသည်မှာ သဘာဝအပင်နှင့်စိုက်ပျိုးထားသော အပင်များကို ထိန်းသိမ်းပြီး သုတေသနပြုလုပ်နိုင်ရန်၊ ပညာပေး လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် အခကြေးငွေယူ၍သော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း အများပြည်သူကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် တည်ထောင်ထားသည့် ဥယျာဉ်ကို ဆိုသည်။

(ဋ) **သစ်တောနယ်မြေ** ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောနှင့် သတ်မှတ်ကြေညာထားသည့် ကြိုးပြင်ကာကွယ်တောတို့ကို ဆိုသည်။

(ဌ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ကြီးကြပ်မှုကော်မတီကို ဆိုသည်။

(ဍ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်ထားသည့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် ကြီးကြပ်ရေးအဖွဲ့ကို ဆိုသည်။

(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(တ) **ဝန်ကြီး** ဆိုသည်မှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ထ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဒ) **သစ်တောအရာရှိ** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သဘာဝထိန်းသိမ်းရေးနယ်မြေ အုပ်ချုပ်ရေးမှူး သို့မဟုတ် သစ်တောဦးစီးဌာန၏ မြို့နယ်အဆင့် တာဝန်ခံမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် တာဝန်ခံ အထိ အဆင့်ဆင့်သော အရာရှိများကိုဆိုသည်။

(ဓ) **သစ်တောဝန်ထမ်း** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ တောကြပ်အဆင့်မှ ညွှန်ကြားရေးမှူးချုပ် အဆင့်အထိ အဆင့်ဆင့်သော ဝန်ထမ်းများကို ဆိုသည်။

(န) **အုပ်ချုပ်ရေးမှူး** ဆိုသည်မှာ သဘာဝထိန်းသိမ်းရေး နယ်မြေ၊ တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ်ကို စီမံအုပ်ချုပ်ရန် ညွှန်ကြားရေးမှူးချုပ်က တာဝန်ပေးအပ်ခြင်းခံရသည့် သစ်တော အရာရှိ သို့မဟုတ် သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးကိုဆိုသည်။

(ပ) **လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ ရှားပါးပြီး မျိုးဆက်ပျက်သုဉ်းမည့်အန္တရာယ်ကျရောက်နေခြင်းကြောင့် ကာကွယ်ထိန်းသိမ်းရန် သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သောတောရိုင်းတိရစ္ဆာန်များကို ဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်း ခံရသည့် တောရိုင်းတိရစ္ဆာန်များ၏အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသောပစ္စည်းများလည်း ပါဝင်သည်။

(ဖ) **သာမန်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ကျရောက်မှု အခြေအနေ မရှိသော်လည်း မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ် ခြိမ်းခြောက်ခံရသည့် အဆင့်သို့ ရောက်ရှိလာနိုင်သဖြင့် ကာကွယ်ထိန်းသိမ်းရန်အလို့ငှာ သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော တောရိုင်းတိရစ္ဆာန်များကို ဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်း ခံရသည့် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းနှင့် ယင်းတို့ ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်း ပါဝင်သည်။

(ဗ) **ရာသီအလိုက်ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ကျရောက်နိုင်မှုအဆင့် သို့မဟုတ် မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ခြိမ်းခြောက်ခံရသည့် အဆင့်နည်းပါးပြီး အရေအတွက်ပေါများမှုရှိနေခြင်းနှင့် သဘာဝအလျောက် မျိုးဆက်ပေါက်ဖွားရှင်သန်မှု ကောင်းမွန်ပြီး ပေါများစွာတွေ့ရှိရခြင်းတို့ကြောင့် အမဲလိုက်ခွင့်ပြုရန်ဖြစ်စေ၊ ယင်းတို့၏ နေရင်းဒေသအတွင်း သဘာဝအလျောက် မျိုးဆက်ပေါက်ဖွား ရှင်သန်မှုကို ထိခိုက်မှုမရှိစေရန်ဖြစ်စေ အချိန်ကာလ သတ်မှတ်ကာကွယ် ထိန်းသိမ်းနိုင်ရန်အလို့ငှာ သစ်တောဦးစီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော တောရိုင်းတိရစ္ဆာန်များကို ဆိုသည်။ ယင်းစကားရပ်တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တောရိုင်းတိရစ္ဆာန်များ သို့မဟုတ် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသည့် တောရိုင်းတိရစ္ဆာန်များ၏ အစိတ်အပိုင်းနှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်း ပါဝင်သည်။

(ဘ) **အမဲလိုက်ခြင်း** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်ကို နည်းလမ်းတစ်မျိုးမျိုးဖြင့် အနာတရဖြစ်စေခြင်း၊ ဖမ်းဆီးခြင်း သို့မဟုတ် သတ်ဖြတ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် တောရိုင်းတိရစ္ဆာန်ကို ခွင့်ပြုချက်မရှိဘဲ သယ်ဆောင်ခြင်းလည်း ပါဝင်သည်။

(မ) **ကွန်ဗင်းရှင်း** ဆိုသည်မှာ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင် ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်းကို ဆိုသည်။

(ယ) **မျိုးစိတ်နမူနာ** ဆိုသည်မှာ-
(၁) အရှင်ဖြစ်စေ၊ အသေဖြစ်စေ တိရစ္ဆာန် သို့မဟုတ် အပင်များ၊
(၂) ကွန်ဗင်းရှင်းပြဋ္ဌာန်းချက်အရ ကင်းလွတ်မှုရရှိထားသည့် အစိတ်အပိုင်းများ သို့မဟုတ် ဆင့်ပွားပစ္စည်းများမှတစ်ပါး နောက်ဆက်တွဲစာရင်းဝင် မျိုးစိတ်များတွင် ပါရှိသည့် မျိုးစိတ်များ၊ အပင်များ သို့မဟုတ် တိရစ္ဆာန်မျိုးစိတ်များ၏ အစိတ်အပိုင်းများ၊
(၃) နောက်ဆက်တွဲ စာရင်းဝင်မျိုးစိတ်များတွင်ပါရှိသည့် မျိုးစိတ်များ၊ ကွန်ဗင်းရှင်းပြဋ္ဌာန်းချက်အရ ဆင့်ပွားပစ္စည်းများဖြစ်နိုင်သည့် မည်သည့်အခြေအနေမျိုးမှဖြစ်စေ၊ တွဲဖက်ပါရှိလာသည့် စာရွက်စာတမ်း၊ အမှတ်တံဆိပ်၊ အမှတ်အသား သို့မဟုတ် ထုပ်ပိုးမှုမှဖြစ်စေ အစိတ်အပိုင်းများ သို့မဟုတ် ဆင့်ပွားပစ္စည်းများကို ဆိုသည်။

**ရှင်းလင်းချက်။ နောက်ဆက်တွဲစာရင်းဝင်မျိုးစိတ်များ** ဆိုသည်မှာ ကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်သော နောက်ဆက်တွဲစာရင်း သုံးခုတွင်ပါရှိသည့် မျိုးစိတ်များကို ဆိုသည်။

(ရ) **နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့်တိရစ္ဆာန်နှင့်အပင်များ** ဆိုသည်မှာကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်သော တိရစ္ဆာန်နှင့်အပင်များကို ဆိုသည်။ ယင်းစကားရပ်တွင် ကွန်ဗင်းရှင်းမှ ထုတ်ပြန်သတ်မှတ်ခြင်းခံရသည့် တိရစ္ဆာန်နှင့် အပင်များ၏ အစိတ်အပိုင်း၊ သွေးရည်နှင့် ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းများလည်းပါဝင်သည်။

**ရှင်းလင်းချက်(၁)။ နိုင်ငံတကာကုန်သွယ်မှု** ဆိုသည်မှာ နောက်ဆက်တွဲစာရင်းဝင် မျိုးစိတ်များကို အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တင်ပို့ခြင်း၊ တစ်ဆင့်ခံတင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းနှင့် ပင်လယ်ပြင်မှ စတင်ထုတ်ယူခြင်းတို့ကို ဆိုသည်။

**ရှင်းလင်းချက်(၂)။ ပင်လယ်ပြင်မှ စတင်ထုတ်ယူခြင်း** ဆိုသည်မှာ မည်သည့်နိုင်ငံ၏ အချုပ်အခြာအာဏာ သက်ရောက်မှု မရှိသည့် ပင်လယ်ပြင်မှ ထုတ်ယူသော မျိုးစိတ်တစ်မျိုးမျိုး၏ မျိုးစိတ်နမူနာကို မြန်မာနိုင်ငံအတွင်းသို့ သယ်ဆောင်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ပင်လယ်ပြင်အထက်ရှိ လေထု၊ ပင်လယ်ကြမ်းပြင်နှင့် ပင်လယ်ကြမ်းပြင်အောက်ရှိ မြေလွှာလည်း အကျုံးဝင်သည်။

**အခန်း (၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) နိုင်ငံတော်၏ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ဂ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ဂေဟစနစ်များနှင့် ရာသီအလိုက် ဒေသပြောင်းရွှေ့ကျက်စားလေ့ရှိသော တိရစ္ဆာန်များ ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(ဃ) တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၊ ယင်းတို့၏ အစိတ်အပိုင်းများ၊ ယင်းတို့မှတစ်ဆင့် ထုတ်လုပ်သော ထုတ်ကုန်များ၊ ဆင့်ပွားထုတ်လုပ်သော ပစ္စည်းများကို ကူးသန်းရောင်းဝယ်ခြင်းအား ထိန်းချုပ်ရန်၊

(င) ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေများ၊ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်၊

(စ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများနှင့် အသိပညာပေးရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်၊

(ဆ) တိရစ္ဆာန်ဥယျာဉ်နှင့် ရုက္ခဗေဒဥယျာဉ်များ တည်ထောင်ခြင်းဖြင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရန်။

**အခန်း (၃)**
**ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၄။ အစိုးရအဖွဲ့သည်-

(က) ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော အမျိုးသားအဆင့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့် ကော်မတီကိုလိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီအဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၆။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊

(ခ) ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် မူဝါဒများ ချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ဂ) သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန် အကြံပြုတင်ပြခြင်း၊

(ဃ) သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ရေးနှင့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ အကြံပြုချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်မှုကို ကြီးကြပ်ခြင်း၊

(စ) မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးအတွက် လမ်းညွှန်ခြင်း၊

(ဆ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများ၊ အသိပညာပေးရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊

(ဇ) ဤဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ရာတွင် ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) သဘာဝထိန်းသိမ်းရေးနယ်မြေများအတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့်စပ်လျဉ်း၍ ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) အရ အယူခံမှုအပေါ် စိစစ်ဆုံးဖြတ်ခြင်း။ **(ဆက်လက်ဖော်ပြပါမည်)**



# မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစရိတ်ချေးငွေ သန်းပေါင်း၁၂၃၀၂၅ဒသမ၇၀သန်း ထုတ်ချေးရန်လျာထား

**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(မန္တလေးဘဏ်ခွဲ)မှတိုင်းဒေသကြီးအတွင်းရှိ စုစုပေါင်း စိုက်ဧက ၁၄၀၁၁၂၈ ဧကအတွက် ဘဏ်ချေးငွေကျပ် သန်းပေါင်း ၁၂၃၀၂၅ ဒသမ ၇၀ သန်းကို ပုံစံသစ်ဖြင့် ထုတ်ချေးရန် လျာထားကြောင်း သိရသည်။

"ကျွန်တော်တို့အရင်နှစ်တွေက တောင်သူကိုလယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်(ပုံစံ-၇)မိတ္တူပဲ အပ်ခိုင်းတာပါ။ ဒီနှစ်တော့ ရုံးချုပ်ရဲ့ညွှန်ကြားချက်အတိုင်း စနစ်ပုံစံအသစ် အနေနဲ့ ချေးငွေမကျေပိုင်းကူဆပ်စနစ် မဟုတ်ဘဲ တောင်သူတွေက ငွေချေးယူတဲ့အချိန်မှာ ပုံစံ-၇ မူရင်းကို သက်ဆိုင်ရာမြို့နယ်ဘဏ်ခွဲတွေမှာ အပ်နှံပြီး တစ်ဦးချင်း ကတိနဲ့ချေးတာပါ၊ သူတို့ယူထားတဲ့ ချေးငွေရင်းနဲ့ ကျသင့် အတိုးဒဏ်တိုးအားလုံးကျေပြီဆိုရင် ပြန်ထုတ်ယူခွင့်ရှိပါတယ်၊ အရင်နှစ်ကကြွေးကျန်သူတွေကို ထုတ်ယူခွင့်မပြုပါ ဘူး၊ လုပ်ကွက်ငယ်တောင်သူတစ်ဦးကို အများဆုံး ၁၀ ဧကအထိ ချေးယူခွင့်ရှိပါတယ်"ဟု အဆိုပါဘဏ်မှ တိုင်းမန်နေဂျာဦးဝင်းမြင့်က ပြောသည်။

အဆိုပါဘဏ်အနေဖြင့် ယခုနှစ်မိုးရာသီ သီးနှံထုတ်လုပ်ရန်အတွက် ခွင့်ပြုငွေကျပ်သန်းပေါင်း ၈၅၂၇၆ သန်းဖြင့် ၎င်းတိုင်းဒေသကြီးအတွင်းရှိ မန္တလေး၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ မတ္တရာ၊ စဉ့်ကူး စသည့် မြို့နယ်ဘဏ်ခွဲ ၂၃ ခုမှ စိုက်ပျိုးစရိတ်ချေးငွေများကို ယခုနှစ် မေ ၁၇ ရက်တွင် ကျေးရွာအုပ်စု ၂၇ စုမှ တောင်သူဦးရေ ၁၁၅၈ ဦးအား စပါးဧက ၂၈၇၀ နှင့်အခြားသီးနှံ ၃၁၈၈ ဧကအတွက်ချေးငွေကျပ် ၅၈၉ ဒသမ ၉၀ သန်းကို စတင်ထုတ်ချေးခဲ့ကြောင်း သိရသည်။

"မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေကို ထုတ်ပေးရတဲ့ရည်ရွယ်ချက်က စိုက်ပျိုးထုတ်လုပ်ရာမှာ အထောက်အကူဖြစ်စေဖို့အတွက် လယ်သမားတွေရဲ့ အခက်အခဲကို နိုင်ငံတော်ကနေ စိုက်ပျိုးစရိတ်တစ်စိတ်တစ်ပိုင်းအနေနဲ့ ထောက်ပံ့ပေးတာပါ"ဟု အဆိုပါဘဏ်မှ တိုင်းမန်နေဂျာက ဆက်လက်ပြောသည်။

ယခုနှစ် မိုးရာသီသီးနှံထုတ်လုပ်ရန်အတွက် သီးနှံအမျိုးအစားအလိုက် သတ်မှတ်ထားသည့် ချေးငွေနှုန်းထားများမှာ စပါးတစ်ဧကလျှင် ကျပ် ၁၅၀၀၀၀၊ ချက်ကြံတစ်ဧကလျှင် ကျပ် ၁၀၀၀၀၀ နှင့် မြေပဲ၊ နှမ်း၊ ချည်မျှင်ရှည်ဝါ၊ အစေ့ထုတ်ပြောင်း၊ ဆီမုန်ညင်း၊ ဂုန်လျှော်၊ ပဲမျိုးစုံစသည့် သီးနှံများအတွက် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်ကြောင်း ယင်းဘဏ်၏ စာရင်းများအရ သိရသည်။

"နိုင်ငံတော်ကနေ အခုလို လုပ်ကွက်ငယ်တောင်သူတွေကို ထောက်ပံ့ပေးတာကောင်းပါတယ်၊ အတိုးနှုန်းကလည်းနည်းတယ်၊ စပါးသီးနှံအတွက်တော့ အဆင်ပြေပါတယ်၊ အခြားသီးနှံအတွက်တော့ နည်းနည်းတော့ နည်းတာပေါ့"ဟု မြင်းခြံမြို့နယ် သဘော်တင်ကျေးရွာနေ တောင်သူဦးဘိုတိုးက ပြောသည်။

ဘဏ်ချေးငွေအတွက် အတိုးနှုန်း ရှစ်ရာခိုင်နှုန်းဖြစ်ကာ ငွေချေးကာလမှာ မေနှင့် ဇွန်လအတွင်း သတ်မှတ်ထားပြီး ၂၀၁၉ ခုနှစ် ဧပြီ ၁၅ ရက်တွင် အပြီးပြန်လည်ပေးသွင်း ရမည်ဖြစ်ကြောင်း ယင်းဘဏ်မှ သိရသည်။

**နဒီလှိုင်**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊နည်းဥပဒေနှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ရှင်းလင်းဆွေးနွေး

**မြစ်ကြီးနား မေ ၂၁**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ဦးဆောင်၍ ဂျာမနီအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ)၏ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေရှင်းလင်းဆွေးနွေးပွဲကို မေ ၂၁ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး ဆမားဒူဝါ ဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။

ကချင်ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနကို ၂၀၁၇ ခုနှစ် ဇူလိုင် ၁၀ ရက်မှစတင်ဖွင့်လှစ်ခဲ့ကာ ၂၀၁၈ ခုနှစ် မေ ၁၁ ရက်အထိ မြန်မာနိုင်ငံသားပိုင်ကုမ္ပဏီ ၁၁၇ ခုနှင့် နိုင်ငံခြားကုမ္ပဏီလေးခု စုစုပေါင်း ကုမ္ပဏီ ၁၂၁ ခု အားဖွဲ့စည်းမှတ်ပုံတင်ထားပေးနိုင်ခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်ရန် တင်ဒါလျှောက်ထားလိုသည့်ကုမ္ပဏီများအတွက်လည်း မှတ်ပုံတင်စာရင်းပေးသွင်းခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကချင်ပြည်နယ်သည် ဒေသထွက် ဆန်၊ပဲ၊ ပြောင်းနှင့် တွင်းထွက်ကျောက်မျက်ရတနာများလည်းထွက်ရှိပါကြောင်း၊ အလားတူ ကချင်ပြည်နယ်သည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်သည့် သဘာဝအလှတရားများပြည့်စုံသော ပြည်နယ်တစ်ခုလည်းဖြစ်သဖြင့် ဂုဏ်ယူဖွယ်ရာဖြစ်သည့် ပြည်နယ်ဖြစ်ပါကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများလုပ်ဆောင်ရန် အခွင့်အရေးများစွာရှိသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွန့်၊ ညွှန်ကြားရေးမှူး ဒေါက်တာလွင်သူဇာရွှေတို့က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းတင်ပြ၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်သင်းသင်းမြတ်က မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသိမ့်သိမ့်မိုးက ကချင်ပြည်နယ်နှင့် သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

အခမ်းအနားသို့ ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်ဦးတူးဂျာနှင့် ပြည်နယ်ဝန်ကြီးများ၊ ကချင်ပြည်နယ် စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးပေါ်ဦးနှင့် တာဝန်ရှိသူများ၊ ကချင်ပြည်နယ်အတွင်းရှိ ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဦးလေးကြီး**

# ကံမမြို့နယ်တွင် လေပြင်းတိုက်ခတ် လူနေအိမ်များ ပျက်စီး

**ကံမ မေ ၂၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် မေ ၂၀ ရက် ညနေ ၄ နာရီက ရုတ်တရက် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပယ်ကျကျေးရွာ အုပ်စုပြောင်ကျကျေးရွာတွင် လူနေအိမ် ၁၈ လုံးနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ဝင်းအတွင်းရှိ စာသင်ဆောင်နှစ်ဆောင်တို့မှာ အမိုးလန်ကာ ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ သစ်မယ်ဇီကျေးရွာအုပ်စု သစ်မယ်ဇီကျေးရွာတွင် လူနေအိမ် နှစ်လုံး၊ ဒဂုံကွင်းကျေးရွာတွင် လူနေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခြင်းများဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ပြန်/ဆက်)**

# ကျေးရွာချင်းဆက် နမ့်တဘက်ချောင်းကူးတံတားကြီး ပြန်လည်ပြုပြင်ပြီးစီး၍ ဖြတ်သန်းသွားလာမှုအဆင်ပြေ

**ဆီဆိုင် မေ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ကုန်းဆွတ်ကျေးရွာအုပ်စုအတွင်းရှိ နောင်လိတ်ကျေးရွာ၊ တောင်သာကျေးရွာ၊ လာဇရှုံးကျေးရွာနှင့် တရောက်(ခ)ပင်လေကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ နမ့်တဘက်ချောင်းမကြီးအား ဖြတ်ကျော်တည်ဆောက်ထားသော အဆိုပါသစ်သားတံတားကြီးသည် ယခုအခါ ပြန်လည်ပြုပြင်ပြီးစီးပြီဖြစ်သည်။

အဆိုပါတံတားမှာ အလျားပေ ၁၅၀၊ အနံ ၁၈ ပေ၊ အမြင့် ၁၅ ပေရှိ သစ်သားတံတားအမျိုးအစားဖြစ်ပြီး မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြုပြင်ထိန်းသိမ်းရေးရန်ပုံငွေ ကျပ်သိန်း ၅၀ နှင့် ကျေးရွာပြည်သူများ၏ လုပ်အားဒါနဖြင့် တည်ဆောက်ခြင်းဖြစ်ကာ ယင်းတံတားကို ကျေးရွာ ကိုးရွာမှ ဒေသခံပြည်သူများ အဓိကအသုံးပြုနေပြီး အိမ်ခြေ ၄၃၀၊ လူဦးရေ ၁၈၀၀ ခန့်နေထိုင်လျက်ရှိကြောင်း သိရသည်။

"တံတားမပြုပြင်ခင်က တံတားကယိုင်နေတော့ ဖြတ်ကူးရတာ စိတ်မချမ်းမြေ့ဘူး၊ ကြောက်မိတယ်၊ အခုလို သွားလာရေးအဆင်ပြေအောင် ပြန်လည်ပြုပြင်ပေးတဲ့အတွက် အတိုင်းမသိ ဝမ်းသာပျော်ရွှင်မိတယ်"ဟု ကုန်းဆွတ်ကျေးရွာမှ စိုင်းသြဘာက ပြောသည်။ ယခုတံတားပြီးစီးခြင်းအတွက် သက်ဆိုင်ရာတာဝန်ရှိသူများကို ကျေးဇူးအထူးတင်ရှိကြောင်းနှင့် ဝမ်းမြောက်ကြောင်း ကျေးရွာပြည်သူများထံမှ သိရသည်။

တံတားပြန်လည်ပြုပြင်ခြင်းဖြင့် တောင်သာ၊ လာဇရှုံး၊ တရောက်၊ နောင်လိတ်၊ ကူမွန်း၊ ဖာလိုင်၊ ကုန်းဆွတ်၊ နောင်ယွေး၊ မြေနီကျေးရွာတို့မှ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး များပါ ဖွံ့ဖြိုးတိုးတက်ကာ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# မွေးမြူရေးထုတ်ကုန်များ တိုးတက်ဆောင်ရွက်ရေး နေပြည်တော်ကောင်စီဝင် ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း မေ ၂၁**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ မွေးမြူရေးဇုန်များတွင် ဘေးအန္တရာယ်ကင်းရှင်းသော မွေးမြူရေးထုတ်ကုန်များ တိုးတက်ဆောင်ရွက်စေရေးအတွက် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်သည် နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်နှင့်ခရိုင်၊ မြို့နယ်မှ တာဝန်ခံများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်တို့နှင့်အတူ ယနေ့နံနက် ၁၀ နာရီက အဆိုပါဇုန်ရှိ ဖန်ဟွာနို့စားနွားမွေးမြူရေးခြံ ဧည့်ဆောင်တွင် မွေးမြူရေး ခြံပိုင်ရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ကံကြီးမွေးမြူရေးဇုန်နှင့် ရွှေမြို့မွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် စားသုံးသူများအတွက် လတ်ဆတ်၍ ဘေးအန္တရာယ်ကင်းရှင်းသော မွေးမြူရေးထုတ်ကုန်များ တိုးတက်ဆောင်ရွက်ပေးစေလိုကြောင်း၊ မွေးမြူရေးဇုန်နယ်နိမိတ် တိုင်းတာသတ်မှတ်ရေးလုပ်ငန်းများကိုလည်း မှန်ကန်စွာ တိုင်းတာမှုရရှိစေရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းသုံး စွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျ စွန့်ပစ်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် ကံကြီးမွေးမြူရေးဇုန်အတွင်းရှိ ဖန်ဟွာနို့စားနွားခြံ၊ စီပီဆိတ်ခြံ၊ ပြည်သာနိုင်အသားစားကြက်ခြံ၊ ရွှေမြို့မွေးမြူရေးဇုန်ရှိ Super Cow နို့စားနွားခြံ၊ Unison နို့စားနွားခြံ၊ Mandalay Group နို့စားနွားခြံ၊ အောင်ချမ်းသာနို့စားနွားခြံတို့တွင် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## တနင်္သာရီဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းနှင့် စိန်ခေါ်မှုများ စကားဝိုင်းဆွေးနွေး

**ထားဝယ် မေ ၂၁**
တနင်္သာရီဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းနှင့် စိန်ခေါ်မှုများ(စကားဝိုင်း) ဆွေးနွေးပွဲကို မေ ၂၀ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ DDPC Royal Palace Hall ခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မေခဆောင်ဖောင်ဒေးရှင်း နာယက ဒေါက်တာမြင့်ဆန်းက ဆွေးနွေးပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ မေခဆောင်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြင့်နိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် DDPC ဥက္ကဋ္ဌ ဦးခင်စိုး၊ မေခဆောင်ဖောင်ဒေးရှင်းနှင့် တာဝန်ရှိသူများက တနင်္သာရီဒေသ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းနှင့် စိန်ခေါ်မှုများခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ DDPC ဥက္ကဋ္ဌဦးခင်စိုးနှင့် အဖွဲ့ဝင်များက ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်း၊ လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်၊ DDPC ဥက္ကဋ္ဌ ဦးခင်စိုးနှင့်အဖွဲ့ဝင်များ၊ မေခဆောင်ဖောင်ဒေးရှင်း နာယက ဒေါက်တာမြင့်ဆန်း (ထားဝယ်အထူးစီးပွားရေးဇုန် ဒုဥက္ကဋ္ဌ)၊ ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ တနင်္သာရီတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်နှင့် အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံတော်အတွက်လိုအပ်သော ကဏ္ဍများတွင် စီးပွားရေးပညာဖြင့် ဆောင်ရွက်ပေးရန်၊ မြန်မာနိုင်ငံသားများ၏ ပညာရေးမြှင့်တင်ရန်နှင့် နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းများဆောင်ရွက်ရန်၊ မြန်မာနိုင်ငံသားများ၏ လူမှုရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန်၊ သဘာဝဘေးနှင့်အခြားဘေးအန္တရာယ်ကျရောက်သူများအား ကူညီရန်၊ ဖောင်ဒေးရှင်းအသင်းဝင်များအတွက် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အထူးကုဆရာဝန်များအဖွဲ့ ဒလမြို့နယ်ပြည်သူ့ဆေးရုံ၌ ဒေသခံ ၂၆၀ အားကျန်းမာရေးစောင့်ရှောက်ပေးခဲ့

**ရန်ကုန် မေ ၂၁**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ မြို့နယ်အတွင်းရှိ သက်ကြီးရွယ်အိုများ၊ အမျိုးသား၊ အမျိုးသမီးများနှင့် ကလေးသူငယ်များအား မျက်စိရောဂါနှင့် အထွေထွေရောဂါများအတွက် အထူးကုဆရာဝန်များအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မေ ၁၉ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် မျက်စိရောဂါ စမ်းသပ်စစ်ဆေးပေးခြင်း၊ အရိုးရောဂါ၊ ကလေးရောဂါ၊ ရောဂါစမ်းသပ်ရှာဖွေပေးခြင်း၊ ဓာတ်မှန်ရိုက်ပေးခြင်း၊ သားဖွားမီးယပ် စသည့် အထွေထွေရောဂါဝေဒနာရှင်များအား လိုအပ်သည့် ဆေးဝါးကုသမှုလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး ဆေးရုံသို့ တက်ရောက်ကုသရန်လိုအပ်သော လူနာများအား ဆေးရုံကြီးများသို့ တက်ရောက်ကုသနိုင်ရေးအတွက် အရေးပေါ်လူနာတင်ယာဉ်များဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာသို့ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးမှ သမားတော်ကြီးများ (အထွေထွေရောဂါကု)နှင့် ခွဲစိတ်အထူးကု ဆရာဝန်များ၊ တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးမှ သားဖွားအထူးကုနှင့် ကလေးအထူးကု ဆရာဝန်များ၊ မျက်စိအထူးကုဆေးရုံကြီးမှ ဆရာဝန်များ၊ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံကြီးမှ အထူးကုဆရာဝန်များ၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆရာမများ ကွင်းဆင်းလာရောက်ပြီး မြို့နယ်အတွင်းရှိ ဒေသခံပြည်သူ ၂၆၀ ကျော်တို့၏ တစ်ကိုယ်ရေကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးခြင်း၊ အသိပညာပေးခြင်းနှင့် ဆေးဝါးကုသမှုလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဒလမြို့နယ်ပြည်သူ့ဆေးရုံ၌ ရန်ကုန်မြို့မှ အထူးကုဆရာဝန်များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှု လုပ်ငန်းများ ဆောင်ရွက်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေး၊ တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ တိုင်းဒေသကြီး အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စောမောင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဆေးရုံအုပ် ဆရာဝန်ကြီး ဦးထွန်းဝင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများက ဆေးကုသပေးနေမှုကို ကြည့်ရှုပြီး အားပေးစကားများပြောကြားခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## မြောက်ဦးမြို့၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်း သင်တန်းဖွင့်လှစ်

**မြောက်ဦး မေ ၂၁**
မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်းသင်တန်းဖွင့်ပွဲကို မေ ၁၈ ရက် နံနက် ၈ နာရီက ခရိုင်ကျေးလက်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာစိန်၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးချစ်မောင်၊ မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းထွန်း၊ သင်တန်းတက်ရောက်မည့် ကျေးရွာ ခုနစ်ရွာမှ သင်တန်းသားသင်တန်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

ခရိုင်ဦးစီးမှူးဦးချစ်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**ခရိုင်(ပြန်/ဆက်)**

## မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ဓာတ်တိုင်ကျိုးပဲ့ပျက်စီးမှု ညတွင်းချင်း အစားထိုးတပ်ဆင်ဆောင်ရွက်

**ပန်းတနော် မေ ၂၁**
ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်တို့ကို ဖြတ်သန်းသွယ်တန်းထားသော ၃၃၀၀၀ ကေဗွီဓာတ်အားလိုင်းမှ ဓာတ်တိုင်များမှာ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျိုးပဲ့ပျက်စီးခဲ့ကြောင်း သိရသည်။

မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် ညနေ ၃ နာရီခန့်တွင် ကျောင်းကုန်းမြို့နယ် အပိုင် ညောင်ဝိုင်းကျေးရွာနှင့် ကွင်းကြီးကျေးရွာကြားရှိ လျှပ်စစ်ဓာတ်တိုင် ရှစ်တိုင်၊ ပန်းတနော်မြို့နယ် အင်းမကျေးရွာနှင့် တစ်လိုင်းစုကျေးရွာကြားတွင် လျှပ်စစ်ဓာတ်တိုင်သုံးတိုင် စုစုပေါင်း ၁၁ တိုင် ကျိုးပဲ့ပြတ်ကျခြင်းကို ညတွင်းချင်း ပြန်လည်အစားထိုးပြုပြင်ခဲ့ကြသည်။

လျှပ်စစ်ဓာတ်တိုင်ကျိုးပဲ့ပျက်စီးရာသို့ တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာဌာနမှ တာဝန်ရှိသူများ၊ ပန်းတနော်၊ ကျောင်းကုန်းမြို့နယ်တို့မှ လျှပ်စစ်အင်ဂျင်နီယာ တာဝန်ရှိသူများ၊ အင်းမကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံရွာသူရွာသားများ ပူးပေါင်းဆောင်ရွက်နေကြသည့်အပြင် AK လျှပ်စစ်ဓာတ်အားလိုင်း တည်ဆောက်ရေး ကုမ္ပဏီမှ ဝန်ထမ်း ၂၅ ဦး၊ ကရိန်းကား တစ်စီး၊ ထွန်စက်တစ်စီးဖြင့် ပူးပေါင်းကူညီဆောင်ရွက်ကာ ညတွင်းချင်းပြီးစီးအောင် တပ်ဆင်ခဲ့ကြောင်း သိရသည်။

**မောင်ချစ်ဦး(ပန်းတနော်)**



## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း ပြည်မြို့နယ်တွင် မိတ်ဆက်ရှင်းလင်း

**ပြည် မေ ၂၁**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း (VDP) နှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းခြင်းကို မေ ၁၈ ရက် နံနက်ပိုင်းက ခရိုင်ကျေးလက်ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

ပြည်ခရိုင် ဦးစီးမှူး ဦးသန်းနိုင်ဦး၊ မြို့နယ်ဦးစီးမှူး ဦးကျော်လင်းအောင်နှင့် ပဲခူးတိုင်းဒေသကြီး LIFARM, တာဝန်ခံတို့က စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ရှေ့ဆက်လုပ်ဆောင်မည့် အစီအစဉ်များ၊ ဆောင်ရွက်မည့်ပုံစံများကို ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနားသို့ ပြည်မြို့နယ်အတွင်းရှိ VDP ကျေးရွာ ၁၀ ရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြကြောင်း သိရသည်။

**သူရအောင်(ပြည်)**

## စိတ်ခံစားမှုသုံးသပ်လေ့လာခြင်း သန်လျင်တွင် သင်တန်းဆင်း

**သန်လျင် မေ ၂၁**
သန်လျင်မြို့နယ် မြို့သစ်အရှေ့ရပ်ကွက် ပြည်တော်သာလမ်းရှိ သန်လျင်သင်တန်းကျောင်း၌ ရဲတပ်ဖွဲ့ဝင်များအတွက် စိတ်ခံစားမှုသုံးသပ်လေ့လာခြင်း အမှတ်စဉ်(၃/၂၀၁၈) (ဆင့်ပွား) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဝင်းနိုင်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး အခမ်းအနားသို့ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ အရာရှိများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား အရာရှိ ၂၀ စုစုပေါင်း ၆၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**၆၈၉**




## လျှပ်စစ်ဘေးထိခိုက်ဆုံးရှုံးမှုလျော့နည်းရေး ကန်ကြီးထောင့်တွင် ဆွေးနွေး

**ကန်ကြီးထောင့် မေ ၂၁**
လျှပ်စစ်ဘေးအန္တရာယ် ကျရောက်လာပါက ပြည်သူများ ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် ဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲနှင့် လက်တွေ့လေ့ကျင့်မှုကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း အမျိုးသားခန်းမ၌ မေ ၁၈ ရက် မွန်းလွဲ ၁ နာရီကကျင်းပရာ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။

တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသန်းစိုး(ညွှန်ကြားရေးမှူး)က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်သဇင်ထွန်းက လျှပ်စစ်လုပ်နေစဉ်ရှောင်ရှားရန်နှင့် လိုက်နာရန်အချက်များ၊ လျှပ်စစ်ဘေးအတွက်ကြိုတင်ကာကွယ်ရန်နှင့် ပြင်ဆင်ရန်များ၊ လျှပ်စစ်လုပ်ပြီးနောက် ရှောင်ရှားသင့်သည့်အချက်များ၊ မိသားစုဝင်များ ပျောက်ဆုံးမှု ရှိ၊ မရှိ စစ်ဆေးရန်၊ ထိခိုက်ဒဏ်ရာရသူများကို လိုအပ်သည်များ ကူညီပေးရန်နှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများ စသည့်သိကောင်းစရာအကြောင်းအရာများကို ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ပြီး ဆရာ ဆရာမများက လျှပ်စစ်ဘေးအန္တရာယ် ကြုံတွေ့လာပါက လက်တွေ့ဆောင်ရွက်သည့် ပုံစံအတိုင်း သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်သိန်းသိန်းက ယခုလို လျှပ်စစ်ဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကို လာရောက်ရှင်းလင်း ဆွေးနွေးပြောကြားပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် ကျောင်းသားကျောင်းသူများမှတစ်ဆင့် ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် အခြေခံပညာကျောင်းများတွင် လျှပ်စစ်ဘေးနှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန်များနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**နန်းထိုက် (ပြန်/ဆက်)**

## မူခင်းကျဆင်းရေး ပညာပေးဟောပြော

**တိုက်ကြီး**
တိုက်ကြီးမြို့နယ် ကတိုင်စိန်ကျေးရွာအုပ်စု ကတိုင်စိန်ကျေးရွာအုပ်ချုပ်ရေးမှူးနေအိမ်တွင် ကတိုင်စိန်ရဲကင်းစခန်းမှူးရဲအုပ်မျိုးမြင့်က သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ မူခင်းပညာပေးခြင်းနှင့် မူခင်းလျော့နည်းကျဆင်းရေး ပညာပေးဟောပြောပွဲကို မေ ၂၁ ရက်က ဆောင်ရွက်ခဲ့ရာ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**၅၂၆**

**တောင်ဥက္ကလာပ**
ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ကျော်အောင်သည် မေ ၂၀ရက် ည ၇ နာရီက (၁၅)ရပ်ကွက်ဓမ္မာရုံ၌ မူခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကျင်းပရာ ရပ်ကွက်နေပြည်သူ ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## လယ်ယာသုံးစက်ကိရိယာများ ရေတာရှည်တွင် သရုပ်ပြ အရစ်ကျစနစ်ဖြင့် ရောင်းချ

**ရေတာရှည် မေ ၂၁**

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သည့် နိုင်ငံဖြစ်သည့်အားလျော်စွာ သမားရိုးကျ လက်မှုလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ လျင်မြန်စွာကူးပြောင်းလျက်ရှိပြီဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍတွင် အများဆုံးသုံးစွဲလျက်ရှိသော ကူဘိုတာ လယ်ယာသုံးစက်ကိရိယာများ သရုပ်ပြသပွဲကို မေ ၁၈ ရက် ညနေ ၃ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဘိုးတော်ကုန်းကျေးရွာအုပ်စု မြို့နယ်အားကစားကွင်းအနီး၌ ကျင်းပသည်။

ကူဘိုတာကုမ္ပဏီ KMCL မှ Sale & Marketing Manager မစ္စတာနထဝပ်ဆီရာခတ်က တက်ရောက်လာသူများအား မိတ်ဆက်စကားပြောကြားသည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်က ရေတာရှည်မြို့နယ်သည် မြို့ကြီး ငါးမြို့၊ မြို့/ရပ်ကွက် ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၈ အုပ်စု၊ ကျေးရွာပေါင်း ၂၆၆ ရွာ၊ လူဦးရေ ၂၀၃၂၁၅ ဦးရှိပြီး အများစုမှာ ကျေးလက်ဒေသနေ လယ်ယာကိုအဓိကအားထားစိုက်ပျိုးလုပ်ကိုင်ကြသော တောင်သူများဖြစ်ကြောင်း၊ ထို့အတူ ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် အရည်အသွေးမြင့်မားသည့် စက်ကိရိယာများကို တောင်သူများလက်ဝယ်သို့ရောက်ရှိနိုင်ရေးအတွက် အရစ်ကျစနစ်ဖြင့် ဆောင်ရွက်လာနိုင်သည့်အခါ ယခုအခါတွင် လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်မှုမှာ ယခင်ကထက်များစွာရှိလာနေပြီဖြစ်ကြောင်း၊ ကူဘိုတာကဲ့သို့သော နိုင်ငံတကာအသိအမှတ်ပြုထားသည့်ကုမ္ပဏီမှ အထူးဈေးနှုန်းဖြင့် တောင်သူများကို ရောင်းချပေးမည်ဆိုသည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



ဆက်လက်၍ တက်ရောက်လာသော တောင်သူများအား မြင်းကောင်ရေအလိုက် ထွန်စက်များဖြင့် လက်တွေ့မောင်းနှင်ပြသခဲ့ပြီး စက်ကိရိယာများအား ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပြုပြင်ဆောင်ရွက်သည့်အခါ လိုက်နာဆောင်ရွက်ရမည့်အချက်များကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသောတောင်သူများ၊ ရေတာရှည်အနီးဝန်းကျင်မှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ကိုလွင်(ဆွာ)**

## ပြည်ခရိုင်အတွင်းရှိမြို့နယ်သုံးခုသို့ ဖိုက်ဘာစက်လှေနှင့်အသက်ကယ်အင်္ကျီများပေးအပ်

**ပြည် မေ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနသည် ပြည်ခရိုင် ပြည်မြို့နယ်အတွက် ဖိုက်ဘာစက်လှေနှစ်စင်းနှင့် အသက်ကယ်အင်္ကျီအထည် ၂၀၊ ရွှေတောင်မြို့နယ်နှင့် ပန်းတောင်းမြို့နယ်တို့အတွက် တစ်မြို့နယ်လျှင် ဖိုက်ဘာစက်လှေ တစ်စင်းစီနှင့် အသက်ကယ်အင်္ကျီ ၁၀ ထည်စီကို အဆိုပါ မြို့နယ်များရှိ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ တာဝန်ရှိသူများထံသို့ မေ ၂၀ ရက်က သွားရောက်ပေးအပ်ခဲ့သည်။

ပြည်ခရိုင်တွင် ပြည်မြို့နယ်၊ ပန်းတောင်းမြို့နယ်နှင့် ရွှေတောင်မြို့နယ်တို့သည် နှစ်စဉ်မိုးတွင်းကာလ၌ ရေကြီးရေလျှံမှုအများဆုံး ဖြစ်ပွားလေ့ရှိသည့်အတွက် အဆိုပါသဘာဝဘေးအန္တရာယ်ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ဘေးအန္တရာယ် တုံ့ပြန်နိုင်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးတို့အတွက် အထောက်အကူပြုပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

## တာဝန်ကျေပွန်စွာထမ်းဆောင်သူများအား ဖြူး၌ဂုဏ်ပြု

**ဖြူး မေ ၂၁**

ဌာနတွင်းလုပ်ငန်းများကို တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြသော မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များအား ဂုဏ်ပြုသည့် အခမ်းအနားကို မေ ၁၈ ရက် ညပိုင်းက ဖြူးမြို့နယ် ခန်းမဆောင်ကြီး၌ ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့်နှင့် ဖြူးမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်စိန်တို့က အသီးသီး ဂုဏ်ပြုအမှာစကားများ ပြောကြားခဲ့ပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများအား ဂုဏ်ပြုခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် ဌာနဆိုင်ရာများမှ ဦးစီးအရာရှိများနှင့် ဝန်ထမ်းမိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

**သက်မှူး**

## ဝေးလံခေါင်သီသောကျေးရွာပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု မယ်စဲ့တွင်ဆောင်ရွက်



**မယ်စဲ့ မေ ၂၁**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ ဝေးလံခေါင်သီပြီး မြို့နှင့်အလှမ်းဝေးသော ကျေးရွာပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၁ ရက်က လမ်းဆုံကျေးရွာသို့ သွားရောက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မယ်စဲ့မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကျေးရွာပြည်သူများအား အထွေထွေရောဂါများ စစ်ဆေးကုသပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက်ကလေးများအား အာဟာရစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းနှင့် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## AI နည်းပညာစနစ်များနှင့် AI Mobile Photography ရိုက်ကူးမှုအကြောင်းများ အသိပေးလိုက်သည့် Huawei

မိုဘိုင်းဖုန်းများ၏ သမိုင်းကိုပြန်ကြည့်လျှင် စိတ်လှုပ်ရှားဖွယ်ရာ မှတ်တိုင်များစွာရှိခဲ့သကဲ့သို့ ယခု AI နည်းပညာစနစ် အစပြုမှုသည်လည်း မိုဘိုင်းဖုန်းလောက၏ မှတ်တိုင်သစ်တစ်ခု ဖြစ်လာတော့မည်ဖြစ်သည်။ AI နည်းပညာစနစ်၏ အစပြုမှုနှင့် တိုးတက်မှုသည် မိုဘိုင်းဖုန်းတစ်လုံး၏ လုပ်ဆောင်ချက်များကို အဆင့်မြှင့်တင်နိုင်ရုံသာမက Algorithms၊ Hardware၊ Software နှင့် အာရုံခံစနစ်များကိုပါ တိုးတက်စေမည်ဖြစ်ပြီး အနာဂတ်တွင် လူသားများနှင့် မိုဘိုင်းကိရိယာများအတူတကွ ယှဉ်တွဲနေထိုင်လာနိုင်မည့် ပြောင်းလဲမှုကို မြင်တွေ့လာနိုင်ခြေရှိသည်။ တစ်နည်းအားဖြင့် AI နည်းပညာစနစ်သည် ဓာတ်ပုံရိုက်ကူးခြင်း၊ ဂိမ်းကစားခြင်းနှင့် ဘာသာပြန်ခြင်း အစရှိသော သာမန်မိုဘိုင်းဟန်းဆက် လုပ်ဆောင်ချက်များမှအစပြု၍ လူနေမှုဘဝ လုပ်ဆောင်ချက်များဖြစ်သည့် ခရီးသွားခြင်း၊ စီးပွားရေးနှင့် မိသားစုလှုပ်ရှားမှုများအထိ ပြောင်းလဲမှုများကို ယူဆောင်လာနိုင်မည်ဖြစ်သည်။

လွန်ခဲ့သည့် ခြောက်လဝန်းကျင်ခန့်တွင် မိုဘိုင်းဖုန်းထုတ်လုပ်သူများနှင့် ဖန်တီးသူပညာရှင် အများအပြားသည် မိုဘိုင်း AI နည်းပညာ၏ ရေရှည်ပြိုင်ပွဲအတွင်း စတင်ဝင်ရောက်ယှဉ်ပြိုင်လာခဲ့ကြပြီး သုံးစွဲသူများမှလည်း AI နည်းပညာအပေါ် စိတ်ကျေနပ်မှုရှိလာခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် မိုဘိုင်း AI နည်းပညာနှင့် ပတ်သက်သည့် Platform, Solutions နှင့် နောက်ဆုံးပေါ် နည်းပညာစနစ်များသည် လျင်မြန်စွာတိုးတက်လာခဲ့သည်။

ဓာတ်ပုံရိုက်ခြင်းသည် မိုဘိုင်း AI နည်းပညာစနစ်နှင့် ပတ်သက်လျှင် မရှိမဖြစ်လိုအပ်သည့် ခေါင်းစဉ်တစ်ခုဖြစ်လာခဲ့ရာ AI နည်းပညာအား လူအများအပြားပိုမိုသိရှိလာလေ AI ၏ လုပ်ဆောင်နိုင်စွမ်းများနှင့် Cloud computing သည် အဆပေါင်းများစွာ ပိုမိုကြီးထွားလာလေဖြစ်ပြီး Graphic ပိုင်းလုပ်ဆောင်ချက်များမှာလည်း ပိုမိုမြန်ဆန်လာခဲ့သည်။

မကြာမီအချိန်က ထုတ်လုပ်မိတ်ဆက်လိုက်သည့် HUAWEI P20 Series စမတ်ဖုန်းများသည် ကင်မရာပုံရိပ် အရည်အသွေးတိုင်းတာခြင်း၊ စမတ်ဖုန်းကင်မရာနှင့်မှန်ဘီလူး အဆင့်သတ်မှတ်မှုများ ပြုလုပ်လျက်ရှိသော ထိပ်တန်းအရင်းအမြစ်တစ်ခုဖြစ်သည့် DxOMark မှ အကောင်းဆုံး သုံးသပ်ချက်များကို ရရှိခဲ့သည်။ ၎င်းတွင် ပြောင်းလဲမြှင့်တင်ထားသည့် အလင်းခံ အာရုံပစ္စည်း (Photoreceptors) ကင်မရာသုံးလုံးပါဝင်မှုနှင့် ခန့်မှန်းချိန်ဆမှု (Predictive Focus) များ ပါဝင်သည်။

**အလှတရားအတွက် မွေးဖွားပေးလိုက်သည့် AI ဓာတ်ပုံပညာ**

မိုဘိုင်းဖုန်းထုတ်လုပ်သူများသည် သုံးစွဲသူများမှ များပြားသည့်ဓာတ်ပုံပြင်ဆင်ခြင်းအပလီကေးရှင်းများထက် သာလွန်သည့် အကြောင်းအရာတစ်ခုကို ရှာဖွေနေကြောင်း သိရှိလာခဲ့ရာ လွန်ခဲ့သည့် လပေါင်းများစွာမှ စတင်၍ မိုဘိုင်းဖုန်းဖြင့် ဓာတ်ပုံရိုက်ကူးခြင်းသည် သုံးစွဲသူအများအပြား၏ ဝါသနာတစ်ခုဖြစ်လာသည်။


ကိရိယာတစ်ခု၏ Computing Power ကို အဆင့်မြှင့်တင်လိုက်ခြင်းအားဖြင့် AI နည်းပညာသည် လက်ရှိဓာတ်ပုံ ရိုက်ကူးနေသည့် အဖြစ်အပျက်များအား ခွဲခြားသိရှိနိုင်ပြီး Pixel ပမာဏ တူညီနေသည့်တိုင်အောင် ဓာတ်ပုံရိုက်ကူးခြင်း အတွေ့အကြုံအား အချိန်နှင့် တစ်ပြေးညီအဆင့်မြှင့်တင်နိုင်စွမ်းရှိသည်။ ထို့ကြောင့် မိုဘိုင်း AI နည်းပညာဖြင့် ဓာတ်ပုံရိုက်ကူးခြင်းအား ကျယ်ပြန့်စွာ လက်ခံအသုံးပြုလာကြသည်။

**လှပသည့်အမှတ်တရများ ရိုက်ကူးနိုင်မည့်ဆင်ဆာနှင့် Computing Power**

AI ဓာတ်ပုံပညာရပ်နှင့် ပတ်သက်လျှင် Computing Power အား အဆင့်မြှင့်တင်ပေးနိုင်မည့် AI နည်းပညာ၏ လုပ်ဆောင်နိုင်စွမ်းအားသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ပိုမိုကောင်းမွန်သည့် Computing Power သည် AI နည်းပညာပါဝင်သည့် စမတ်ဖုန်းများ၏ စမတ်စွမ်းအင်သိမ်းဆည်းခြင်းနှင့် စွမ်းအင်ခွဲဝေပေးခြင်းတို့တွင် အရေးပါသည့် လုပ်ဆောင်ချက်တစ်ခုဖြစ်သည်။

DxOMark ၏ ဖော်ပြမှုကိုခံခဲ့ရသည့် Huawei P20 Series ၏ အဓိကအကြောင်းအရာထဲမှ တစ်ခုမှာ 1/1.7 လက်မ အရွယ်ရှိသည့် ဆင်ဆာသည် ပိုမိုကောင်းမွန်သည့် အလင်းအာရုံဖမ်းနိုင်စွမ်းနှင့် ပိုမိုကောင်းမွန်တိကျသည့် အသေးစိတ်ပုံရိပ်များကို ဖော်ပြနိုင်စွမ်းရှိခြင်းကြောင့်ဖြစ်သည်။ Huawei P20 Series\ Super Night Mode အသုံးပြုသည့်အခါ အလင်းဝင်ပေါက်ဆင်ဆာမှ အလင်းရောင်အားနည်းသည့် အခြေအနေတွင် ကောင်းမွန်ပြီး တိကျသည့် ပုံရိပ်အရည်အသွေး ရရှိရန် လိုအပ်သည့် အလင်းတုံ့ပြန်မှုနှင့် လိုအပ်သည့် Pixel ပမာဏရရှိရန် ချိန်ညှိပေးနိုင်မည်ဖြစ်သည်။ Super Night Mode သည် ပိုမိုကြည်လင်ပြတ်သားသည့် ပုံရိပ်များရရှိနိုင်ရန်အတွက် Prolonged Exposure အတွင်းရိုက်ကူးခဲ့သည့် ပုံရိပ်များအားလုံးနှင့် ချိန်ညှိပေးနိုင်မည့် Motion Recovery Algorithm ပါဝင်ပြီး ၎င်းလုပ်ဆောင်ချက်မှာ စက္ကန့်အနည်းငယ်သာ ကြာမြင့်သည်။

ထို့အပြင် မိုဘိုင်းဖုန်းတွင် ရွေ့လျားနေသည့် အရာများအား ရိုက်ကူးခြင်းကို ထောက်ပံ့နိုင်မည့် Predictive Focus နှင့် အဝေးရှိပုံရိပ်များအား ရိုက်ကူးနိုင်မည့် 3x Telephoto Lens များ ပါဝင်သောကြောင့် မည်သည့်ပုံရိပ်ကိုမဆို အရည်အသွေးကောင်းမွန်စွာဖြင့် အလွယ်တကူဖမ်းယူနိုင်မည်ဖြစ်သည်။ အဆိုပါ လုပ်ဆောင်ချက်များသည် AI နည်းပညာ၏ မီလီယံပေါင်းများစွာသော ပုံရိပ်များကို အချိန်တိုင်း ရိုက်ကူးရာတွင် အားအင်ဖြည့်တင်းနိုင်သည့် လုပ်ဆောင်နိုင်စွမ်းကြောင့်ဖြစ်သည်။




**DSLR အစားထိုး ကင်မရာ**

Huawei P20 တွင် ပါဝင်သည့် အလင်းဆင်ဆာသည် Compact သို့မဟုတ် Digital ကင်မရာတို့တွင် ပါဝင်သည့် အလင်းဆင်ဆာကဲ့သို့ပင် ကောင်းမွန်ပြီး DSLR RAW Format ဖြင့် ရိုက်ကူးနိုင်သဖြင့် အသေးစိတ်ပြန်လည်ပြုပြင်နိုင်သည်အထိ ပုံရိပ်တိကျမှုများကို ပေးစွမ်းနိုင်မည်ဖြစ်သည်။ DSLR ကင်မရာတွင် ပါဝင်သည့် Manual ကဲ့သို့သော လုပ်ဆောင်ချက်နှင့် တူညီသည့် Professional Mode လည်းပါဝင်သည်။ AI နည်းပညာ ပါဝင်သည့် စမတ်ဖုန်းသုံးစွဲသူများသည် DSLR ဖြင့် ရိုက်ကူးသကဲ့သို့သော ပုံရိပ်များကို နက်နဲသည့် ဓာတ်ပုံပညာရပ်ပိုင်းဆိုင်ရာ ဗဟုသုတများ သင်ကြားရန် မလိုအပ်ဘဲ ရိုက်ကူးနိုင်မည်ဖြစ်သည်။ Scenario ခွဲခြားသိမြင်နိုင်ခြင်း၊ Portrait Lighting နှင့် Super Night Mode များကြောင့် သုံးစွဲသူများမှ Parameter ချိန်ညှိခြင်း သို့မဟုတ် Tripod အသုံးပြုခြင်းများ မလိုအပ်ဘဲ ဓာတ်ပုံရိုက်ကူးနိုင်မည်ဖြစ်သည်။ Mobile AI Photography သည် သုံးစွဲသူများ၏ လှပသည့် အမှတ်တရများအား ဓာတ်ပုံနှင့် ပတ်သက်သည့် ဗဟုသုတများ မရှိသည့်တိုင်အောင် လှပစွာရိုက်ကူးပုံဖော်နိုင်အောင် ပံ့ပိုးကူညီပေးမည်ဖြစ်သည်။

**ဓာဏီ**

# မြို့မငြိမ်းက မြို့မကို ထုဆစ်ခဲ့တယ်

ဆူးငှက်

မြန်မာ့သံ ကမ္ဘာ့ဟန် . . .
မြန်မာ့ဟန် ကမ္ဘာ့သံ . . .
မြန်မာ့ဂီတဖွဲ့နည်း . . . ကမ္ဘာ့ဂီတဖွဲ့နည်း။

မြန်မာ့စည်း . . .၊ ကမ္ဘာ့နည်းစနစ်တို့ကို နှံ့စပ်သေချာ လေ့လာသုံးသပ်၊ သပ္ပာယ ဖြစ်စေမှုကို အခြေခံကာ သုခုမမှု ကာလပေါ် တေးသစ်ခေတ်ဦးကို ခိုင်ခိုင်ပြုသွားစေခဲ့ သည်သာမက ရာစုနှစ်တစ်ခုဆီအထိ ချိအံ့ သောတေးများကို တစိုက်မတ်မတ် ရေးစပ်သီကုံးခဲ့သူ "မြို့မငြိမ်း" ဟာ ၁၉၅၅ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှာ ကွယ်လွန်ခဲ့တာမို့ ဒီနှစ်ဆိုရင် "မြို့မငြိမ်းလွန်" ၆၃ နှစ် မြောက်ပါပြီ။



မြို့မငြိမ်း။



ဓားတန်းကိုသန့်။



ဦးဘသက်။

**"မြို့မ" ဆိုတဲ့ နာမည်**

တကယ်တော့ မြို့မငြိမ်းလို့ ပြောလိုက်တာနှင့် အသက် ၉၃ နှစ် ပြည့်တဲ့ မန္တလေး မြို့မတူရိယာအသင်းကြီးကလည်း ဒင်္ဂါးပြားရဲ့ ခေါင်းနှင့်ပန်းပမာခွဲမရဘဲ ပူးတွဲပါဝင်လာရမှာဖြစ်ပါတယ်။ ခရစ်နှစ် ၁၉၀၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှာ မန္တလေးမြို့ ရွှေတော်ပြေးဝင်းမြောက်ပေါက် ၂၈ လမ်းမှာ အဘ ရွှေပန်းထိမ်ဆရာ ဦးညီ၊ အမိ ယွန်းကုန်သည် ဒေါ်ချစ်ဦးတို့က မြို့မငြိမ်းရယ်လို့ ဖြစ်လာမယ့် မောင်ကျော်ညိန်းကို မွေးဖွားခဲ့တာပါ။ ငယ်စဉ်ကတည်းက ဂီတကို ဝါသနာပါရုံမက အထုံပါရမီပါခဲ့တာမို့ မိဘများက ဂီတပညာရှင်လည်းဖြစ်၊ ပန်းချီပညာရှင်လည်းဖြစ်တဲ့ ပန်းချီဆရာကြီး ဦးဘသက်ထံမှာ အပ်နှံခဲ့ပါတယ်။

ဆရာကြီး ဦးရာဇတ် ထူထောင်ခဲ့တဲ့ အမျိုးသားကျောင်းမှာ ပညာသင်ကြားဆဲ ဂီတဝါသနာကြီးလှတာကြောင့် ၁၉၂၅ ခုနှစ်မှာ စတင်သန္ဓေတည်ခဲ့တဲ့ "မြို့မ ဗုဒ္ဓဝေယျာဝစ္စ အပျော်တန်းတူရိယာအသင်း" ကို ဦးဘသက်၊ ဓားတန်းကိုသန့်၊ ကိုဗဒင်၊ ကိုလှဒင်၊ ဆိုင်းတန်း ကိုမြသိန်း၊ကိုဘငွေ၊ကိုဘအုန်းတို့နှင့်အတူ ကိုဘငြိမ်းခေါ် ကိုကျော်ညိန်းဟာ ရှေ့ဆုံးက ဦးဆောင်ပါဝင်ခဲ့တာပါ။ တောက်မယ့်မီးခဲ တရဲရဲမို့ "မြို့မ" ဆိုတဲ့ နာမည်ကိုလည်း ကိုကျော်ညိန်းကပဲ ပေးခဲ့ပါတယ်။ ၁၉၂၅ ခုနှစ်မှာ စတင်သန္ဓေတည်ခဲ့တဲ့ "မြို့မ" ဟာ ၁၉၂၈ ခုနှစ်ရောက်တော့အသင်းဖွဲ့စည်းပုံ စည်းမျဉ်းဥပဒေ၊ ရည်ရွယ်ချက် စည်းကမ်းချက်များနှင့် စနစ်တကျ ဖွဲ့စည်းခိုင်မာနိုင်ခဲ့ပါပြီ။ "မြို့မ"က ဒီလို စနစ်တကျ ဖွဲ့စည်းရာမှာ အဓိကအကျဆုံးရည်ရွယ်ချက်များကို ခိုင်ခိုင်မာမာ ချမှတ်ခဲ့ကြပါတယ်။

**တာဝန်ယူဆောင်ရွက်ခဲ့သူ**

ဒီရည်ရွယ်ချက်တွေကတော့ -

(က) မြန်မာသီချင်းကြီးများ ဆည်းပူးပြန့်ပွားရေး၊
(ခ) ကမ္ဘာသုံးတူရိယာများ လေ့လာသင်ကြား တတ်မြောက်ရေး၊
(ဂ) Music Note အမှတ်အသားပညာဖြင့် ရေးထားသော တူရိယာပညာကို ဆည်းပူးလေ့လာရန်၊
(ဃ) ကမ္ဘာ့ခေတ်မီတူရိယာဝိုင်းကြီးဖြစ်မြောက်ရေး၊
(င) ရှေးမြန်မာသီချင်းကြီးများကို ကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍ ကမ္ဘာသုံးဖြစ်သော Music Note ပညာဖြင့် ကူးပြောင်းလေ့လာရန်၊
(စ) မြန်မာနိုင်ငံတော်အတွင်း တူရိယာအသင်းများက ဆက်သွယ်ပါလျှင် တတ်အားသမျှ အားပေးကူညီရန်

လို့ ဖြစ်ပါတယ်။

အသင်းဖွဲ့စည်းကတည်းက မိမိတို့ ချမှတ်ခဲ့တဲ့ ရည်ရွယ်ချက်များအတိုင်း ကိုကျော်ညိန်းခေါ် မြို့မငြိမ်းကလည်း ဓားတန်းကိုသန့်နှင့်ပူးပေါင်းပြီး "တာဝန်သိစွာ"၊ "တာဝန်ရှိစွာ" တာဝန်ယူဆောင်ရွက်ခဲ့တာပါ။ ဥရောပ ဂန္ထဝင်တေးကြီးဘွဲ့ကြီးများကို နားထောင်လေ့လာမှတ်သားသုံးသပ်ပြီး မြန်မာ့ဂီတမှ ကမ္ဘာ့ဂီတအဆင့် ဖြစ်ထွန်းရေးအတွက် မြို့မတူရိယာအသင်းကြီးကို အခြေခံပြီး တစိုက်မတ်မတ် ဆောင်ရွက်ခဲ့တာပါပဲ။

ဒါကြောင့် မြို့မငြိမ်းဟာ အသင်းမှာ အခြားသော စီမံခန့်ခွဲမှုတာဝန်များကို မယူဘဲ "ဂီတပညာရေး" တာဝန်ကိုသာ ယူကာ ဂီတအနုပညာအလုပ်များကိုပဲ တစ်လျှောက်လုံး ခေါင်းခံလုပ်ကိုင် အားထုတ်ခဲ့တာပါ။ တစ်ဖက်ကလည်း မန္တလေးရွှေမြို့တော်ရဲ့ ဂုဏ်သိက္ခာနှင့် လျော်ညီတဲ့ "ယဉ်ကျေးမှု" အစဉ်အလာတွေကို မပစ်ပယ်ခဲ့တဲ့ ခေတ်နှင့်အညီ ထက်ကြပ်လိုက်ပါစေတဲ့ တေးသီချင်း၊ တေးဂီတများကို ရေးစပ်ဖွဲ့စည်းပေးခဲ့တယ်။

**ကမ္ဘာ့ဂီတဖြစ်ရေးစိတ်ကူး**

ငယ်စဉ်ကတည်းက လေးစားလိုက်နာနည်းယူခဲ့တဲ့ ဂီတပညာရှင်ကြီးများဖြစ်တဲ့ စောင်းဆရာကြီး ဒေဝဣန္ဒာ မောင်မောင်ကြီးနှင့် နေမျိုးဗလကျော်သူ၊ ရွာစားကြီး စိန်ဗေဒါတို့ရဲ့ ဂီတအဆီအနှစ်များကို နှလုံးသားထဲ စွဲနှစ်မှတ်ယူကာ သီချင်းဂီတများ ရေးစပ်သီဖွဲ့ခဲ့တာမို့ မြို့မငြိမ်းရဲ့ သီချင်းများမှာ ခံ့ညားယဉ်ကျေးတဲ့ ဂန္ထဝင်ဂီတဟန်တွေလည်း ပါဝင်ခဲ့ပါတယ်။ ဒီအခြေခံပေါ်မှာ မျှော်လင့်ရည်ရွယ်တဲ့ "ကမ္ဘာ့ဂီတ" ဖြစ်ရေးစိတ်ကူးကြောင့် အတွေးသစ်၊ အဖွဲ့အနွဲ့သစ်များနှင့် "နှစ်ဖက်လှ" ဖြစ်နေတာဟာ မြို့မငြိမ်းရဲ့ ထူးခြားချက်များပါပဲ။ ဒါကြောင့်လည်း ဒီကနေ့အထိ နှစ်ကာလယန္တရားကို ကျော်ဖြတ်ပြီး မြို့မငြိမ်းက ဆန်းသစ် ခိုင်မာနေဆဲပါ။

အလင်္ကာကျော်စွာ မြို့မငြိမ်း ထုဆစ်သွန်းလောင်း ပုံဖော်ခိုင်မာစေခဲ့တဲ့ သက်တော်ရှည် မြို့မတူရိယာအသင်းက သက်တမ်း ၉၂ နှစ်ကာလတစ်လျှောက်လုံး နုပျိုစဉ်မှသည် ရင့်ကျက်သည်ထိ သီဆိုတီးမှုတ်ခဲ့မှု၊ ဂီတဖွဲ့စည်းမှုများနှင့် သီချင်းဂီတများကို တင်ဆက်ခြင်းနှင့် ရောင့်ရဲမနေဘဲ မြို့မငြိမ်း ကိုယ်တိုင်က ရည်ရွယ်ချက်ကြီးကြီးနှင့် မျှော်လင့် ပုံဖော်လိုသည့် "ကမ္ဘာ့ဂီတ" ပုံစံဖြစ်တဲ့ ဩဂက်စတြာ သံစုံတီးဝိုင်းကြီး ဖြစ်ထွန်းရေးကိုလည်း ဦးတည်ဆောင်ရွက် ကြိုးပမ်းကြရပါမယ်။

**ကမ္ဘာသိ၊ ကမ္ဘာကြည့်ဂီတ**

တကယ်တော့ အလင်္ကာကျော်စွာ ဆရာမြို့မငြိမ်းဟာ ညှော့ခံသီချင်း၊ အချစ်သီချင်း၊ ရုပ်ရှင်သီချင်း၊ အငြိမ့်သီချင်း၊ ဓာတ်ပြားသီချင်းတွေ ရေးစပ်ခဲ့တယ်ဆိုငြား သီချင်းစပ်ခြင်း၊ ရေးခြင်းဆိုတဲ့အလုပ်ဟာ ဆရာမြို့မငြိမ်း ဆောင်ရွက်နေတဲ့ "ဂီတအလုပ်" မှာ ကျွဲကူးရေပါ ပါဝင်လာတဲ့ ကဏ္ဍတစ်ခုသာ ဖြစ်ပါတယ်။ ဆရာမြို့မငြိမ်း ရည်မှန်းတာက မြန်မာ့ဂီတမှသည် ကမ္ဘာ့ဂီတအဆင့်ပါ။ မြန်မာ့ဂီတကို အခြေခံပြီး ကမ္ဘာ့အဆင့်မီ သံစုံတီးဝိုင်းကြီးနှင့် "ကမ္ဘာသိ၊ ကမ္ဘာကြည့်" ဂီတဖြစ်ရေးပါ။ ဒါကြောင့် ဆရာ့လက်နှင့် ထုဆစ်ခဲ့တဲ့ မန္တလေးမြို့မတူရိယာအသင်းကြီးအတွက် ရေးစပ်ပေးခဲ့တဲ့ သီချင်းတိုင်း၊ ဂီတတိုင်းဟာ ဒီရည်ရွယ်ချက်များအတွက် ဒီမဏ္ဍိုင်ကြီးအတွက် စုဆောင်းခဲ့တဲ့ အစိတ်အပိုင်းတွေ၊ အုတ်ချပ်တွေ၊ ကျောက်စိုင်ကျောက်သားတွေချည်းပါပဲ။

၁၉၂၅ ခုနှစ်မှာ သန္ဓေတည်ပြီး ၁၉၂၈ ခုနှစ်မှာ စနစ်ကျသော ရည်ရွယ်ချက်များ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့် ဖွဲ့စည်းခဲ့တဲ့ မြို့မတူရိယာအသင်းကြီးကို ဂီတနှင့် ပုံဖော်ထုဆစ်ခဲ့တဲ့ မြို့မငြိမ်းကွယ်လွန်ပြီးနောက် ဦးဘသိန်း၊ ဦးဘိုခင်၊ မြို့မကိုပေါ၊ ဦးရွှန်းမြိုင်မှသည် "မြို့မ ဦးရဲထွေးတို့အထိ မြို့မထီးချက်စောင့် ဂီတမှူးများက "မြို့မ" ရဲ့ ရည်ရွယ်ချက်ကို တတ်စွမ်းသရွေ့ ပုံဖော်ခဲ့ကြရာမှာ ဘယ်သူက ဘယ်လောက် စွမ်းဆောင်နိုင်ခဲ့သလဲဆိုတာ မြို့မသမိုင်းကို ပြန်လှန်ကြည့်ရင် သိသာထင်ရှား လှပါတယ်။

တကယ်တော့ "မြို့မငြိမ်း"ဆိုတာ "မြို့မ" နှင့် "ငြိမ်း" က ဒင်္ဂါးပြားရဲ့ ခေါင်းနှင့်ပန်းပမာ တစ်သားတည်းဖြစ်ခဲ့တာမို့ မြို့မအတွက် သီချင်းဂီတအရေးအတွက် အများဆုံး၊ အထိရောက်ဆုံး၊ ဂီတဩဝါဒ၊ ဂီတအဆုံးအမတွေကို "မိမိအသက်ကိုပင် အဆုံးအစီရင်ခံပြီး နမူနာပြပေးအပ်ခဲ့တယ်"ဆိုတာကို မြို့မအသင်းသားတိုင်းက လေးနက်စွာ ခံစားဂါရဝပြု ဦးညွှတ်ကြရပါမယ်။

**မြို့မငြိမ်း အသက်စွန့် ခေါင်းအပြားခံ လမ်းပြခဲ့တဲ့ ဂီတအလုပ်တွေ**

အခု မြို့မတူရိယာအသင်းကြီးက မြို့မငြိမ်း အသက်စွန့် ခေါင်းအပြားခံ လမ်းပြခဲ့တဲ့ ဂီတအလုပ်တွေ ဘယ်လောက်ကျေးဇူးဆပ်အကောင်အထည်ဖော်နိုင်ခဲ့ပြီးပြီလဲ။ ဒါမှမဟုတ် မြို့မတူရိယာအသင်းကြီးက မြို့မငြိမ်းတို့ ဦးဆောင်ချမှတ်ပြီး ပညာအမွေခံ တပည့်တပန်းတွေ အစဉ်အဆက် အဆင်းရဲအငတ်ပြတ်ခံ လိုက်နာကျင့်ကြံခဲ့ကြတဲ့ အသင်းရဲ့ မွန်မြတ်တဲ့ ရည်ရွယ်ချက်နဲ့ အစဉ်အလာကောင်းတွေကို ဥပေက္ခာပြု ဖျက်ဆီး၊ ထုတ်ပယ်၊ ထင်ရာစိုင်းဆိုတဲ့ ပညာမဲ့ အလုပ်တွေ ဘယ်လောက် လုပ်နေကြပြီလဲ။ မြို့မငြိမ်းတို့ ဦးဆောင်ထူထောင်မှုအပေါ် မျိုးဆက်နဲ့ အစဉ်အလာရှိသော ဂီတပညာရှင်တွေက ဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းနဲ့အညီ ပခုံးပြောင်း လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြတဲ့ သက်တော်ရှည် ဂီတအသင်းကြီးကို မျိုးဆက်မဟုတ်၊ အစဉ်အလာမရှိ၊ ဂီတပညာ စိုးစဉ်းမျှမတတ်သူတွေက အာဏာယူအပိုင်စီးပြီး မြို့မငြိမ်းအပါအဝင် မြို့မကို ဦးဆောင်သူတွေရဲ့ ဂီတအလုပ်တွေကို ဘယ်လောက် စော်ကား ကျေးဇူးကန်းခဲ့ကြပြီလဲ။

တကယ်တော့ မြို့မဆိုတာ မြို့တစ်မြို့က ဂီတအသင်း တစ်သင်းမို့ တိုင်းရေးပြည်ရာမဟုတ်လို့ အရေးမပါပါဘူးလို့ တာဝန်ရှိသူတွေက မျက်နှာလွှဲနေတာကလည်း လမ်းလွဲတိမ်းချော်ခြင်းတစ်ခုပါပဲ။ လွန်ခဲ့တဲ့ ၁၈ နှစ်ဝန်းကျင်ကာလက အခုလို အသွင်ထပ်တူကိစ္စမျိုး မြို့မမှာ ဖြစ်ခဲ့ဖူးပါတယ်။ ဒါပေမယ့် တာဝန်ရှိသူတွေက သိသိချင်း နှစ်ဖက်ကြားနာပြီး တည့်မတ်ဆုံးဖြတ်ပေးခဲ့ဖူးတာ အမှတ်ရမိပါရဲ့။

အစဉ်အလာနဲ့ သမိုင်းဆိုတာ တာဝန်ယူ တာဝန်ခံရဲသူတွေဘက်မှာပဲ ထာဝစဉ်ရှိပါတယ်။

> "မြို့မငြိမ်း" ဆိုတာ "မြို့မ" နှင့် "ငြိမ်း" က ဒင်္ဂါးပြားရဲ့ ခေါင်းနှင့်ပန်းပမာ တစ်သားတည်းဖြစ်ခဲ့တာမို့ မြို့မအတွက် သီချင်းဂီတအရေးအတွက်အများဆုံး၊ အထိရောက်ဆုံး၊ ဂီတဩဝါဒ၊ ဂီတအဆုံးအမတွေကို "မိမိအသက်ကိုပင် အဆုံးအစီရင်ခံပြီး နမူနာပြပေးအပ်ခဲ့တယ်" ဆိုတာကို မြို့မအသင်းသားတိုင်းက လေးနက်စွာ ခံစားဂါရဝပြု . . .

U KYU FAMILY FLOUR MILLS

# ဦးကြူမိသားစုဂျုံစက် မှ

## ၂၀.၅.၂၀၁၈နေ့တွင် ဖွင့်လှစ်ခဲ့သည့် ကံစမ်းမဲပေါက်စဉ်များ

### ကျပ်သိန်း ၁၀၀ ဆုကြီး

C333464

### ကျပ်သိန်း ၅၀

A 163231

### ကျပ် ၂၅သိန်း ဆု

B 302990 G 765586

### ကျပ် ၅ သိန်း ဆု

F 624773 D 489888 D 494113 A 192918 B 272096
F 619413 D 428113 E 536172 G 797624 C 368753

### မော်တော်ဆိုင်ကယ် ဆု

C 325460 A 197576 E 536243
B 274171 H 820001 C 315833
F 681406 G 753903 H 896431
H 830428 B 257543 H 803997
B 309153 C 391181 G 700197

### ရွှေ ၁ ကျပ်သား ဆု

F 672021 B 227642 A 140143
H 855515 F 644625

### ရွှေ ၅ မူးသား ဆု

F 633241 B 264889 A 123160
B 218754 H 878053 B 264026
C 356046 D 456939 E 577815
C 312787

### ကျပ် ၃ သိန်း ဆု

E 604474 H 864971 B 224442 E 526722
A 155421 A 156474 A 206156 A 122170 D 464896 E 576860 G 751107 B 256733
B 248985 C 369775 D 434750 D 468199 E 574076 H 876537 E 515784 H 837859

### ကျပ် (၁) သိန်းဆု ကံထူးရှင်များ

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| A101553 | A165879 | B245321 | B299557 | C364709 | D439800 | D510080 | E561345 | F643906 | G702567 | G770044 | H857798 |
| A102276 | A170111 | B245487 | B300078 | C366394 | D442490 | D510601 | E564017 | F646782 | G702660 | G771589 | H858112 |
| A102660 | A172108 | B249381 | B300911 | C373130 | D442708 | E512031 | E565414 | F646987 | G706944 | G774400 | H858997 |
| A104035 | A173696 | B249409 | B304002 | C374406 | D443558 | E512109 | E565887 | F647772 | G709670 | G777139 | H859875 |
| A106787 | A174573 | B252247 | B305773 | C374866 | D445629 | E512154 | E568920 | F649201 | G709883 | G785414 | H860081 |
| A107813 | A175715 | B253148 | B307512 | C375989 | D445940 | E512374 | E570653 | F650061 | G710586 | G785656 | H861219 |
| A111069 | A176704 | B255615 | B308899 | C376235 | D446433 | E513919 | E572810 | F651995 | G712513 | G785868 | H862811 |
| A111321 | A178571 | B256514 | B308971 | C377386 | D446733 | E515048 | E573776 | F652832 | G714574 | G787081 | H863491 |
| A112003 | A179907 | B257982 | B309119 | C378813 | D447221 | E516938 | E574983 | F655660 | G714978 | G787841 | H865472 |
| A113121 | A182364 | B258235 | C312560 | C379205 | D449459 | E517337 | E576533 | F655778 | G715637 | G788698 | H867289 |
| A113801 | A189450 | B259554 | C314667 | C381921 | D452600 | E517760 | E577168 | F656545 | G715899 | G793286 | H869070 |
| A114569 | A189863 | B260731 | C317833 | C382426 | D452861 | E517807 | E578870 | F656981 | G719565 | G794008 | H871454 |
| A117575 | A192287 | B261009 | C318471 | C383126 | D453951 | E521330 | E583871 | F662890 | G722467 | G799933 | H871649 |
| A122746 | A194157 | B262484 | C318607 | C384891 | D455537 | E521741 | E588186 | F662969 | G724429 | H801411 | H875900 |
| A125709 | A198142 | B264692 | C320246 | C387338 | D456119 | E521794 | E588259 | F663287 | G724858 | H801530 | H880498 |
| A126827 | A198313 | B266075 | C322811 | C387695 | D462723 | E523008 | E588289 | F664294 | G725786 | H809611 | H882410 |
| A128279 | A201599 | B268049 | C324510 | C391741 | D462734 | E523616 | E588719 | F666260 | G727342 | H812139 | H885062 |
| A128956 | A202478 | B268193 | C324793 | C398762 | D462973 | E524644 | E591502 | F666915 | G730258 | H814187 | H887629 |
| A131162 | A205023 | B269570 | C328960 | C399875 | D463279 | E524802 | E592744 | F668088 | G731811 | H816836 | H889221 |
| A135979 | A208463 | B269907 | C329315 | C401160 | D463518 | E525122 | E593113 | F669006 | G734811 | H819031 | H891538 |
| A142156 | A208553 | B269984 | C329392 | C404079 | D465210 | E528548 | E595175 | F669195 | G735547 | H824445 | H892255 |
| A142803 | A208788 | B270630 | C330945 | C404135 | D466136 | E530280 | E600484 | F669664 | G737568 | H825237 | H892521 |
| A144870 | A210319 | B270759 | C331914 | C406647 | D466671 | E532418 | E601852 | F672141 | G741253 | H825547 | H894286 |
| A145758 | B213316 | B270837 | C332726 | C408638 | D467149 | E533813 | E604131 | F674977 | G741850 | H825802 | H895889 |
| A145971 | B213317 | B274984 | C337813 | C409424 | D471531 | E538909 | E604177 | F675924 | G742858 | H829485 | H898701 |
| A146588 | B213425 | B275353 | C339682 | C410881 | D477999 | E541742 | E608519 | F676018 | G745060 | H829690 | H899864 |
| A147851 | B213952 | B275709 | C344117 | C411092 | D481488 | E542239 | F611128 | F676573 | G746345 | H830119 | H899973 |
| A149134 | B216291 | B275772 | C347702 | D413272 | D484142 | E543176 | F612159 | F678789 | G747230 | H831163 | |
| A149779 | B216633 | B276004 | C348816 | D414938 | D484546 | E544804 | F614670 | F679383 | G750734 | H832768 | |
| A150657 | B218164 | B277100 | C348959 | D415578 | D486589 | E547816 | F620603 | F681608 | G755748 | H833212 | |
| A152799 | B219221 | B278278 | C350342 | D415600 | D489450 | E551371 | F620718 | F684731 | G756221 | H835750 | |
| A153292 | B219631 | B281468 | C350786 | D415601 | D489753 | E552315 | F622584 | F684961 | G758388 | H838726 | |
| A153485 | B221250 | B281670 | C351536 | D415995 | D493903 | E552708 | F623793 | F684963 | G760230 | H841175 | |
| A154494 | B223752 | B282145 | C354508 | D421438 | D494138 | E555309 | F626437 | F690369 | G760402 | H841766 | |
| A156910 | B228541 | B283917 | C356738 | D421584 | D496658 | E555357 | F628444 | F692936 | G760536 | H844569 | |
| A157270 | B229080 | B284394 | C357296 | D426030 | D499276 | E556767 | F629969 | F693108 | G762062 | H848442 | |
| A157698 | B233978 | B285396 | C357610 | D430679 | D499896 | E556813 | F631507 | F693372 | G763402 | H850385 | |
| A158415 | B237168 | B287138 | C359539 | D430746 | D500370 | E557152 | F632276 | F695597 | G763939 | H850844 | |
| A160027 | B239538 | B288011 | C361731 | D431153 | D504636 | E558153 | F633240 | F695741 | G767470 | H851406 | |
| A160834 | B239883 | B288784 | C362361 | D433172 | D506597 | E558932 | F636124 | F695905 | G767601 | H852227 | |
| A161393 | B241067 | B289088 | C362573 | D433283 | D506809 | E559004 | F636238 | F696582 | G769194 | H852602 | |
| A162656 | B243424 | B294140 | C362779 | D434641 | D507104 | E559212 | F636933 | F697323 | G769667 | H852711 | |
| A165476 | B244210 | B297660 | C364256 | D435314 | D507300 | E559297 | F638292 | F697993 | G769846 | H856121 | |

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းမြင့်

## အသက် (၉၄) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်/ အနောက်ရပ်ကွက်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၉)နေ [ဦးရန်နောင်-ဒေါ်စော (မငေးထိန်ကုန်း)]တို့၏သမီး၊(သမာဓိမြို့ဝန် ဦးတင်ဦး)၏ဇနီး၊ (ဒေါ်တင်မိုးဇ-စာရေးဆရာမ မိုးငြိမ်းဇ)၊ ဦးအောင်သိမ်း(စာရေးဆရာ ကောင်းသာ)-ဒေါ်တင်တင်စော၊ ဒေါ်ဌေးဌေး (အထက်တန်းပြ၊ ထ-၄၊ စမ်းချောင်း-ငြိမ်း)၊ (ဒေါ်ခင်အေးဆွေ)၊ (ဒေါ်မြင့်မြင့်ဦး)၊ ဦးသန်းအောင်-ဒေါ်သီတာမြင့်၊ ဦးဝင်းနိုင်ဦး (E.E OCEAN TANKER)-ဒေါ်သီတာသွင်(သစ်လုပ်ငန်း-ငြိမ်း)၏ချစ်လှစွာသောမိခင်ကြီး၊ ကိုအောင်သူရ (VIDEO EDITOR-MyME)၊ ကိုလင်းသူအောင် (3.E NORSTAR)-ဒေါ်ပွင့်ဖြူခိုင်၊ မရည်မွန်ဦး(Mechatronics Engineer S'pore) တို့၏အဘွား၊ မသုနဒီအောင်(NELC)၏ ဘွားဘွားကြီးသည် ၂၀-၅-၂၀၁၈ (တနင်္လာနေ့) ည ၁၀း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## အလွှာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

**အလ်ဟာဂျ်ဦးလှရွှေ (စေတနာ)**

**ဟိုတယ်နှင့်ခရီး(ငြိမ်း)**

**အသက်(၉၁)နှစ်**

**နာယက**

**အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်၏ နာယကကြီး အလ်ဟာဂျ်ဦးလှရွှေ(စေတနာ) ဟိုတယ်နှင့်ခရီး(ငြိမ်း)သည် ၁၉-၅-၂၀၁၈ရက်(စနေနေ့)တွင် အလွှာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗဟိုအမှုဆောင်အဖွဲ့**

**အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဟာဂျီမဒေါ်နူရာဂျန်ဘီ(ခ)ဒေါ်မြင့်မြင့်ဝင်း

**ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)၊ ရွှေနေချုပ်ရုံး၊ အောင်ဆန်း(၆)**

**အသက် (၇၀)**

မြန်မာနိုင်ငံ အငြိမ်းစားဥပဒေအရာရှိများ အသင်းဝင်၊ ဟာဂျီဦးဇော်ဝင်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ တရားရုံးချုပ်)၏ဇနီး ဒေါ်မြင့်မြင့်ဝင်းသည် ၂၀-၅-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**မြန်မာနိုင်ငံအငြိမ်းစားဥပဒေအရာရှိများအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဟာဂျီမဒေါ်နူရာဂျန်ဘီ(ခ)ဒေါ်မြင့်မြင့်ဝင်း

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)ရွှေနေချုပ်ရုံး၊ အောင်ဆန်း(၆)**

**အသက်(၇၀)**

ဟာဂျီ ဦးဇော်ဝင်း(ညွှန်ကြားရေးမှူး-ငြိမ်း)တရားရုံးချုပ်၏ဇနီး ဒေါ်မြင့်မြင့်ဝင်း အသက်(၇၀)သည် ၂၀-၅-၂၀၁၈ ရက် မွန်းလွဲ ၁၂း၅၇ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဟာဂျီဦးမောင်မောင်(ဘဏ်)၊ ဟာဂျီမဒေါ်ခင်နှင်းရည်**

**တရားလွှတ်တော်ရှေ့နေများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဟာဂျီမဒေါ်မြင့်မြင့်ဝင်း

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ရွှေနေချုပ်ရုံး**

**အသက် (၇၀)**

ဟာဂျီဦးဇော်ဝင်း [ညွှန်ကြားရေးမှူး-ငြိမ်း၊ တရားရုံးချုပ်/ဥက္ကဋ္ဌ၊ ကမန်အမျိုးသားတိုးတက်ရေးပါတီ(ဗဟို) ရန်ကုန်မြို့]၏ဇနီး ဟာဂျီမဒေါ်မြင့်မြင့်ဝင်း အသက်(၇၀)သည် ၂၀-၅-၂၀၁၈ရက်နေ့ မွန်းလွဲ ၁၂း၅၇ နာရီတွင် အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကမန်အမျိုးသား တိုးတက်ရေးပါတီ (ဗဟို)**

**စစ်တွေခရိုင်ကမန်တိုင်းရင်းသားသာရေး/နာရေး/**

**လူမှုရေးအသင်း (ရန်ကုန်)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## မောင်မောင်မျိုးမင်းသန့် (တပ်မြေ)

**အသက် (၄၃)နှစ်**

Young Investment Group Co., Ltd မှ ဒေါ်ကျော့ကျော့မွန် (AGM of Admin & HR)၏ ခင်ပွန်းဖြစ်သူ ဦးမောင်မောင်မျိုးမင်းသန့်သည် ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၅း၁၅ နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Young Investment Group Co., Ltd**

**မိသားစု**

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

## ဦးအင်ကျန်(မြိတ်) (၉၅)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ (ဘီ)လမ်း၊ အမှတ်(၃၄)နေ ဒေါ်ကြီးဝေ၏ ခင်ပွန်း၊ မြိတ်အသင်းအမှုဆောင် ဦးအင်မျိုး-ဒေါ်ဝင်းဝင်းကြည်တို့၏ ဖခင်သည် ၁၉-၅-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

အမှုဆောင်အဖွဲ့

---

## ဦးညွန့်မောင်(ခ)ချင်ချန်တိတ်

## အသက် (၉၁) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၁၄)နေ (ဦးပုဝါး-ဒေါ်ဖွားမြင့်)တို့၏သားသမက်၊ လမ်းမတော်မြို့နယ်၊ ကိုင်းတန်းလမ်း၊ အမှတ်(၃၆)နေ (ဒေါ်စောဝက်)၏ခင်ပွန်း၊ ဦးတင်ထွန်း-(ဒေါ်ရီရီခင်)၊ (ဦးကျော်ညွန့်)-ဒေါ်အေးအေး၊ (ဦးအေးကြိုင်)-ဒေါ်နွယ်တင်၊ ဦးစံချိန်း-ဒေါ်သက်သက်မာ၊ ဦးလှဝင်း-ဒေါ်လှလှခိုင်၊ ဦးတင်စိုး-(ဒေါ်စန်းစန်းကြူ)၊ (ဦးမျိုးဇော်ထက်)-ဒေါ်အေးအေးမြင့်၊ ဦးမြင့်အောင်-ဒေါ်အေးအေးသင်းတို့၏ အစ်ကိုကြီးသည် ၁၉-၅-၂၀၁၈ ရက် မွန်းလွဲ ၁၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းမြှုပ်နှံမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမများ

---

## ဦးမျိုးဝင်း

## အသက် (၆၂) နှစ်

ရန်ကုန်မြို့နေ (ဦးစိန်ထွန်း-ဒေါ်ခင်လှိုင်)တို့၏သားငယ်၊ (ဦးချစ်လှိုင်)-ဒေါ်ကြင်ရွှေတို့၏သားသမက်၊ (ဦးကျော်မွေး)-ဒေါ်ဝင်းဝင်းကြည်တို့၏မောင်၊ ဒေါ်ကြူကြူသိန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇာနည်မျိုး-ဒေါ်မေသူသူမြင့်အောင်၊ ဦးကျော်သူ-ဒေါ်အေးအေးမျိုးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးသုံးယောက်တို့၏အဘိုးသည် ၂၁-၅-၂၀၁၈ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် နေပြည်တော်၊ တိုက်အမှတ်(၇၅၆)၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် နေပြည်တော်၊ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ချစ်ချစ်ဇော်

## အသက် (၃၃) နှစ်

**LL.B, D.B.L, D.I.L, DLP၊ တရားလွှတ်တော်ရှေ့နေ**

ရန်ကုန်မြို့နေ ဟသ်ာတဦးခင်ဇော်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်မြဝင်းတို့၏သမီးလတ်၊ ကသာမြို့နေ (ဦးတင်ထွန်း)-ဒေါ်သန်းသန်းကြည်(အထက်တန်းပြ-ငြိမ်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ဗိုလ်မင်းရောင်အိမ်ရာ၊ တိုက်(B/14)၊ အခန်း(၃၀၁)နေ ဦးနဒီထွန်း(ခ)ထက်နန္ဒအောင်(ရွှေဝါမြေကုမ္ပဏီလီမိတက်၊ လက်ထောက်မန်နေဂျာ)၏ဇနီး၊ ဦးနေလ-ဒေါ်ခင်ယုယုဇော်တို့၏ညီမ၊ ဒေါ်ခင်သက်သက်ဇော် (အထက်တန်းရှေ့နေ)၏အစ်မ ဒေါ်ခင်ချစ်ချစ်ဇော်(တရားလွှတ်တော်ရှေ့နေ)သည် ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၈ (စနေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

**အလ်ဟာဂျ်ဦးလှရွှေ (စေတနာ)**

**ဟိုတယ်နှင့်ခရီး(ငြိမ်း)**

**အသက်(၉၁)နှစ်**

**နာယက**

**အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစ္စလာမ်သာသနာရေးရာကောင်စီဌာနချုပ်၏ နာယကကြီး အလ်ဟာဂျ်ဦးလှရွှေ(စေတနာ) ဟိုတယ်နှင့်ခရီး(ငြိမ်း)သည် ၁၉-၅-၂၀၁၈ရက်(စနေနေ့)တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**

**အစ္စလာမ်သာသနာရေးရာကောင်စီ**

**ရန်ကုန်တိုင်းဒေသကြီး**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဟာဂျီမဒေါ်နူရာဂျန်ဘီ(ခ)ဒေါ်မြင့်မြင့်ဝင်း

**အသက်(၇၀)**

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ရွှေနေချုပ်ရုံး**

ခင်မင်ရသော ဒေါ်မြင့်မြင့်ဝင်း သည် ၂၀-၅-၂၀၁၈ ရက် (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သင်တန်းဆင်းသူငယ်ချင်းများ**

**ဗဟိုဝန်ထမ်းတက္ကသိုလ်(အောင်ဆန်း-၆)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဟာဂျီမဒေါ်နူရာဂျန်ဘီ(ခ)ဒေါ်မြင့်မြင့်ဝင်း

**ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ ရွှေနေချုပ်ရုံး၊ အောင်ဆန်း(၆)**

**ဘဏ္ဍာရေးမှူး၊ (မ. အ. ဖ)ဌာနချုပ်**

**အသက် (၇၀)**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်(၂၄၇/၂၄၉)၊ (၉-အေ)နေ (ဦးဘိုနီ)-ဒေါ်တင်မော်တို့၏သမီး၊ ဟာဂျီဦးဇော်ဝင်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ တရားရုံးချုပ်)၏ဇနီး ဟာဂျီမဒေါ်နူရာဂျန်ဘီ(ခ) ဒေါ်မြင့်မြင့်ဝင်း ဘဏ္ဍာရေးမှူး၊ (မ. အ. ဖ)ဌာနချုပ်သည် ၂၀-၅-၂၀၁၈ ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

**မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်**

**(မ. အ. ဖ)ဌာနချုပ်**

---

# အနိစ္စ

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

## ဦးဟန်စိုး(မြိတ်)

**(မြိတ်အသင်းအဝေးရောက်အမှုဆောင်အဖွဲ့နာယကဟောင်း)**

**အသင်းဝင်အမှတ်(၄၇၀)**

## အသက် (၈၇)နှစ်

မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ဗဟိုလမ်း၊ အမှတ်(၄၆)နေ (ဒေါ်ခင်ကြည်)၏ ခင်ပွန်း၊ ဒေါ်ခင်စိုးဝေ (မြိတ်အသင်းအဝေးရောက်အမှုဆောင် အဖွဲ့ဝင်)၏ ဖခင်သည် ၂၀-၅-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီ၌ မြိတ်မြို့ ကလွင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

---

ဘုရား၊ ရဟန်း၊ ဒါယိကာမကြီး

## ဒေါ်တင်ဟန်(ခ)ဒေါ်ဖွား

**အောင်လံမြို့၊ ဇိမ့်ကျေးရွာ**

## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၃၃၀/ခ)၊ ရတနာပုံ (၄)လမ်း၊ (၁၀)မြောက်ရပ်ကွက်နေ (ဦးသာအေး)၏ဇနီး၊ ဦးမျိုးချစ်-ဒေါ်မူမူမြင့်တို့၏ အစ်မ၊ ဦးလှဝေ-ဒေါ်ခိုင်ခိုင်ရီ၊ ဦးမျိုးလွင်၊ ဦးမြင့်လွင်၊ ဒေါ်မြတ်ကြူကြူ၊ ဦးသိန်းထိုက်-ဒေါ်လှလှဝင်း၊ ဦးအောင်ကျော်ဌေး-ဒေါ်ခင်မျိုးကြည်၊ ဦးအောင်နေလင်း-ဒေါ်ခင်အေးသွဲ့၊ ဒေါ်ဇာနည်ထွေးတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘွားသည် ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၈(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၈ (စနေနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယကာကြီး**

## ဦးသန်းထိုက် (၈၄)နှစ်

**(အရာခံဗိုလ်-ငြိမ်း၊ က. ပ. စ-၃)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ မြသီရိလမ်း၊ အမှတ်(၈)နေ ဒေါ်မြင့်မြင့်စိန်၏ချစ်လှစွာသောခင်ပွန်း၊ ကိုမိုးထိုက်အောင်၊ (ကိုစိုးထိုက်အောင်)၊ ကိုခင်လှိုင်-မခင်မျိုးအေး၊ မောင်မင်းရွှေထိုက်-မအေးအေးသန့်၊ မောင်အေးချမ်းထိုက်-မချောစုဝင်းတို့၏ဖခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၈ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်ခင်လှ (၆၉)နှစ်

**(ကမ်းထောင်းကြီးမြို့)**

ရခိုင်ပြည်နယ်၊ ကမ်းထောင်းကြီးမြို့နေ (ဦးအောင်သာထွန်း-ဒေါ်နုစိန်ဦး)တို့၏သမီး၊ ဦးမောင်သက်စော၏ဇနီး၊ ဦးကျော်သက်မိုး-ဒေါ်ရီရီသန်း၊ (ဦးကျော်သက်လွင်)-ဒေါ်ခင်နွယ်စိုး၊ ဦးကျော်သက်စိုးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ (ဦးဟန်သိန်း)၊ (ဦးဟန်လုံး)တို့၏ညီမ၊ ဒေါ်ခင်မြရီ၊ ဒေါ်ခင်ခင်ကြည်၊ ဦးမြင့်ဟန်တို့၏အစ်မကြီး၊ မြေးလေးယောက်တို့၏ အဘောင်ဒေါ်ခင်ခင်လှသည် ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) ည ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ၁/၁၂၊ နိဗ္ဗာန်ကျောင်းလမ်း၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်သန်း

**ည/၂၊ အ. မ. က-၁၆၊ ငြိမ်း**

## အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးဘမောင်-ဒေါ်စောချစ်)တို့၏သား၊ (ဦးစိန်ဖေ-ဒေါ်မမလေး)တို့၏သားသမက်၊ (ဦးမောင်စိန်)-ဒေါ်သန်းမြင့်တို့၏မောင်၊ (ဦးလှစိန်)-ဒေါ်တင်နုတို့၏ အစ်ကို၊ ဒေါ်နွဲ့နွဲ့၏ခင်ပွန်း၊ ဦးအောင်ဌေး-ဒေါ်ခင်သန်းဦး၊ ဦးခင်မောင်လတ် (တကောင်း သစ္စာကုမ္ပဏီ)-ဒေါ်စုစုဌေး၊ ဒေါ်စောကလျာသန်း၊ (ဦးဇော်ဝင်းကျော်)-ဒေါ်စောဥမ္မာသန်း (ဆ/မ စာရင်းကိုင်)၊ (ဦးကျော်မင်းသန်း)-ဒေါ်သန္တာ၊ ဦးဇော်လင်းသန်း(C/E Paragon Construction)-ဒေါ်မြတ်သန္တာလွင် (Prime Residence Co., Ltd)၊ ဦးချစ်ကိုကို-ဒေါ်တင်တင်အောင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ တူ/တူမ ကိုးယောက်တို့၏ဦးလေး၊ မြေး ၁၂ ယောက်၊ မြစ် ၁၁ ယောက်တို့၏အဘိုးသည် ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၈ (စနေနေ့) နံနက်တွင် အခန်း (၁၅)၊ အလက (၃)ကျောင်းရှေ့၊ ခေမာသီလမ်းမကြီး၊ (၄)ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြတ်သန်း

## အသက် (၇၈)နှစ်

ကရင်ပြည်နယ်၊ မိဂလံကျေးရွာနေ (ဦးဂန္ဓမာ-ဒေါ်လှိုင်)တို့၏ သမီး၊ မော်လမြိုင်မြို့နေ (ဦးကြီးမောင်-ဒေါ်အုံးမျှင်)တို့၏ သမီးချွေးမ၊ တောင်ဥက္ကလာမြို့နယ်၊ အမှတ်(၄)ဝိုင်း၊ ဓမ္မရောင်ခြည်သဲအင်းဂူကမ္မဋ္ဌာန်းကျောင်း ဆရာတော်ဦးပဏ္ဍဝံသ၏ ညီမ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ဇောတိကအိမ်ရာ၊ တိုက်အမှတ်(B-1)၊ အခန်း(၀၀၂)နေ ဦးစိန်တင်၏ဇနီး၊ ဦးထွဏ်းမြင့်-ဒေါ်ကေသီသိန်း၊ ဦးမြင့်သိန်း-ဒေါ်သင်းသင်းကြူ၊ ဦးပဏ္ဍိတ၊ ဦးဝင်းထွန်း-ဒေါ်ခင်ခင်ဝင်း၊ ဦးသက်နိုင်ဦး-ဒေါ်အေးမြင့်ကြည်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မြေးငါးယောက်တို့၏အဘွား၊ ဒေါ်အေးအေးမော်၊ ဦးပညာဝံသတို့၏ အဒေါ်သည် ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၂၁ နာရီတွင် ရန်ကုန်မြို့၊ ပါရမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၈(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၈(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရွှေမြသာ (၆၄)နှစ်

**(စစ်တွေမြို့)**

ရန်ကုန်မြို့နေ (ဦးမောင်သာလှ)-ဒေါ်မသောင်းတို့၏သမီး၊ စစ်တွေမြို့နေ (ဦးဦးသာထွန်း-ဒေါ်သာနို့ဦး) တို့၏သမီးချွေးမ၊ ကျောက်တော်မြို့နေ ဦးမောင်ယောင်း၊ ဒေါ်မယောင်း၊ ရန်ကုန်မြို့နေ ဦးဦးလှဘော်တို့၏ ညီမ၊ ဒေါ်မြရီ၊ ဒေါ်မြစံ၊ ဦးမောင်လှသောင်းတို့၏အစ်မ၊ ထန်းတပင်မြို့၊ (၁)ရပ်ကွက်၊ အာသောကလမ်းနေ ဦးသာနို့အောင်၏ချစ်လှစွာသောဇနီး၊ သံတွဲမြို့နေ ဦးသိန်းစိုးမိုး-ဒေါ်နှင်း နှင်းဝေ (အထက်တန်းသူနာပြု)၊ ထန်းတပင်မြို့နေ ရဲအုပ်ဝင်းကြိုင်-ဒေါ်အေးအေးကျော့(ဒုဦးစီး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန)၊ ဦးသူရအောင်(မြေစာရင်း)- ဒေါ်မြမြသန်း၊ ဒုတပ်ကြပ်တင်ကိုကိုဦး (ထောက်ပို့တပ်)-ဒေါ်ခိုင်ခိုင်စိုး၊ ဒေါ်ခင်စုမော်(မြို့နယ်ထွေအုပ်)၊ ဒုတပ်ကြပ်ထွန်းထွန်းသော်(နရခ၊ နေပြည်တော်)-ဒေါ်မြတ်နိုးဝေသိန်း(လ-ခွဲ၊ ဘိန္ဓော)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏အဘောင်ရှင်သည် ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၉း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၅-၂၀၁၈ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထန်းတပင်မြို့သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဇင်တိုး(ခ)ဦးဆန်နီတိုး(ခ) Derek Tha Toe

## အသက် (၆၂) နှစ်

ရန်ကုန်မြို့နေ (ဦးသာတိုး)-ဒေါ်ကြည်မေတို့၏ ချစ်လှစွာသောသားလတ်၊ (ဦးစိန်လှ-ဒေါ်ခင်လှ)တို့၏သားသမက်၊ ဒေါ်မာလာစိန်လှ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်အောင်စံ(ခ) Billy၊ မအေးမြတ်ဆန်နီ(ခ)ဒုံဒုံတို့၏ဖခင်၊ ဦးထင်လင်း-ဒေါ်ညွန့်ညွန့်သန်း၊ ဦးဇော်ထွန်း-ဒေါ်ဟေမာတိုး၊ ဒေါ်မာလာတိုးတို့၏ညီ/မောင်၊ (ဦးရဲနီတိုး)၊ ဦးမိုက်ကယ်-ဒေါ်မီမီတိုးတို့၏ချစ်လှစွာသောအစ်ကို၊ ဦးနေမျိုးအောင်-ဒေါ်နှင်းဝင့်ဖြူ၊ ဦးPhillip Bur-ဒေါ်သင်းဖြူBur၊ ဒေါ်တာရာထင်လင်းတို့၏ဦးလေး၊ မောင်ကောင်းစစ်သွေး၊ မောင်အဂ္ဂသွေးအောင်တို့၏အဘိုးလေးသည် ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၉း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၅-၂၀၁၈ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်းသွယ်(၈)၊ တိုက်(၁၀၇)၊ အခန်း(၅)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ဇင်တိုး(ခ)ဆန်နီတိုး(ခ)Derek Tha Toe

## အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ (ဦးသာတိုး)-ဒေါ်ကြည်မေ တို့၏ ချစ်လှစွာသောသားလတ်၊ (ဦးစိန်လှ-ဒေါ်ခင်လှ)တို့၏ သားသမက်၊ ဒေါ်မာလာစိန်လှ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ထက်အောင်စံ(ခ)Billy၊ မအေးမြတ်ဆန်နီ(ခ)ဒုံဒုံတို့၏ ချစ်လှစွာသောဖခင်ကြီး၊ (ဦးကံညွန့်-ဒေါ်စန်းရှင်)၊ (ဦးမောင်မောင်ခင်)-ဒေါ်ခင်ညို၊ ဒေါက်တာသာမိုး-(ဒေါက်တာတင်တင်အေး)၊ (ဦးမောင်မောင်တင်-ဒေါ်ဆင့်)၊ (ဦးတင်အေး-ဒေါ်လှကြည်)၊ (ဦးမြင့်သိန်း-ဒေါ်ကြင်လှ)၊ ဦးတင်ထွေး-ဒေါ်စန်းစန်းမေ၊ (ဦးဝင်းအောင်)-ဒေါ်ချောချော၊ ဦးမောင်မောင်လေးတို့၏ ချစ်လှစွာသောတူသည် ၂၀-၅-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၉း၁၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း၊ မုခ်ဦး ဒါယိကာမကြီး

## ဒေါ်ချို(ခ)ဒေါ်ရီခွန်ဌေး(ခ)ဒေါ်တင်တင်လှ

## အသက်(၅၉)နှစ်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်၊ အကွက်(၁၅၉)၊ ၂၀×၂၂၊ ၈၃×၈၆ လမ်းကြား၊ အမှတ်(၅၀/စ)နေ ကိုအောင်ကျော်နိုင်-မဇင်ဇင်မြင့်ဝေ၊ ကိုဟန်ကျော်နိုင်-မသဇင်လှမျိုး၊ ကိုမိုးကျော်လှိုင်(ခ)ကိုဖြိုး၊ မအိဖြူလှိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မချိုးရတီနိုင်၊ မအိမ့်ချိုးဟန်တို့၏ ချစ်လှစွာသောအဘွား၊ ဦးဟုတ်လှိုင်၏ ချစ်လှစွာသောဇနီးသည် ၂၁-၅-၂၀၁၈ (တနင်္လာနေ့) နံနက် ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၁၈(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်ဖူကျင့်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ မေ ၁၆ ရက်မှ ၂၀ ရက်အထိ ခရီးစဉ်အတွင်း မြေလွတ်မြေရိုင်း ဧက ၅၀၀၀ ကျော် ပြန်လည်ပေးအပ်နိုင် ချင်းပြည်နယ်၏ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ခဲ့





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါး-ဂန့်ဂေါ လမ်းပေါ်တွင် တောင်ပြိုရှောင်ကွင်းလမ်းအဖြစ် တံတားတည်ဆောက်ရန်လျာထားသည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မေ ၂၁**

ချင်းပြည်နယ် ဟားခါးမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌဦးဇိုဘွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မေ ၁၉ ရက် ညပိုင်းတွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အရေးကြီးပါကြောင်း၊ ချင်းပြည်နယ်သည် အခြားသောပြည်နယ်နှင့် တိုင်းဒေသကြီးများထက် အစစအရာရာတွင် များစွာနောက်ကျနေပါကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်၏ လိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် နိုင်ငံတော်မှ အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိအနေဖြင့် ယခုနှစ်ထဲမှာပင် ပထမအကြိမ် ချင်းပြည်နယ်တောင်ပိုင်းသို့ သွားရောက်ခဲ့ပြီး ယခုမြောက်ပိုင်းသို့ လာရောက်ခြင်းဖြစ်ပါကြောင်း၊ မကြာမီနှစ်များအတွင်း ချင်းပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍသစ်အဖြစ် ဆူရ်ဘုန်(ဖလမ်း)လေဆိပ်သစ်ကိုဖွင့်လှစ်နိုင်ရန် စီမံကိန်းကို အကောင်အထည်ဖော်နေပြီဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးရေးစီမံကိန်းများတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို မြို့မိမြို့ဖ တစ်ဦးကတင်ပြရာ သက်ဆိုင်ရာကဏ္ဍအလိုက် ပံ့ပိုးဖြည့်ဆည်းပေးသွားမည့် အစီအစဉ်များကို ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် မေ ၂၀ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ ရှခင်းသာမျှော်စင်သို့ရောက်ရှိရာ တာဝန်ရှိသူများက မျှော်စင်တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေမှုနှင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❂

# ပြည်ပသတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့ စစ်တွေမြို့ IDP စခန်းသို့ သွားရောက်သတင်းယူ



**စစ်တွေ မေ ၂၁**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စရပ်များအပါအဝင် သိရှိလိုသည်များ မြေပြင်ကွင်းဆင်း သတင်းရယူမည့် ပြည်ပသတင်းမီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် ယနေ့ ညနေ ၄ နာရီ ၃၅ မိနစ်တွင် စစ်တွေလေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါသတင်းမီဒီယာအဖွဲ့သည် စစ်တွေမြို့ရှိ သက္ကယ်ပြင် IDP စခန်းသို့ ရောက်ရှိပြီး သတင်းရယူကြသည်။

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ❖

# တရုတ်နှင့် ခြေစမ်းပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း စတင်လေ့ကျင့်

**ရန်ကုန် မေ ၂၁**

မြန်မာ့လက်ရွေးစင်အသင်းသည် မေ ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားမည့် တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲအတွက် ယနေ့ညနေပိုင်းတွင် လေ့ကျင့်မှုစတင်ပြုလုပ်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၂ ဦးဖြင့် ဖွဲ့စည်းထားသော်လည်း ဒဏ်ရာပြဿနာကြောင့် ကစားသမားတစ်ဦး အပြောင်းအလဲဖြစ်ပေါ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၂ ဦးဖြင့် ဖွဲ့စည်းထားပြီး ယခင်ရွေးချယ်ထားသည့် ကစားသမားများအနက် ဘယ်နောက်ခံလူ နန္ဒကျော် (မကွေး)မှာ ဒဏ်ရာပြဿနာကြောင့် အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ပြီး မြန်မာအသင်းနည်းပြချုပ် အန်တွမ်မီဟေးသည် မြန်မာယူ-၂၁ အသင်းနောက်ခံလူ စိုးမိုးကျော် (အား/ကာသိပ္ပံ) အား အစားထိုးရွေးချယ်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် တရုတ်အသင်းနှင့် ခြေစမ်းပွဲအတွက် ရန်ကုန်မြို့၌ သုံးရက်၊ တရုတ်နိုင်ငံ၌ တစ်ရက်သာ လေ့ကျင့်ပြင်ဆင်ချိန်ရမည်ဖြစ်သည်။

တရုတ်ဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းနှင့် လိဒ်ယူနိုက်တက်အသင်း ခြေစမ်းပွဲပြီးမှ ခြေစမ်းပွဲကစားရန် ကမ်းလှမ်းခဲ့သောကြောင့်

**စာမျက်နှာ ၁၄ ကော်လံ ၅ သို့** ❍